www.burmeseclassic.com

# ကြည်နုခေတ်

မျက်ရည်မှတ်တမ်း

(အချစ်လုံးချင်းဝတ္ထုသစ်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မျက်ရည်မှတ်တမ်း

ကြည်နုခေတ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

"တစ်ခါတည်း ယူသွားလို့တော့မရဘူး ညီမလေး။ ဒီမှာ မြင်တဲ့အတိုင်းပဲ အရမ်းကိုအလုပ်များနေတာ"

"ဒါဆို memory stick က ပေးထားခဲ့ရမှာလား"

"အင်းပေါ့ . . . ညီမလေးရဲ့ ညီမလေးကိုယ်တိုင် မစောင့်နိုင်မှတော့ အဲဒါပေးထားခဲ့ပေါ့။ ပြင်ရမယ့်ပုံတွေလည်း အများကြီးပဲဟာ"

ရှိုနွယ့်စကားအဆုံး ကောင်မလေးရဲ့မျက်နှာက ရှုံ့မဲ့သွားသည်။ တခြား File တွေပါ ထည့်ထားပုံရသော သူမ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ memory stick ကလေးကို ဆိုင်မှာ စိတ်ချလက်ချထား ခဲ့ချင်ပုံမရပါ။ ပြင်မယ့်ပုံတွေကို ထုတ်ယူထားမည်ဆိုတော့ လည်း သဘောမကျ။ သူမမျက်စိရှေ့မှာ တစ်ပုံချင်း ပြင် တာ ဖျက်တာကလွဲပြီး အချိန်ရွေ့ဆိုင်းပြီး ပြန်လာရွေးနိုင်း တာကိုလည်း သဘောမတူတာမို့ ချိန္တယ် အတော်လေး အကျပ်ရိုက်နေမိ၏။

ထိုစဉ်မှာပဲ ဆိုင်အတွင်းခန်း မှန်တံခါးက ဖျတ်ခနဲ ပွင့်လာသည်။ အထဲမှအပြင်ကိုမြင်နိုင်ပေမယ့် အပြင်ကနေ အထဲကို မမြင်ရသော ထိုအခန်းထဲမှာ အချိန်ပြည့်နေရ သော ဝန်ထမ်းတစ်ယောက် အပြင်ထွက်လာလျှင် ဆိုင်ကို လာသော customer တွေသာမက ဝန်ထမ်းအချင်းချင်းပါ အထူးအဆန်း လှည့်ကြည့်ကြတာ အစဉ်အလာတစ်ခုလို ဖြစ်နေပေပြီ။

အထူးသဖြင့် ဤဆိုင်မှာ Photographer ဒီရေကို မြင်ဖူးသူတိုင်း နောက်တစ်ကြိမ် အခွင့်အရေးရလျှင် ခဏ တဖြုတ်ဖြစ်ဖြစ် ပြန်မြင်ချင်ကြသူတွေ အတော်များပါသည်။





ကေရီမှာ ဓာတ်ပုံလာရိုက်လျှင် ဒီရေမျက်နှာမြင်ရ တာတစ်ခုနဲ့တင် စိတ်ကျေနပ်ပါသည်ဆိုသော ကောင်မ လေးတွေမှာ ဒုနဲ့ဒေး။ တချို့ တချို့သော ကောင်မလေးတွေ ဆိုလျှင် ဒီရေကို လည်ပြန်သည်အထိ လိုက်ငေးကြသတဲ့။

အဲလောက်တောင် ဒီရေက ဆွဲဆောင်မှုရှိလေ သည်။ ချောသည်ဆိုရုံနှင့် မလုံလောက်သော ဒီရေ့မျက်နှာ က ယောက်ျားပီသပြီး မျက်စုံး၊ မျက်လုံး၊ နှာတံကအစ တစ်ခုချင်းစီမှာ ညှို့ဓာတ်တစ်မျိုးစီရှိသည်ဆိုလျှင် မမြင်ဘူး သူတွေက တင်စားပြောလွန်းသည်ဟု ထင်နိုင်ပါသည်။ တကယ်တော့ တစ်ဆင့်စကားနှင့် ဒီရေ ဘယ်လောက် ယောက်ျားပီသချောမောကြောင်း ပြောလျှင် မလုံလောက် နိုင်ပါ။

ခြောက်ပေတိတိရှိသော အရပ်အမြင့်နှင့် သင့် တင့်လိုက်ဖက်သော ခန္ဓာကိုယ်အချိုးအစား၊ ဝင်းဝါစိုပြည် သော အသားအရေက အတော်လေးဆုတောင်းကောင်းခဲ့ လို့သာ သူတစ်ပါးတွေထက် ပိုမိုပြည့်စုံနေခြင်း ဖြစ်ပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။

ဒီရေက ရုပ်ရည်တစ်ခုတည်း ပြည့်စုံချောမွေ့နေခြင်းတော့ မဟုတ်ပါ။ နီရဲပါးလွှာသည့် နှုတ်ခမ်းတစ်စုံကို အမြဲတင်းတင်းစေ့ထားပေမယ့် ဘယ်သူ့ကိုမဆို ရည်မွန်ဖော်ရွေစွာ ခေါ်ပြောဆက်ဆံတတ်ပြီး တကယ့်ကို အရည်အချင်းပြည့်ဝသည့် ဓာတ်ပုံသမားတစ်ယောက် ဖြစ်သည်။

ဓကာရီမှာ အတော်ဆုံး Photographer တစ်ယောက်ဖြစ်သလို သူကျင်လည်သည့်ပတ်ဝန်းကျင်မှာတော့ ဒီရေက မင်းသားတစ်ပါးပဲ ဖြစ်၏။

ယခု ဆိုင်ရှေ့ခန်းကိုထွက်လာသော ဓကာရီရဲ့ မင်းသားလေးဖြစ်သည့် ဒီရေပင်။

"ကျွန်တော် ဘာကူညီရမလဲခင်ဗျာ"

ပါးရိုးတစ်လျှောက် ကပိုကရိုဲဖြာကျနေသော ရွှေရောင်ဆံနွယ်ပျော့ပျော့တွေကို နားသယ်စပ်နောက် သိမ်းပို့ရင်း တီရှပ်အနက်ရောင်ကလေးနှင့် ထွက်လာသော ဒီရေကို ကြည့်ပြီး ချိုနွယ်ရှေ့မှာ ဂဏီဂဏှောင်လာကျနေသော





ကောင်မလေး ငေးခန့်ဖြစ်သွားသည်။

ဝဝိုးသ်ာသာရှိနေသည့် ရွှေရောင်ဆံပင်တွေကိုနောက်မှာ ဖြစ်သလို စုချည်ထားပေမယ့် ဖြူနုဝင်းသန့်နေသည့် ဒီရေ့ပုံစံကြောင့် ဖရိုဖရဲဖြစ်နေလည်း ကြည့်ကောင်းနေတာပင်။ စူးရဲတောက်ပနေသည့် အညိုရောင်မျက်ဝန်းလှဲ့လှဲ့တွေနှင့် ဖြောင့်စင်းချွန်မြနေသည့် နှာတံကော့ကော့လေးကြောင့် ဗမာတစ်ယောက်ဟု ပြောရခက်သည့် ဒီရေအသားအရေက ပန်းရောင်ခပ်သမ်းသမ်းဖြစ်ပြီး မွေးညှင်းကလေးတွေကအစ စိမ်းလှဲ့လှဲ့နှင့် ရွှေရောင်သမ်းနေတာတမင်ဖန်ဆင်းထားသလိုပင်။

"အပြင်သွားမလို့လား ဒီရေ"

"ဟုတ်ကဲ့။ CD ကုန်နေလို့ သွားဝယ်မလားလို့ဘာမှာမလို့လဲ"

"မမှာတော့ပါဘူး။ ဒီမှာ ဓာတ်ပုံနည်းနည်းပြင်ဖို့တဲ့အထဲမှာလည်း တစ်ယောက်မှ မအားကြဘူးထင်တယ်။ အဲဒါ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီရေက ကောင်မလေးထံ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း . . .

"ဒီက ညီမလေးလား"

"ဟုတ်ကဲ့"

"ပုံတွေထားခဲ့လိုက်လေ။ ညနေလောက်ဆိုရမှာပါ။ ကိုယ် ကိုယ်တိုင်ပြင်ထားပေးမယ်။ Stick ထားခဲ့ဖို့ မလိုပါဘူး။ ပြင်မယ့်ပုံတွေချည်းပဲ ထားခဲ့လိုက်ပေါ့ ရလား"

"ဟုတ်ကဲ့ . . . ရပါတယ်"

ချို့နွယ် မသိမသာ သက်ပြင်းချလိုက်မိသည်။ ဒီရေ ပြောကာမှ ချက်ချင်းခေါင်းညိတ် ဟုတ်ကဲ့ ဖြစ်သွားသည့် ကောင်မလေးကို ကြည့်ပြီး အံ့လည်းအံ့သြမိပါရဲ့။

သိပ်တော့လည်း အထူးအဆန်းမဟုတ်တော့ပါ။ ဂျီး(ကြေး)များသည့် Customer နှင့်ကြုံရတိုင်း ဒီရေက ဝင်ဖြေရှင်းပေးနေကျဖြစ်၏။ ယောက်ျား၊ မိန်းမ၊ လူကြီး လူငယ် မရွေး ဒီရေ အပြောအဆို ရုပ်ရည်အမူအရာကို မြင်ရကြားရတာနှင့် သဘောကျနှစ်ခြိုက်သွားတတ်တာ ဘယ်





လို ညှို့အားမျိုးကြောင့်လည်း မသိချေ။

ယခုလည်း သူများနှင့်မတူ (ပိုက်ဆံပေးတာချင်း အတူတူ) တစ်မူထူးချင်နေသည့် ကောင်မလေးခမျာ ဒီရေ အပြောတစ်ချက်နဲ့တင် ခေါင်းညိတ်လိုက်ရချေပြီ။

"အဲဒါဆို မချို့နွယ် သူပြင်မယ့်ပုံတွေ လက်ခံထားလိုက်နော်။ ကျွန်တော် ပြန်လာမှကြည့်မယ်"

စကားအဆုံး ဒီရေက တံခါးထောင့်ရှိ ပလတ်စတစ်ပုံးထဲမှာ ထောင်ထားသော ထီးတွေထဲက အပြာရောင်ထီးတစ်ချောင်းကို ဆွဲထုတ်ပြီး အပြင်ထွက်သွားသည်။ အပြင်မှာက မိုးလေးဖွဲဖွဲရွာနေတာမို့ ဆိုင်ထဲမှာ သူ အမြဲစီးနေကျ ကတ္တီပါခြေစွပ် ဖိနပ်ကလေးကို ချွတ်ခဲ့ပြီး ကွင်းထိုးသားရေဖိနပ်ထူထူကို စီးသွား၏။

ဖိနပ်အချွတ်မှာ လှစ်ခနဲမြင်လိုက်ရသည့် သူ့ခြေစုံ ဖြူဖြူပေါ်က မွေးညှင်းစိမ်းကလေးတွေကိုပါ တငေးတမော ကြီး လိုက်ကြည့်နေသော ကောင်မလေးကို ကြည့်ပြီး ချို့နွယ် မျက်ခုံးပင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူမရဲ့အခက်အခဲကို မကြာခဏ ဝင်ဖြေရှင်းပေးတတ်သည့် ဒီရေကို ကျေးဇူးအလွန်ပဲ တင်မိပါ၏။

ထိုကောင်မလေးထွက်သွားပြီး ခဏအကြာမှာ တော့ ဆိုင်ရှေ့တွင် ကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်က ဆင်းလာသူ ဘယ်သူဘယ်ဝါဆိုတာ မမြင်ရ သေးခင် အလွန်စူးရှပြင်းထန်သည့် ရေမွှေးနံ့က ဆိုင်တွင်း သို့ ဦးစွာရောက်လာတာမို့ ဧကရီ ဓာတ်ပုံတိုက်ပိုင်ရှင် ဒေါ် တင်လတ်ဝေမှန်း သိလိုက်၏။

တကယ်တော့ ဒေါ်တပ်ခေါ်ရလောက်အောင် သူမက အသက်သိပ်မကြီးသေးပါ။ သုံးဆယ့်ရှစ်ဆိုပေမယ့် အမြဲတမ်း စကတ်တွေ၊ ဘောင်းဘီတွေနှင့်သာ နေတတ် သော သူမပုံစံက အသက် အစိတ်ပြောလည်း ယုံချင်စရာ ကောင်းလောက်အောင် နုငယ်ပျို့မျစ်သေးသည်။

တစ်ပတ်တစ်ခါ Beauty Sloon သွားပြီး ပြင်စရာ မရှိလျှင် လက်သည်း ခြေသည်း ပုံဖော်၊ တစ်လတစ်ခါ





လောက် ဆံပင်အရောင်ပြောင်းတတ်သည့် ဒေါ်တင်လတ် ဝေကို တစ်ခါတွေ့ဖူးပြီး နောက်တစ်ခါ ထပ်တွေ့လျှင် မှတ် မိရန်မလွယ်ပါ။ နေပြောက်မထိုး၊ လေမတိုးပါဘဲ နေကာ မျက်မှန်ကို ဆယ့်နှစ်ရာသီတပ်တာလည်း သူမရဲ့ ကိုယ်ပိုင် စတိုင်(လ်)ပဲဖြစ်၏။

အရပ်က ငါးပေကျော်ရုံ ခပ်ပြတ်ပြတ်ကလေးမို့ လေးလက်မလောက် high heel ချွန်ချွန်ကိုလည်း မချွတ် တမ်းဝတ်တတ်သူပင်။

မျက်နှာကတော့ တရုတ်ကပြားမို့ ဖြူဖြူအစ်အစ် ကလေးနှင့် ကြည့်ရမဆိုးလှပေမယ့် အသက်အရွယ်က စကားပြောလာပြီမို့ make-up တွေ ဆေးဝါးတွေသုံးပြီး ဖုံးဖိ ထားသည့်ကြားမှ အရေးအကြောင်း အစက်အပြောက်တွေ က မသိမသာလေး ပေါ်နေပေပြီ။ အစားအသောက်ကို တော့ မြိုးမြှံ့စွာတာ ဒုက္ခခံရာသည်ထင်၏။ ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်လေးပင် ဖြစ်တာမို့ ဆယ်ကျော်သက် တစ်ယောက်လို ဂါဝန်တွေ၊ စတော့ကင်တွေဝတ်နိုင်တာပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"မိုးရွာပေမယ့်လည်း ပူနေတာပဲနော်"

"ဟုတ်တယ် မလတ်။ စိုစိစိနဲ့ အိုက်နေတာ ပိုခံရဆိုးသေးတယ်"

လက်ထဲမှာ ယပ်တောင်လေး တဖျပ်ဖျပ်ခါရင်း ခပ်ညည်းညည်းလေး ပြောလာပေမယ့် ဒေါ်တင်လတ်ဝေ မျက်နှာက ကြွေရုပ်ကလေးလို ဖြူနုဝင်းမွတ်နေပြီး ချွေးတစ်စက်ပင် စို့မနေပါ။

နီးရာဆိုဖာခုံတစ်ခုမှာ ဇွေ့ခနဲ ဝင်ထိုင်ပြီး ခုံပေါ်မှာ အလွယ်တွေ့ရသည့် ဂျာနယ်တစ်စောင်ကို ကောက်ပြီး ဟိုဒီလှန်လှောပေမယ့် သိပ်စိတ်ပါပုံလည်း မရပါ။

"ဒါနဲ့ ဒီရေတစ်ယောက်ရှိရဲ့လား"

ဆိုင်ရောက်တာနဲ့ သူမ မေးနေကျမေးခွန်းကို စမေးလိုက်တာမို့ အားလုံး တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မျက်စပစ်ကြ မျက်ခုံးပင့်ကြလုပ်တော့သည်။

"ဒီရေ CD သွားဝယ်တယ် မလတ်"



"ဘာ CD လဲ။ သီချင်းခွေလား"

"မဟုတ်ပါဘူး။ ဓာတ်ပုံတွေထည့်ပေးဖို့ CD အလွတ်သွားဝယ်တာပါ"

"ဩော် . . . ဟုတ်လား။ မကြုံတော့ မပြောလိုက်မိပြန်ဘူး။ တစ်ခါတည်း လေးငါးဘူးဝယ်ထားလို့ ခဏ ခဏ ထွက်ဝယ်ရတာ အလုပ်ပိုတာပေါ့"

"ဒီရေလည်း အများကြီးဝယ့်ထားတတ်တာပဲ။ အခုက ကုန်နေလို့ပါ။ ပြီးတော့ သူလည်း အညောင်းပြေ လမ်းထွက်လျှောက်ချင်တယ် ထင်ပါရဲ့"

ချိုနွယ့်စကားအဆုံး ဒေါ်တင်လတ်ဝေ မျက်လုံးတွေက တစ်ခုခုကို စိတ်မချသလို သက်ကမက်င်းဖြစ်သွားပုံနှင့် တလက်လက်တောက်လာကာ . . .

"မလတ်ကတော့ မလတ်ဆိုင်လာရင် ရှိနေစေချင်တာပဲ။ ဒီရေမှမဟုတ်ဘူး ဝန်ထမ်းအားလုံးပဲ"

မှားသွားတော့မလို ဖြစ်သွားတဲ့စကားကို အချိန်မီ ထိန်းလိုက်ပေမယ့် သူမမျက်လုံးအစိမ်းမှာယ်တွေက အသိ

www.burmeseclassic.com

www.burmeseclassic.com



သာကြီးပါ။

"ဟော . . . ပြန်လာပါပြီ ဒီရေ"

ချိုနွယ့်စကားကြောင့် ဒီရေက ထီးကိုပုံးထဲစိုက်ရင်း ဘာလဲဆိုတဲ့အဓိပ္ပာယ်နှင့် ခေါင်းမော့ကြည့်တာမို့ ဒေါ်တင်လတ်ဝေဘက်ကို မသိမသာ မေးဆတ်ပြလိုက်သည်။

တံခါးဘက်ကို ကျောခိုင်းထိုင်နေသော ဒေါ်တင်လတ်ဝေကိုကြည့်ပြီး ဒီရေက ပခုံးတစ်ချက်တွန့်၏။ ထို့နောက် ဆိုင်တွင်းသို့ ခပ်တည်တည်ပင် လျှောက်ဝင်သွားလေသည်။

"ဒီရေ"

ဒေါ်တင်လတ်ဝေ ခေါ်သံကြောင့် ဒီရေက ခြေလှမ်းတုံ့ရင်း လှည့်ပြန်ငဲ့ကြည့်လာ၏။ မရယ်မပြုံးမျက်နှာမှာ ဒေါ်တင်လတ်ဝေကို အထင်ကြီးလေးစားဟန်၊ ဂရုတစိုက်ရှိဟန်တွေ အလျဉ်းမပါချေ။

"အခုပဲ မလတ်ကမေးနေတာ။ CD သွားဝယ်တာဆို"





"ဟုတ်ကဲ့"

စကားအပိုအလိုမရှိ ပြန်ဖြေလိုက်သော ဒီရေ့အသံအဆုံး ဒေါ်တင်လတ်ဝေ ဘာပြန်ပြောရမှန်းမသိ။ ခပ်အမ်းအမ်းဖြစ်သွားပြီးမှ . . .

"ဒီမှာ အဆင်ပြေတယ် မှတ်လား။ ဒီရေ အိမ်ကနေလာရတာဝေးရင် ဒီမှာပဲနေနိုင်းမလားလို့။ အရမ်းအလုပ်များနေလို့ ပြန်ရတာ နောက်ကျနေ့တာမျိုးကျတော့ မကောင်းဘူးလေ"

"ဟုတ်ကဲ့ . . . ကျေးဇူးပဲ မလတ်။ အခုလောလောဆယ်တော့ အဆင်ပြေပါတယ်။ အပြန်နောက်ကျတယ်ဆိုတာလည်းတစ်ခါတစ်ရံပါ။ ကျွန်တော်က ယောကျ်ားလေးဆိုတော့ သိပ်ကိစ္စမရှိပါဘူး။ ဒီက မချိုနွယ်တို့ဆိုရင် ယုဇနဥယျာဉ်မြို့တော်အထိ ပြန်ရတာ။ သူတို့အတွက်ပဲ အဆင်ပြေအောင် စီစဉ်ပေးလိုက်ပါ"

ဒီရေစကားအဆုံး ဒေါ်တင်လတ်ဝေမျက်နှာက မဆိုစလောက်လေး ပျက်ယွင်းညှိုမှောင်သွားတော့၏။ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ သူမက ဟန်ဆောင်ကောင်းသူတစ်ယောက် ဖြစ်သည်။ ချက်ချင်းဆိုသလို ဟန်လုပ်ပြုံးကာ . . .

"အားလုံးအတွက် စဉ်းစားပါတယ်။ သူတို့က မိသားစုနဲ့နေတဲ့ လူတွေလေ၊ ဒီရေက တစ်ယောက်တည်း သမားဆိုတော့ မလတ်ဆိုထဲ အရင်ဆုံးတွေးမိတာပေ့ါနော်။ ဟုတ်တယ် မှတ်လား"

"ဟုတ်ကဲ့ . . . ဟုတ်ပါတယ် မလတ်"

ချိုနွယ့်ဘက်လှည့်ပြီး စကားထောက်ခိုင်းနေတာမို့ ကယောင်ကတမ်းနှင့် ခေါင်းညိတ်လိုက်ရသေး၏။ ဒေါ်တင်လတ်ဝေသော ရုက်တတ်၊ ကြောက်တတ်သည့် မိန်းမတစ်ယောက်ဆိုလျှင် ဒီရေ့စကားတွေနဲ့တင် ခပ်ကင်းကင်းနေဖို့ စဉ်းစားမှာပဲဖြစ်သည်။

အခုတော့ ဒီရေရှောင်လေ သူမက မရမကလိုက်ကပ်လေ ဖြစ်နေတာမို့ အားလုံးလိုလို သူမအကြောင်းကို သိကုန်ကြပြီဖြစ်သည်။

တကယ်တော့ ဒေါ်တင်လတ်ဝေက အိမ်ထောင်





ရေးကံမကောင်းသည့် သနားစရာ အမျိုးသမီးတစ်ယောက်လည်း ဖြစ်၏။ ပထမအိမ်ထောင်က သဘော်သားတစ်ယောက် ဖြစ်ပြီး အိမ်ထောင်ဖက် နှစ်နှစ်အတွင်းမှာပဲ ဆုံးသွားခဲ့တာမို့ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်နေသော ဒေါ်တင်လတ်ဝေမှာ တစ်ပင်လဲသဖြင့် တစ်ပင်ထပ်ထူခဲ့သော်လည်း အကြောင်းကြောင်းကြောင့် လမ်းခွဲခဲ့ရပြန်သည်။

အဲဒီနောက်တော့ ဟိုလူနဲ့လိုလို ဒီလူနဲ့လိုလို သတင်းတွေထွက်ခဲ့ပေမယ့် ပိုင်ရှင်မဲ့ဘဝနှင့် လွတ်လွတ်လပ်လပ်နေခဲ့တာ ယနေ့ထက်ထိပင်။

အခုမှ ဒီရေဆိုသော ငယ်ငယ်ချောချောကောင်လေးကို ဘယ်လိုစိတ်ကူးတွေ ယဉ်နေသည်မသိ။ ဖွတ်အတင်းကို အရေးပေးအလိုလိုက်ပြီး ဒီရေရဲ့ဂရုစိုက်မှုကို လိုချင်နေတော့တာဖြစ်သည်။ ဒီရေအတွက်တော့ ဒေါ်တင်လတ်ဝေက ရှောင်နိုင်မှ လွတ်မယ်ဆိုတာမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

ဒီရေလမ်းထဲကို ဝင်လိုက်တော့ ယခင်တွေ့နေကျ ခပ်မှိန်မှိန် လမ်းမီးရောင်တွေပင် မတွေ့ရချေ။

ဖွက်အိုင်တချို့နှင့် စွတ်စိုနေသော လမ်းကျဉ်းက လေးကို ကျော်ဖြတ်အပြီးမှာတော့ မှောင်မည်းတိတ်ဆိတ် နေသည့် တိုက်ခန်းလှေကားတွေကို စိတ်ပျက်ညစ်ညူးဖွယ် နင်းတက်ရပြန်၏။

မီးပျက်နေတာမို့ သူ့တိုက်ခန်းလေးက အထီးကျန်





ဆန်စွာ သူ့ကိုစောင့်ကြိုနေရှာသည်။ အခန်းတံခါးအဖွင့်မှာ တော့ တံခါးမှာ တစ်ခုခုနှင့် ကပ်ထားခဲ့ဟန်ရှိသော ဖိတ်စာ လို စာအိတ်တစ်အိတ်ကို စမ်းမိလိုက်တာမို့ အသာအယာ ဖြုတ်ယူပြီး အခန်းထဲဝင်လာခဲ့သည်။

ခုံပေါ်မှာ ကျောပိုးအိတ်ကို ပစ်ချခဲ့ပြီး စားပွဲပေါ်က မီးထိုင်ကလေးကို ဖွင့်အပြီးမှာတော့ လက်ထဲက စာအိတ် ကို ဖောက်လိုက်သည်။

အထဲက ဖိတ်စာကိုမထုတ်ခင် အပေါ်စာအိတ်မှာ ရေးထားသည့်စာကို တွေ့လိုက်ရ၏။

"ဒီရေ . . .

လာမယ့် Sunday မှာ ငါ့အဖေနဲ့အမေရဲ့ နှစ်ဆယ့် ငါးနှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရှိတယ်။ ဆိုင်ကို တကူး တက လာမခေါ်တော့ဘူး။ တစ်ခါတည်း အလုပ်အပ်ရင်း ဖိတ်တယ်နော်။ တခြား ဘယ်သူမှခေါ်မထားဘူး။ ဓာတ်ပုံ ရိုက်ဖို့ပါ တာဝန်ယူပေးပါ။

နေညီညီ"



www.burmeseclassic.com

စာဖတ်ပြီး သူ အထဲကဖိတ်စာလေးကို ဖွင့်မဖတ်ဖြစ်တော့။ စာအိတ်ထဲမှာ ဒီအတိုင်းပြန်ထားလိုက်သည်။ အလှူပွဲတွေ၊ မင်္ဂလာပွဲတွေကို သူ Outdoor လိုက်ရိုက်ဖူးပေမယ့် မင်္ဂလာနှစ်ပတ်လည်ဆိုသော ညှော်ခံပွဲမျိုးကို သူ တစ်ခါမှ မကြုံဖူးပါ။

"မင်္ဂလာနှစ်ပတ်လည်တဲ့"

အသက်ကြီးကြီး ဇနီးမောင်နှံနှစ်ယောက်ရဲ့ အထိမ်းအမှတ်ပွဲတစ်ခုပေါ့။ နှစ်ဆယ့်ငါးနှစ်တောင် ရှိပြီဆိုတော့ သားသမီးတွေ မြေးမြစ်တွေတောင် ရှိချင်ရှိဦးမှာ။ ပြည့်စုံချမ်းသာတဲ့ မိသားစုဘဝတစ်ခုရဲ့ အကောင်းဆုံး ပြယုဂ်တစ်ခုအဖြစ် ကျင်းပမယ့်ပွဲမို့ သိပ်ကိုပျော်စရာကောင်းမယ့်ပွဲပါပဲ။

ဒီရေ တွေးရင်း မျက်ရည်ဝဲချင်လာသည်။

သူ့တစ်သက်မှာ ဒီလိုပျော်ရွှင်ပြည့်စုံတဲ့ မိသားစုဘဝမျိုး ဘယ်တော့မှရနိုင်တော့မည် မထင်။

"အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်" လို့ သူ နှုတ်က မကြာခဏ တီးတိုးရေရွတ်ဖူးသည်။ တကယ်တမ်း





လက်တွေ့ဘဝမှာ ဖြစ်မလာနိုင်သည့် အခြေအနေတစ်ခုကို တမ်းတရင်း ရှူးသွပ်ခဲ့ပေါင်းများခဲ့ပြီ။

ဆိုင်မှာ မိသားစုအလိုက် ဓာတ်ပုံလာရိုက်တာတွေ၊ ဘွဲ့ယူလို့ မိဘတွေနှင့်အတူ ဓာတ်ပုံရိုက်တာတွေ တွေ့တိုင်း ကိုယ့်ဘဝကိုယ် ရှက်ရွံ့သိမ်ငယ်လို့မဆုံးနိုင် ကြေကွဲဝမ်းနည်းလို့ မဆုံးနိုင်တော့ချေ။

တွေးမိတိုင်း ဘယ်သူ့ကိုမကျေမနပ်ဖြစ်ရမှန်းမသိသည့်အဆုံး ကံကြမ္မာကို စိတ်နာမုန်းတီးမိလေသည်။ သူ မှတ်မိတဲ့အရွယ်ကတည်းက မီးရောင်တဖျပ်ဖျပ်လင်းလက်နေသည့် ဓာတ်ပုံ Studio တစ်ခုတည်းမှာ ဓာတ်ပုံလာရိုက်သူတွေနှင့် နောက်ခံပန်းချီရှုမျှော်ခင်းတွေ ရေးဆွဲထားသော ကားလိပ်တွေကို ငေးမောရင်းကြီးပြင်းခဲ့ရ၏။

(ဘယ်သူမှ မပြောပေမယ့်) သူ့အဖေမဟုတ်မှန်းသိနေသော ဓာတ်ပုံဆရာကြီးက သူရဲ့တစ်ဦးတည်းသော အုပ်ထိန်းသူ ကျွေးသဖခင်လည်းဖြစ်သည်။

"ကျွန်တော့်အဖေ၊အမေတွေက ဘယ်သူလဲဟင်"

www.burmeseclassic.com



လို့ မေးတိုင်း ဓာတ်ပုံဆရာကြီးက အရက်ခွက်ကို ဆရင်း စဉ်းစားသယောင် ပြုပြီးမှ . . .

"မသိပါဘူးကွာ" ဟု စိတ်ရှုပ်စိတ်ပျက်သံနှင့် ပြန်ဖြေလေ့ရှိသည်။ ဒီရေဆိုသော မိဘတော်ကောင်ကလေးကတော့ ဘယ်တော့မှ စိတ်ပျက်မသွားခဲ့ပါ။ အဖြေမရှိသော ထိုမေးခွန်းကို အခါအခွင့်သင့်တိုင်း အမျိုးမျိုးလှည့်ပတ်မေး မြန်းမြဲပင် ဖြစ်သည်။

"ဒါဆို . . . ကျွန်တော်က မိဘမဲ့ပေါ့နော်"

ဝမ်းနည်းအားငယ်သံနှင့် သူကဆိုတိုင်း မွေးစားအဖေကြီးက အားမလိုအားမရ ဒေါသဖြစ်ဟန်နှင့် . . .

"ထို့ . . . အဓိပ္ပာယ်မရှိတာတွေ မမေးစမ်းပါနဲ့ ကောင်လေးရာ။ မိဘမရှိဘဲ မင်း လူဖြစ်လာမလားကွ။ အဖေရယ်၊ အမေရယ်ဆိုတဲ့ ယောကျ်ားနဲ့မိန်းမ ရှိလို့ မင်း လူဖြစ်လာတာပေါ့။ ဟွန်း . . . လောကကြီးက ရယ်စရာကောင်းပါ့ကွာ။ အပူမရှာချင်လို့ အသက်လေးဆယ်ကျော်တဲ့အထိ တစ်ယောက်တည်းနေလာတာကို လူသတ္တဝါတစ်





ယောက်က အလိုလျောက်ရောက်လာသေးတယ်"

"အဲဒါများ ဘာဘာရယ် ကျွန်တော့်အဖေနဲ့အမေကို တွေ့အောင်ရှာပြီး ပြန်ပေးလိုက်ပါလား"

"သောက်ကျိုးနည်းမှပဲ ကောင်လေးရာ။ မင်း အဖေနဲ့အမေကို ငါက တွေ့အောင်ရှာရမယ် ဟုတ်လား။ လောကမှာ ပုန်းတဲ့လူကို ဘယ်တော့မှမရှာရဘူးကွ။ အဲဒါ အပင်ပန်းဆုံးအလုပ်ပဲ။ စိတ်ကူးမယဉ်ပါနဲ့ ကလေးရယ်။ မင်းက ငါနဲ့ထိုက်လို့ ငါ့ဆီကို ရောက်လာတဲ့ လက်ဆောင်တစ်ခုပါ။ မင်းဉာဏ်ဆိုတဲ့ ငါ့ဘဝက အနှစ်လေးဆယ်ကျော် အထီးကျန်ခဲ့ရတာပါ။ အေး . . . တစ်ခုတော့ရှိတာပေါ့ကွာ။ ငါ သေရင်တော့ မင်းကို ဓာတ်ပုံပညာတစ်ခုပဲ အမွေပေးနိုင်တယ်။ ဒီဆိုင်ခန်းကလည်း လပေးနဲ့ငှားထားတာကွ။ ငါတို့နေတဲ့ တိုက်ခန်းကလေးကတော့ အပိုင်ပါကွာ။ လိုအပ်ရင်တော့ အဲဒါ ငါ့မသာစရိတ်အဖြစ် သုံးပေါ့ကွာ . . . ဟား ဟား"

ထိုစဉ်က ဓာတ်ပုံဆရာကြီး အရက်မူးမူးနှင့် ပြော



www.burmeseclassic.com

www.burmeseclassic.com



သောစကားတွေကို ဒီရေ သိပ်နားမလည်ခဲ့ပါ။

တကယ်တမ်း နားလည်လာတဲ့အချိန်ရောက်တော့ ဦးမင်းညက်မရှိတော့ပြီ။

ဒီရေ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်မည့်နှစ်မှာပင် ဦးမင်းညက် ဆုံးသွားသောကြောင့် သူပြောခဲ့သည့်အတိုင်း ဓာတ်ပုံပညာရယ်၊ တိုက်ခန်းကျဉ်းကျဉ်းကလေးတစ်ခုရယ်က လွဲပြီး ဘွဲ့တစ်ခုပင် ရအောင် မယူနိုင်ခဲ့။

မိဘအားထားရာမရှိသည့်နောက်ပိုင်း ကိုယ့်ဝမ်းကိုယ်ကျောင်းဖို့ အတတ်ပညာတစ်ခု ကျန်ခဲ့သည့်အတွက် ဒီရေ့ဘဝက ဆင်းရဲစုတ်ပြတ်မသွားခဲ့ပါ။

ပထမဆုံး ဒီရေ ကျင်လည်ခဲ့ရတာ အပန်းဖြေဥယျာဉ်ထဲက ဓာတ်ပုံသမားဘဝဖြစ်သည်။ ဦးမင်းညက် ထားခဲ့သည့် ကင်မရာအဟောင်းတစ်လုံးက အချိန်အတော်ကြာအောင် ဒီရေ့စားဝတ်နေရေးကို ဖြည့်ဆည်းပေးနိုင်သေးသည်။





အဲဒီနောက်တော့ ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ မိတ္တူကူး၊ ဘောက်ချာဖြတ် တောက်တိုမယ်ရဘဝနှင့် နေရ၏။ ယခုမူ ဒေါ်တင်လတ်ဝေပိုင်သော ဇေရီဓာတ်ပုံဆိုင်မှာ အဓိက Photographer တစ်ယောက်အဖြစ် လစာကောင်းကောင်းနှင့် လုပ်ခွင့်ရခြင်းပင်။

အတတ်ပညာတစ်ခုကို တော်သထက် တော်အောင် အမြဲလေ့လာရင်း ဇေရီမှာ မရှိမဖြစ်ဝန်ထမ်းတစ်ယောက် ဖြစ်လာရသော်လည်း ဒီရေ ကိုယ့်ဘဝကို မကျေနပ်နိုင်သေးပေ။

ကိုယ်ပိုင်ဓာတ်ပုံ Studio ကလေးတစ်ခုဖွင့်ပြီး မြန်မာပြည်ရဲ့ အတော်ဆုံး Photographer တစ်ယောက်ဖြစ်ချင်တာ သူ့ရဲ့အကြီးမားဆုံးဆန္ဒတစ်ခုဖြစ်သည်။

နောက်ထပ် သူ စိတ်ကူးယဉ်မိတာကတော့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝတစ်ခုပင် ဖြစ်၏။

တစ်ခါတလေတော့ တစ်ယောက်တည်း ရှင်သန်ရပ်တည်နေရတဲ့ဘဝကို ရှုံမှုန်းခါးသီးလွန်းလှသည်။ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပေမယ့် မျှော်လင့်နေချင်သေးသည်။

"ကျွန်တော်က အဖေနဲ့တူတာလား အမေနဲ့တူတာလား"

သူ ငယ်ငယ်က ဦးမင်းညက်ကို မေးခဲ့ဖူးသည်။ ဦးမင်းညက်က သူ့အဖေနဲ့အမေကို မမြင်ဘူးတာမို့ ဘာမှ မဖြေနိုင်၊ တစ်ယောက်ယောက်က သူ့မျက်နှာကို အသေအချာကြည့်လျှင် ကျွန်တော့်ကို သိလို့လားလို့ မေးပစ်ချင်စိတ်က မကြာခဏ ပေါ်လာသည်။

အသက်ကြီးကြီးအမျိုးသား အမျိုးသမီးစုံတွဲတွေကို မြင်တိုင်း ကိုယ့်မိဘနေရာမှာထားပြီး စိတ်ကူးယဉ်ခဲ့ရတာလည်း အကြိမ်ကြိမ်။

အဖေနဲ့အမေက သူ့ကိုမလိုချင်လို့ တမင်စွန့်ပစ်တာမဟုတ်ပါစေနဲ့လို့ သူ ဆုတောင်းခဲ့ဖူးပါသည်။

ပုံပြင်ထဲကလို အဖေနဲ့အမေဟာ မတော်တဆကွဲကွာခဲ့ရတဲ့ သူတို့ရဲ့သားကလေးကို ပြန်ရှာနေကြပါစေ။

ဒီရေ ဘယ်ဘက်မျက်ခုံးက ခပ်ထင်းထင်းပေါ်နေ





သော မှည့်နက်ကလေးကို လက်နှင့်အသာစမ်းကြည့်မိ၏။ ဒီမှည့်နက်ကလေးက သူ့မျက်နှာပေါ်က အစိတ်အပိုင်းတွေထဲမှာ အထင်ရှားဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံးအရာကလေး ဖြစ်သည်။

အဖေနဲ့အမေသာ သတိထားရှာမယ်ဆို ကျွန်တော့်ကို တွေ့နိုင်တာပေါ့။

ဒီလိုမျိုးမျှော်လင့်ချက်နဲ့ လူဖြစ်ခဲ့ရတာ နှစ်ဆယ့်သုံးနှစ်ပြည့်တော့မယ်။ အခုထိ ဘဝက လိုအပ်ချက်အကြီးကြီးနဲ့ လစ်ဟာနေဆဲပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"သွား . . . နင် ငါ့ကို လာမထိနဲ့"

"ဝုန်း"

"အား"

စွန်ကလေး လဲကျနေရာမှ နာနေသည့်လက်တစ်ဖက်ကို အနိုင်နိုင်အားပြုထောက်ရင်း ကုန်းထလိုက်ရသည်။

အံကြိတ်ထားသည့်ကြားမှ မျက်ရည်တွေက ပါးပေါ်တလိမ့်လိမ့် စီးကျလာပေမယ့် အသံထွက်အောင်လည်း



မရှိက်ရဲပါ။

"အဖေ . . . အိမ်ပြန်ရောက်နေပြီလေ။ အိပ်ရာလည်း ပြင်ထားပြီးပြီ။ အိပ်တော့နော်"

စွန်ကလေးစကားအဆုံး အဖေက ခေါင်းကို ဖွတ်အတင်းထူရင်း မျက်ထောက်နီကြီးနှင့် လှမ်းကြည့်ကာ . . .

"နင် ငါ့ကို ဆရာမလုပ်နဲ့။ အေ့ . . . ငါသိတယ်"

ဟု အာလေးလျှာလေးနှင့် ပြန်ပြောလေသည်။

အရက်မူးပေမယ့် အဖေက စွန်ကလေးကို သိပ်ချစ်ပါသည်။ ယခုလည်း အဖေ မကြိုက်တာလုပ်မိ၍သာ ဒေါသထွက်နေခြင်း ဖြစ်၏။

"စွန်ကလေး"

"ရှင် . . . အဖေ"

"နောက်တစ်ခါ အရက်ဆိုင်ရှေ့အထိ လိုက်လာရင် နင့်ကို ငါ အသတ်ပဲနော် ကြားလား"

စွန်ကလေး မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သတ်ချင်လည်း သတ်ပေါ့။

ဘာတတ်နိုင်မှာလဲ အဖေရယ်။ အရက်ဆိုင်ရှေ့မှာ လူမြင်မကောင်း သူမြင်မကောင်း လဲကျနေတာ သမီးမှ ပစ်မထားရက်တာ။

စွန်ကလေးစိတ်ထဲ အသံတိတ်ရေရွတ်လိုက်မိ၏။

အရက်သမားပေမယ့် အပြစ်မရှိ အပြစ်ရှာမရစ်တတ်သော အဖေက လူအေးစိတ်တိုသမားမို့ အမေရှိစဉ်ကတည်းက စွန်ကလေးတို့သားအမိ သေမတတ်ကြောက်ရပါသည်။

စွန်ကလေး မှတ်မိတဲ့အရွယ်ကတည်းက အဖေ အရက်သောက်လာတာပါ။ အမေပြောတာတော့ အမေနှင့် အိမ်ထောင်မကျခင် လူပျိုဘဝကတည်းက သောက်တတ်နေတာတဲ့။

အမေဆုံးသွားပြီးနောက်ပိုင်း အဖေ အရက်ပို သောက်လာသည်။ အသက်ကြီးမှ အရက်ပိုကြိုက်လာတာလား၊ အမေမရှိလို့ လေလွင့်သွားတာလား စွန်ကလေး မသိပါ။ စွန်ကလေး အဖေ့ကို ချစ်လည်း ချစ်သလို သနားလည်း



သနားမိပါသည်။

တရှုံ့ရှုံ့အိပ်ပျော်သွားသော အဖေ့ကို ကြည့်ပြီး စွန်ကလေး မျက်ရည်သုတ်လိုက်သည်။

"ဒါ့ဘာသာ ဘယ်နားလဲနေနေ လာမခေါ်နဲ့။ အမြင်မတော်တဲ့လူ တွဲပို့လိမ့်မယ်" တဲ့။

စွန်ကလေးက တက္ကသိုလ်ကျောင်းသူ ဖြစ်နေတော့ အရက်သမားသမီးလို့ အခေါ်ခံရမှာကို အဖေက စိုးရိမ်တယ်တဲ့လေ။

အဲလိုဆို မသောက်ဘဲနေပါလားလို့ ပြောဖို့ အတွက်ကျတော့လည်း အရမ်းကို နောက်ကျနေပြီ။

အရက်က အဖေ့ကို နိုင်သွားပြီဖြစ်တဲ့အချိန်မှာ အရက်ဖြတ်ခိုင်းရင် အဖေ့ကို သတ်တာနဲ့အတူတူဖြစ်နေမှာ စိုးရိမ်ရသည်။

"စွန်ကလေး . . . စွန်ကလေး"

အိမ်ရှေ့က ခေါ်သံကြောင့် စွန်ကလေး ငိုင်နေရာမှ ရုတ်တရက် သတိဝင်လာမိကာ အိမ်ရှေ့သို့ ထွက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"စွန်ကလေး အိပ်နေပြီလား"

"မအိပ်သေးပါဘူးဟယ်။ နင် အခုမှ ပြန်လာတာလား"

မေနွယ့်လက်ထဲက ထမင်းချိုင့်ထည့်ထားသော ခြင်းတောင်းကလေးကိုကြည့်ပြီး ပြောလိုက်တာမို့ သူမက ခေါင်းညိတ်သည်။

"ဘဘရော အိပ်သွားပြီလား"

"အင်း . . . အခုပဲအိပ်သွားတာ။ ဒါနဲ့ ငါ့ကို supervisor ဘာပြောနေလဲဟင်"

စွန်ကလေး စကားအဆုံး မေနွယ်က သက်ပြင်းချရင်း . . .

"နင် အချိန်ပိုမဆင်းတော့ ထုံးစံအတိုင်း ပွစိ ပွစိ ပြောတာပေ့ါဟာ။ အရေးလုပ်မနေစမ်းပါနဲ့။ နင့်မှာ နင့်အဖေကို ကြည့်ရတဲ့အလုပ်က ရှိသေးတယ်။ ကိုထူးပြောလို့ ငါ သိပြီးပြီ။ နင့်ဘဘကို အရက်ဆိုင်ရှေ့အထိ သွားကြိုတယ်ဆို"





"မကြိုလို့ရမလားဟာ။ ဆိုင်ရှေ့မှာ ရုပ်ပျက်ဆင်းပျက်လဲနေတာ။ ငါတောင် သူများပြောလို့ သိရတာ"

"နင်ကလည်းဟာ ဘဘကဘယ်လောက်မူးမူး အချိန်တန်ရင် အိမ်ပြန်ရောက်လာတာပဲ။ အဲလိုသွားခေါ်တော့ နင်ပဲ အဆူခံရ အရိုက်ခံရနဲ့။ ပြီးတော့ နင်ပဲ သိက္ခာကျတာပေ့ါ"

စွန်ကလေး ခေါင်းကို အသာရမ်းလိုက်မိသည်။

"ငါ အဆူခံရတာ ဘာမှမဖြစ်ပါဘူးဟာ။ အဖေက စိတ်ဆိုးလည်း ငါ့ကိုတော့ သေအောင်မရိုက်ပါဘူး။ အဖေ လဲနေတာ သိသိကြီးနဲ့ ငါ ဘယ်လိုအနေဖြောင့်မလဲ။ အိမ်မှာ ပြေးကြည့်မှ ဒီအဖေရယ် ဒီသမီးရယ် နှစ်ယောက်တည်း ရှိတာ။ ငါမှ သွားမခေါ်ရင် အဖေ့ကို ဘယ်သူသွားခေါ်မလဲ"

"ဒါတော့ ဒါပေ့ါဟယ်။ နင်က မိန်းကလေးလေ။ ပြီးတော့ ငါတို့လို စက်ရုံဆင်းနေရပေမယ့် နင်က ကျောင်းတစ်ဖက်နဲ့။ တစ်နေ့ ပညာတတ်တစ်ယောက်ဖြစ်လာမယ့်လူ။ ယောကျ်ားလေးဆိုရင်တော့ အကြောင်းမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတာ ဂုဏ်သိက္ခာကို ငဲ့ရသေးတယ်လေ"

"အဖေ အရက်သောက်လို့ ငါ သိက္ခာကျမယ်ဆို တစ်ပြားဖိုးတောင် ကျန်မှာမဟုတ်ပါဘူး မေနွယ်ရယ်။ အဖေက အခုမှ အရက်သောက်တာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် အဲ့ဆိုင်ရှေ့တော့ မလိုက်သွားပါနဲ့ စွန်ကလေးရယ်။ နောက်ဆို ကိုထူးတို့ကို ကြိုနိုင်း။ ဘာဘ လည်း နင် အဲလိုလိုက်လိုက်လာတာ ကြိုက်တာမဟုတ်ဘူး"

"အေးပါဟာ"

စွန်ကလေး ခေါင်းညိတ်ရင်း ပြီးလွယ် ဖြေလိုက် ပေမယ့် တကယ်တမ်း အရေးအကြောင်းဆို ကိုယ့်အရက် သိက္ခာ ဘာမှမငဲ့ကွက်ဘဲ ရှေ့ဆုံးက ပြေးမယ့်သူမျိုးပင်။

အဖေတစ်ခု သမီးတစ်ခုဘဝနဲ့နေလာတာ ရှစ်နှစ် ကျော် ကိုးနှစ်ရှိနေပြီ။

စွန်ကလေးမှာ သံယောဇဉ်တွယ်စရာဆိုလို့ အဖေ တစ်ယောက်တည်းရယ်လေ။

•——ရွှေပေသော——•



"ငါ သွားတော့မယ်နော်။ ဒီလတော့ နင် လစာ နည်းမှာပဲ စွန်ကလေး"

"ဘယ်တတ်နိုင်မလဲဟာ။ ညဖိုးချုပ်အထိနေလို့မှ မရတာ။ နောက်ဆို စာမေးပွဲဖြေဖို့ တစ်လနီးပါး ခွင့်ယူရ ဦးမှာ။ အလုပ်က ပေးမှပေးပါ့မလား မသိဘူး"

ညည်းညည်းညူညူလေး ပြောလိုက်သော စွန် ကလေးစကားကြောင့် မေနွယ်က . . .

"အဲဒါတော့ မပူပါနဲ့။ မနှစ်က မသီတာဦး ကလေး မွေးဖို့တောင် ခွင့်ပေးသေးတာပဲ။ နင်ရော ဘာလို့ မရ ရမှာလဲ"

ဟု သူသိသလောက်နှင့် အားပေးနစ်သိမ့်လေ သည်။

"နင်ကလည်း မသီတာဦးက ကလေးမွေးတာ။ ငါ က ကျောင်းတက်မှာ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ဟယ်။ အရေးကြီးတာချင်း အတူတူ ခွင့်ရမှာပေါ့"

•——ရွှေပေသော——•

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . . အဲလိုပဲ မျှော်လင့်ရတာပဲ"

"ဟဲ့ . . . ငါသွားပြီနော်"

ဒီတစ်ခါတော့ မေနွယ် တကယ်ပြန်သွားတာဖြစ်သည်။ သူ့ခမျာ လမ်းထိပ်ရောက်ကတည်းက စွန်ကလေးတို့ သားအဖသတင်းကိုကြားပြီး စိုးရိမ်ရှာသည်ထင်၏။ သူ့မအိမ်ကို မရောက်ခင် စွန်ကလေးဆီ အရင်ဝင်လာရှာသည်။ တကယ်တော့ ဒီရပ်ကွက်ထဲက စိတ်ကောင်း စေတနာကောင်းရှိသောလူတချို့နှင့် မေနွယ့်လို သူငယ်ချင်းအပေါ် ညီအစ်ကိုမောင်နှမရင်း စိတ်ဓာတ်မွေးတတ်သူတွေကြောင့် စွန်ကလေးတို့ သားအဖေရဲ့ဘဝတွေ လုံခြုံနွေးထွေးခဲ့ရတာပါ။

အဖေက စွန်ကလေးကို စောင့်ရှောက်ရုံကလွဲပြီး လုပ်မကျွေးနိုင်ခဲ့တာ ကြာပြီ။ မိုးလင်းက မိုးချုပ် အရက်နဲ့ အဖော်ပြုနေပေမယ့် အဖေ့ကျန်းမာရေးက သာမန်အဆင့်မှာ မရှိတော့တာ စွန်ကလေး သိပါသည်။

အခုတော့ စွန်ကလေးရဲ့ဝင်ငွေနဲ့ အိမ်စရိတ်ရော



ကျောင်းစရိတ်ရော အဖေ့ဆေးဖိုးအတွက်ပါ မလောက်မငသည့်ကြားမှပင် ဟိုကဆွဲ ဒီကဆွဲနှင့် ဖြည့်ဆည်းနေရတော့၏။

ဒီအတိုင်းနေလာတာကြာပြီမို့ ရေရှည်အထိ တင်းခံနိုင်ပါ့မလားလို့ တစ်ခါမှ စိုးရိမ်သောကမဖြစ်မိပါ။

စွန်ကလေးဘဝမှာ အမေ မရှိတော့ပြီမို့ တစ်ယောက်တည်းသောတွယ်တာမှီခိုရာ အဖေရှိလျှင် အားလုံးပြည့်စုံနေပါပြီ။ ပြီးတော့ စွန်ကလေးက ဒီနှစ်ကျောင်းပြီးဘွဲ့ရတော့မှာလေ။ ဒီထက်ကောင်းတဲ့အလုပ်တစ်ခု ရရင် အားလုံးအဆင်ပြေတော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ညည်ခံပွဲပြီးပြီမို့ နေညီညီက သူ့ကို ကားနှင့်ပြန်လိုက်ပို့၏။

"မင်းအိမ်ကို တန်းပြန်မှာလား ဒီရေ"

သူ ခဏတော့စဉ်းစားလိုက်ရသည်။ အချိန်စောနေသေးတာမို့ ဆိုင်ကိုသွားလို့ရနေသေး၏။

တစ်ရက်တလေ ခွင့်ယူထားတာမို့ အိမ်မှာအေးအေးဆေးဆေး နားချင်ပေမယ့် မနက်ဖြန်လာရွေးမယ့် Vi-





nyl တွေအတွက် သူ ပြန်နားရမှာ စိတ်မဖြောင့်ချေ။

"ဆိုင်ကိုပဲ ပို့ပေးကွာ။ ဟိုမှာအလုပ်တွေ ရှုပ်နေတယ်။ ငါ မရှိလို့ မဖြစ်ဘူး"

သူ့စကားကြောင့် နေညီညီက ရယ်သည်။ သူ နေညီညီ့မျက်နှာကို အကဲခတ်သလို လှမ်းကြည့်တော့ . . .

"ငါမရှိလို့မဖြစ်ဘူးလို့ လူတော်တော်များများက ပြောကြတယ်နော်။ အဲဒါ တရားမရှိတာပဲကွ။ တကယ်တမ်း အဲဒီ မရှိမဖြစ် ငါဆိုတဲ့ကောင် သေသွားတော့ ဘာတတ်နိုင်သေးလဲ"

"အခု ငါက သေမှမသေးဘဲကွ။ ဒီနေ့ အိမ်ပြန်အိပ်နေရင် အလုပ်က သက်သက် နှောင့်နှေးဦးမယ်။ မင်း အဲလောက် တရားပေါက်နေရင်လည်း ဘုန်းကြီးသာဝတ်လိုက်တော့"

ဒီရေ့စကားအဆုံး နေညီညီက သဘောကျစွာ ရယ်မောနေ၏။

"အေးပါကွာ . . . အခုတော့ ငါ့ကို ခန့်ထားဦးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီရေရှာ ဇကရီမှာပဲ မရှိမဖြစ်ဓာတ်ပုံသမားလုပ်ပါ။ ဇကရီ ပိုင်ရှင်အတွက်တော့ မရှိမဖြစ် သွားမလုပ်ပါနဲ့"

ဒီရေ ပခုံးတစ်ချက်တွန့်ရင်း ဟက်ခနဲ ရယ်လိုက်မိသည်။

"ဘာလဲ . . . မင်းက ငါ့ကို စိုးရိမ်လို့သတိပေးတာလား"

နေညီညီက တစ်ခုခုကို အလေးအနက် စဉ်းစားသလို မျက်မှောင်တွန့် ငြိမ်သက်နေပြီးမှ . . .

"သဘောကတော့ အဲ့အတိုင်းပဲ။ ကြားရတဲ့ သတင်းတွေ သိပ်မကောင်းဘူးကွ။ ဇကရီမှာ မင်းကို ဒေါ်တင်လတ်ဝေ ဘယ်လောက်မျက်နှာသာပေးထားတယ်ဆိုတာ ငါလည်း သိနေတာပဲ။ ဒါ ရိုးရိုးသားသားမှ မဟုတ်တာ"

ဟု ပြန်ပြောလေသည်။

"သူ့ဘက်က ရိုးတာ ဆန်းတာ ငါနဲ့မဆိုင်ဘူး ထင်တယ်။ ဒီနေ့ထက်ထိ အလုပ်ကိစ္စနဲ့ပတ်သက်တာက လွဲပြီး သူ့ဆီက ဘာအခွင့်အရေးတစ်ခုမှ ပိုမယူခဲ့ဘူး။ လစာ





ကောင်းတယ်ဆိုတာ ငါ့အရည်အချင်းအစွမ်းအစကြောင့် ရတယ်လို့ပဲ ထင်တယ်"

"အဲဒါ ငါသိပါတယ်။ ဒါပေမဲ့ မင်းဘက်က အတတ်နိုင်ဆုံး ရှောင်ဖို့ ပြောချင်တာ"

သူ့ သက်ပြင်းတစ်ချက်ချရင်း ခေါင်းယမ်းလိုက်မိသည်။

"ရှောင်ရင် လွတ်တယ်ပေါ့ကွာ။ သိပ်တော့ ဂရုမစိုက်ပါဘူး"

"မိန်းမနဲ့ ယောကျ်ားဆိုတော့ မင်းဘက်က အတတ်နိုင်ဆုံး သတိထားပါကွာ"

"ငါလည်း ဖြစ်နိုင်ရင် ဒီမှာမလုပ်ချင်တော့ပါဘူး။ တကယ်တမ်း ငါက ကိုယ်ပိုင် Studio လေးတစ်ခုပိုင်တဲ့ ဘဝမျိုးလိုချင်တာ။ အဲဒါကလည်း ဝေးပါသေးတယ်။ လတ်တလော အခြေအနေအရ ဒီမှာ အဆင်ပြေနေတော့လည်း ဘာမဟုတ်တဲ့ ပြဿနာကြောင့် ရှောင်ထွက်ဖို့ ခက်နေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့ကွာ။ အခု လောလောဆယ် ငါ့အဖေက သူ့လုပ်ငန်းတွေထဲ ငါ့ကို ဝင်ပါစေချင်တာ။ ငါက မင်းနဲ့အတူ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း တစ်ခုလုပ်ချင်တယ်။ အခုတော့ မုန့်ဖိုးစုနေတုန်းပဲ။ အားလုံး အဆင်သင့်ဖြစ်တာနဲ့ မင်းနဲ့ငါ လက်တွဲလို့ရပါပြီ"

နေညီညီ့စကားအဆုံး သူ ခေါင်းတစ်ချက်ညိတ်လိုက်သည်။ သူငယ်ချင်းကောင်းပီသစွာ အားပေးစကား ပြောတတ်သော နေညီညီ့ကို ကျေးဇူးလည်းတင်မိပါသည်။

နေညီညီက ဆိုင်အထိ ကားမောင်းလိုက်ပို့ပြီးမှ ပြန်သွားသည်။

ဒီရေဆိုင်ရောက်သွားတော့ သူထင်သည့်အတိုင်း ပင် Vinyl တွေအတွက် အားလုံးအလုပ်ရှုပ်နေကြသည်။

"ဟော . . . ဒီရေပြန်လာတယ်။ မလတ်က မလာတော့ဘူးထင်နေတာ"

စကားသံနှင့်အတူ အခန်းထဲမှ ထွက်လာသော ဒေါ်တင်လတ်ဝေကို မြင်လိုက်ရသည်။



ပြီးခဲ့တဲ့အင်္ဂါနေ့က သူမကိုတွေ့တော့ ဆံပင်အညို ရောင်စင်းစင်းတွေနှင့်ဖြစ်သည်။ ယခုတော့ ရွှေဝါရောင် တောက်တောက်ကို လှိုင်းတွန့်ကြီးကြီးတွေ ကောက်ထားသည်။

အရောင်ခပ်ပြေပြေပါသော မျက်မှန်ကို တပ်ထားသည့် ဒေါ်တင်လတ်ဝေမျက်နှာက အရောင်တွေ ပြိုးပြက် လင်းလက်နေ၏။

"ကြော်ငြာ Vinyl တွေက မနက်ဖြန်အပ်ရမှာ မှတ်လား။ ကိုမျိုး Sky ကိုသွားလိုက်။ မချို့နွယ် Photoshop လုပ်မယ့်ပုံတွေ ဘယ်မှာလဲ။ အဲဒါ လာပြပေးဦး"

ဒီရေက ကွန်ပျူတာရှေ့ကခုံမှာ ဝင်ထိုင်ရင်း နုတ်ကလည်း တရစပ်ပြောနေတာမို့ ခုန အေးအေးဆေးဆေး လှုပ်ရှားနေသောဆိုင်က ဝန်ထမ်းတွေမှာ အားလုံး လှုပ်လှုပ် ရှားရှားဖြစ်ကုန်တော့သည်။

"ခုမှရောက်တယ် ဒီရေရယ်။ ခဏ နားပါဦး။ အဲ့ Vinyl ကိစ္စကြီးကို ခေါင်းထဲဝင်နေတာထင်တယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဧည့်ခံပွဲကနေ အစောကြီးထပြန်လာတာလား"

"မဟုတ်ပါဘူး။ ဧည့်ခံပွဲက ပြီးနေပါပြီ။ Vinyl က မနက်ဖြန်အစ်ရမှာဆိုတော့ မမီမှာလည်း စိတ်ပူနေတယ်"

ဒီရေ့စကားအဆုံး ဘာမှရယ်စရာမပါဘဲ ဒေါ်တင်လတ်ဝေက တခစ်ခစ်ရယ်မောနေလေသည်။

"ဪ . . . ဖြစ်လေ ဒီရေရယ်။ မလတ် စိတ်ပူနေရမှာကို ဒီရေက ဝင်ပူပေးနေတယ်။ Customer ငြိငြင်မှာကို ဆိုင်ရှင်ဖြစ်တဲ့ မလတ်က စိုးရိမ်ရမှာပါ ဒီရေရဲ့"

မှုန့်နှံ့နှံ့စကားသံကြောင့် ဒီရေ ကျောခိုင်းထားရင်းမှ မျက်မှောင်ကြုတ်ထားလိုက်မိသည်။

တကယ်ဆို ဒီလိုစကားမျိုး သူမ မပြောသင့်ဘူးဟု ဒီရေထင်သည်။ အထူးသဖြင့် ဝန်ထမ်းတွေရှေ့မှာ ဒီရေ အလုပ်အပေါ်ပိုပြီး သိတတ်နားလည်ပြနေသည်ဟု သူမ ဆိုလိုလိုက်ခြင်းကို သူ နည်းနည်းမှ မကျေနပ်ချေ။

ဒေါ်တင်လတ်ဝေရဲ့ စကားတွေဟာ တစ်ခါတလေ ရိုးမလိုလိုနှင့် ဦးတည်ရာတွေ ပြောင်းပြီး ဆန်းသွား





တတ်၏။

"မလတ်က ဆိုင်ရှင်ဆိုပေမယ့် တကယ်တမ်း Customer တွေနဲ့ဆက်ဆံနေရတာ ကျွန်တော်ပဲလေ။ သူတို့အပ်ခဲ့တာ ဒီရေ့ဆီမှာဆိုတော့ အကောင်းအဆိုးက ဒီရေနဲ့ပဲဆိုင်တယ်။ အဲဒါကြောင့်ပါ"

သူ့စကားအဆုံး မချိုနွယ်က ဓာတ်ပုံတွေစီရင်း မသိမသာပြုံးလိုက်တာ မြင်ရလေသည်။ ဒီရေ့စကားကို ဒေါ်တင်လတ်ဝေက နည်းနည်းမှ စိတ်ဆိုးဟန်မပြဘဲ တဟင်းဟင်း ရယ်မောလိုက်ကာ . . .

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ။ နောက်ဆို ဆိုင်မှာ အမြဲနေနိုင်အောင်လုပ်ရမှာပေ့ါ။ ဒီလိုမှမဟုတ်ရင် ဆိုင်က တာဝန်အားလုံးက ဒီရေ့အပေါ်မှာပဲ ပိနေတော့မှာလေ"

"ကိစ္စမရှိပါဘူး။ ကျွန်တော်က ပိုက်ဆံယူပြီး အလုပ်လုပ်နေတာပါ။ အလုပ်ရှုပ်တာ မရှုပ်တာ ပြဿနာ မဟုတ်ပါဘူး"

အေးစက်စက်လေသံနှင့် ပြန်ပြောလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



ဒီရေ့စကားအဆုံး ဆိုင်ခန်းထဲမှာ ခေတ္တတိတ်ဆိတ်သွားသည်။ ဒေါ်တင်လတ်ဝေ စိတ်ဆိုးသွားလား မဆိုတတ်။ သူဂရုမစိုက်ပါ။

သူ့အတွက်တော့ ဒေါ်တင်လတ်ဝေ စိတ်ဆိုးလေ ပိုကောင်းလေပင်ဖြစ်သည်။

ခဏအကြာမှာ Sky ကို သွားသည့် ကိုမျိုး ပြန်ရောက်လာသည်။

"အဆင်ပြေခဲ့လား ကိုမျိုး"

"ဟုတ်ကဲ့။ ပြေပါတယ် အစ်ကို"

"ကိုမျိုးရေ ရွေးလာတဲ့ Vinyl တွေ မလတ်ဆီ ခဏယူခဲ့ပါဦး"

"အံမယ် . . . သူက ဘာနားလည်တာကျနေတာပဲ"

မချိုနွယ်က ခပ်တိုးတိုးပြောရင်း ဒီရေ့ဘက် လှည့်ကြည့်လေသည်။

ဒီရေ နှုတ်ခမ်းတွန့်ရှုံ့ပြုံးရင်း ကိုမျိုးကို Vinyl တွေ





သူမဆီယူသွားဖို့ လက်ပြလိုက်သည်။

ဒေါ်တင်လတ်ဝေက ကိုမျိုးယူလာသော Vinyl တွေကို ဖြန့်ကြည့်ရင်း . . .

"အင်း . . . Sky က ဆေးသားတော့မဆိုးပါဘူး နော်။ Vinyl က ဒီအတိုင်းကြည့်လို့လား မသိဘူး။ ဝါးနေတယ်"

"အဲဒါဝါးတာမဟုတ်ဘူး မလတ်။ သူက အဝေးက လှမ်းမြင်ရရင် အနေတော်ပဲလေ"

"ဩော် . . . ဟုတ်လား"

ကိုမျိုးက ခေါင်းတစ်ချက်ညိတ်ပြသည်။

"ကဲ . . . ကဲ . . . ယူသွားတော့ ဆေးနံ့တွေ အရမ်းမွှန်တယ်"

သူ သိသလိုလို ဘာလိုလိုနှင့် အလုပ်ကို စိတ်ဝင်စားသယောင်ပြုနေသော ဒေါ်တင်လတ်ဝေကို ကြည့်ပြီး အားလုံး ပြုံးမိကြပြန်သည်။

"ဒီရေ့ကိုပြောဖို့မေ့နေတာ။ အရေးအကြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



ဒီရေ့ကိုပဲ အကူအညီတောင်းရဦးမယ်။ မလတ် Birthday Party လုပ်မှာလေ။ ရှေ့လ စနေနေ့မှာလုပ်မှာ။ အဲဒါ အမှတ်တရလေးဖြစ်သွားအောင် ဗီဒီယိုရိုက်ချင်တယ်။ ဒီရေ့ အသိထဲမှာ Video Camera man ရှိလားဟင်။ မလတ်က ဆွစ်ဇာလန်က အစ်မဆီကို Birthday အမှတ်တရအခွေ လေး ပို့ပေးချင်တာ။ အဲဒါ ကူညီပေးဦးနော်"

မကူညီနိုင်ဘူးပြောလို့လည်း ရမှာမဟုတ်သည့် အဆုံး ဒီရေ သက်ပြင်းတစ်ချက် ကျိတ်ရှိုက်ရင်း ခေါင်းညိတ် ပြလိုက်ရသည်။ လူတွေအများကြီးရှိနေသည့်ကြားထဲက သူ့ကိုရွေးရွေးပြီး အားကိုးနေသော ဒေါ်တင်လတ်ဝေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပေါင်းလည်း များပြီ။

သူ့အတွက် စားဝတ်နေရေးပြည့်စုံရင် ပြီးရောဆို သည့် ခပ်ညံ့ညံ့အတွေးမျိုးရှိခဲ့လျှင် ဇကေရီကနေ အပြီး အပိုင် ထွက်လိုက်တာ ကြာပြီဖြစ်သည်။

ဘယ်အချိန်ထိ သည်းခံနိုင်ဦးမလဲတော့ မသိ သေးချေ။

ရွှေပဒေသာ



## အခန်း ( ၅ )

မိုးပြိုတယ်ဆိုတာကို စွန်ကလေးမမြင်ဘူးပေမယ့် ဒီကနေ့ဟာ စွန်ကလေးအတွက်တော့ မိုးပြိုတဲ့နေ့ပဲ ဖြစ်မှာ ပါ။

"အမေ"

စွန်ကလေးခေါ်သံက ကျယ်လောင်ပေမယ့် အဖျား ခတ်တိုးတုန်လို့ ရှုံးရှုံးနစ်နစ် တိမ်ဝင်သွားပြီး ဘာသံမှ ထွက် မလာနိုင်။

ရွှေပဒေသာ

www.burmeseclassic.com

www.burmeseclassic.com



အဖေ့တစ်ကိုယ်လုံးကို အဝတ်ဖြူကြီးနှင့် လွှမ်းအုပ်လိုက်ချိန်မှာ စွန်ကလေးငိုသံက အကျယ်ကြီးထွက်လာခဲ့သည်။

"အဖေ . . . အဖေ့ကို ဘယ်ခေါ်သွားမလို့လဲ။ ခဏနေကြပါဦး"

စူးရှသော သူမအော်ဟစ်ငိုယိုသံကို ဘယ်သူမှ ဂရုမစိုက်အား။ သူတို့ဆောင်ရွက်စရာရှိတာကို တိတ်ဆိတ်သွက်လက်စွာ ဆောင်ရွက်သွားကြလေသည်။

"အဖေ"

အဖေ့ကိုတင်သွားသော တွန်းလှည်းကို မှီလိုမှီငြား လိုက်ဆွဲမိသော်လည်း တစ်စုံတစ်ယောက်က သူမလက်ကို ဆွဲထားတာမို့ စွန်ကလေးနေရာမှာပဲ ကျန်ခဲ့ရ၏။

"စိတ်ကိုထိန်းမှပေါ့ စွန်ကလေးရယ်"

မေနွယ့်အသံက ရှိုက်သံသဲ့သဲ့ကလေး ပါနေသည်။

"ငါ ဘယ်လိုဖြေရမှာလဲ။ ဘယ်လိုဖြေရမှာလဲ။



အဖေ့ကို အခုမှ ဆေးရုံပို့တာ၊ ဆေးလေးတစ်လုံးတောင် မထိုးလိုက်ရဘဲ"

မေနွယ်က ခေါင်းကို ခပ်လေးလေး ခါယမ်းရင်း စွန်ကလေးပခုံးကို တင်းကျပ်စွာပွေ့ဖက်ထား၏။

"ဝေဒနာ မခံစားရဘဲ ဘဘက သက်သက်သာသာနဲ့ သွားရှာတာပါဟာ။ နင့်စိတ်ကို ထိန်းနော်"

တကယ်တော့ အဖေက ဆေးရုံမရောက်ခင်ကတည်းက အခြေအနေမကောင်းတော့တာဖြစ်မှာပါ။ ဆရာဝန်ကြီးရဲ့မှတ်ချက်အရ အဖေက ဦးနှောက်သွေးကြောပြတ်တာတဲ့။

အရက်တွေ ဒီလောက်သောက်မှတော့ ဖြစ်ပြီပေါ့။ စွန်ကလေးကို စိတ်မချဘဲ ထွက်သွားသတဲ့လား။ ဖြစ်ရလေ အဖေရယ်။

ကံကြမ္မာက ဒီလောက်တောင် ရက်စက်လှချည်လား။

"ငါ့မှာ အားကိုးစရာ ဒီအဖေတစ်ယောက်တည်း ရှိ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ အခုတော့ . . .”

စွန်ကလေးပြောလည်းပြော ဝမ်းပန်းတနည်း ငိုချလိုက်မိသည်။ အမေ သေတုန်းက စွန်ကလေး အဖေ့ရင်ခွင်မှာ ခိုဝင်မှီတွယ်ပြီး ငိုခဲ့ရသေးသည်။ အခု စွန်ကလေးဘဝရဲ့ တစ်ယောက်တည်းသော မှီခိုအားထားရာ အဖေဆုံးပြီမို့ စွန်ကလေးမှာ ဝမ်းနည်းတုန်လှုပ်စွာ ခိုဝင်ငိုကြွေးစရာရင်ခွင် နောက်တစ်ခုမရှိတော့ပါ။ ရှိခဲ့တယ်ဆိုရင်တောင်မှ . . .

“စွန်ကလေး ဦးလေး ဆုံးပြီဆို”

ရုတ်တရက်ကြားလိုက်ရတာ အသံကြောင့် စွန်ကလေး မျက်ရည်တွေကြားမှ ဆို့နင့်ကြေကွဲစွာ မော့ကြည့်လိုက်တော့ သူမရှေ့မှ စိုးရိမ်တကြီးမျက်နှာနှင့် ရပ်နေသော ဖွဲထက်ကို တွေ့လိုက်ရသည်။

သူ့မျက်နှာက စာနာသနားရိပ် ကရုဏာရိပ်တွေ မြင်ရမှ စွန်ကလေး ပိုပြီးဝမ်းနည်းအားငယ်သွားမိ၏။

“ဖွဲ”

ကတုန်ကယင် ခေါ်လိုက်သော စွန်ကလေးအသံ

•———ရွှေသော———•



အဆုံး ဖွဲထက်က သူမလက်ဖျားကလေးကို တင်းတင်းဆုပ်၍ နှစ်သိမ့်အားပေးရှာလေသည်။ ဒါပေမဲ့ သူကိုယ်တိုင်လည်း မျက်ရည်လည်တဲ့အထိ ဝမ်းနည်းနေတာမို့ စွန်ကလေး အင့်ခနဲတစ်ချက်ရှိုက်ရင်း ဖွဲထက်ပခုံးပေါ် ခေါင်းလေးမှီချလိုက်၏။

“အဖေ . . . အဖေ ဆုံးပြီ ဖွဲရယ်”

သူမပခုံးပေါ်က ဖွဲထက်လက်တွေက အေးစက်နေပေမယ့် တင်းကျပ်နေတာမို့ နွေးထွေးလုံခြုံလာသယောင် ခံစားရလေသည်။

“ငါတစ်ယောက်လုံးရှိပါသေးတယ် စွန်ကလေးရယ်”

ချစ်သူရဲ့အားပေးနှစ်သိမ့်သံကို မပီမသကြားလိုက်ရတဲ့နောက် စွန်ကလေး မျက်ရည်တွေ တဖြည်းဖြည်းခြောက်သွေ့သွားသည်။ ရင်ထဲက အပူသောကမီးတောက်တွေကို အပြီးအပိုင် မငြိမ်းပေးနိုင်သည့်တိုင် သူ့စကား တစ်ခွန်းက တဒင်္ဂတော့ သူမကို စိတ်သက်သာရာရစေပါသည်။

•———ရွှေသော———•

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် အားကိုးတကြီးမှီတွယ်တိုးဖက်ထားသော သူမတို့ဘေးမှ မေနွယ်က အလိုက်တသိ ရှောင်ထွက်သွား၏။

"ငါ နင့်ကို အမြန်ဆုံးလက်ထပ်နိုင်အောင် ကြိုးစားမယ် စွန်ကလေး။ ဒါမှ နင့်ကို ဂရုစိုက်စောင့်ရှောက်နိုင်မှာ ဟုတ်တယ်မှတ်လား"

စွန်ကလေး ခေါင်းညိတ်ခေါင်းခါမပြုဘဲ ငြိမ်သက်နှုတ်ဆိတ်နေမိသည်။ အဖေမရှိတော့တာနှင့် ယောကျ်ားတစ်ယောက် ကောက်ယူပစ်လိုက်တာပဲလို့ သူများစကားတင်းဆိုမှာ ဝေဖန်ကဲ့ရဲ့မှာ စွန်ကလေး စိုးရိမ်ပါသည်။

ဖွဲ့ထက်က စွန်ကလေးနဲ့ ဟိုးငယ်ငယ်လေးကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းအရင်းကြီးဖြစ်တာမို့ တစ်ယောက်အကြောင်းတစ်ယောက် အကြွင်းမဲ့သိသူတွေပင်။ ချစ်သူတွေဖြစ်ခဲ့ပေမယ့် ယခုအချိန်ထိ နင်တစ်ခွန်း ငါတစ်ခွန်းဆိုရင်း ပွင့်ပွင့်လင်းလင်း ရင်းနီးချစ်ခင်နေဆဲ ဖြစ်သည်။





သူငယ်ချင်းအချစ်ထက် ပိုမိုနိုင်မြဲရစ်နှောင်ခဲ့တာကလွဲရင် အားလုံး ရိုးသားဖြူစင်ဆဲဖြစ်သည်။

စွန်ကလေးမှာ အဝတ်အစားအသစ် ဘယ်နထည်ရှိတာကအစ ဘယ်သူ့ကို အကြွေးဘယ်လောက် ဆပ်စရာရှိတာကအဆုံး သိနေသော ဖွဲ့ထက်ဟာ တကယ်တမ်းတော့ စွန်ကလေးနှင့် တစ်ရပ်ကွက်တည်း တစ်လမ်းတည်းဖြစ်တာကလွဲပြီး ဘဝအခြေအနေချင်းကျတော့ မိုးနဲ့မြေ နီးပါးကွာခြားသူတွေလည်း ဖြစ်သည်။

ကုမ္ပဏီကြီးတွေထောင်ပြီး ချမ်းသာတဲ့အဆင့် မဟုတ်ပေမယ့် ဖွဲ့ထက်မိဘတွေက စတိုးဆိုင်အကြီးကြီးတွေ ဖွင့်ထားပြီး စွန်ကလေးတို့လို ရပ်ကွက်ကလေးမှာတော့ လူချမ်းသာစာရင်းဝင်တွေပင်။

ပေနှစ်ဆယ်၊ ပေလေးဆယ် ခြံဝင်းလေးတွေထဲက ပျဉ်ထောင်သွပ်မိုးအိမ်ကလေးတွေသာရှိတဲ့ ရပ်ကွက်မှာ ခြံကျယ်ကြီးနှင့် နှစ်ထပ်တိုက်အကြီးကြီးရှိပြီး ကိုယ်ပိုင်ကားနှင့် ပြည့်ပြည့်စုံစုံနေနိုင်သော မိသားစုမှာ ဖွဲ့ထက်က တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းသောသားဖြစ်သလို မိဘတွေက တုန်နေအောင် ချစ်တာလည်း စွန်ကလေးသိသည်။

ဒီအဆင့်နှင့်ဒီအဆင့် ကြင်နာလွန်းလို့ လက်ထပ်မည်ဆိုတာ နားထောင်လို့တော့ကောင်းပါရဲ့။ ဖြစ်နိုင်ချေကနည်းပါးလွန်း၏။

ကိုယ့်ဘဝကိုယ် နားလည်နေတာမို့ ရယ်စရာပြောရင်တော့ အပြည့်အဝ မပျော်ရဲသူပါ ဖွဲ့ရယ်။





## အခန်း ( ၆ )

"ဒီရေ . . . ခဏလောက်"

ဒေါ်တင်လတ်ဝေရဲ့ခေါ်သံက Stage ပေါ်မှ ဂီတသံတိုးတိုးကို ကျော်လွန် ဖောက်ထွက်လျက် စူးစူးရှရှပျံ့လွင့်လာတာမို့ ဒီရေ ထိုင်နေရာမှ လှည့်ကြည့်လိုက်သည်။

ကိုမျိုးက ဒီရေ့မျက်နှာကို အကဲခတ်သလို မော့ကြည့်ရင်း . . .

"အစ်ကို့ကို မလတ်ခေါ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၏။ ဒီရေမျက်မှောင်ကြုတ်ထားရာမှ သက်ပြင်းဖွဖွရှိုက်ပြီး နေရာမှ ထရပ်လိုက်သည်။

“နိုင်းစရာတစ်ခုခုရှိလို့ ဖြစ်မှာပေါ့”

“ဒါဆို ကျွန်တော်သွားလိုက်ရမလား”

ညီငယ်တစ်ယောက်၏ ရိုသေလေးစားမှုနှင့် ဒီရေ့အပေါ် အလိုက်တသိရှိလှသော ကိုမျိုးကို ကျေးဇူးတင်သွားမိ၏။

“ကျေးဇူးပဲကွာ . . . သွားလိုက်ပါဦး။ ဘာလိုလဲ မေးကြည့်လိုက်ပေါ့”

သူ ခြည့်သည်တွေနှင့် ဓာတ်ပုံရိုက်ချင်ပါသည်ဆိုလျှင် ကိုမျိုး သွားရုံနှင့် ကိစ္စက ပြီးလောက်သည်။ မဖြစ်မနေမှသာ ဒီပွဲကို သူလာရခြင်းဖြစ်ပေမယ့် လုံးဝစိတ်မပါ။ ပွဲစကတည်းက ချောင်ကျကျဝိုင်းမှာထိုင်ပြီး မြန်မြန်ပြီးပါစေလို့ သူ ဆုတောင်းနေခဲ့တာဖြစ်သည်။

ကိုမျိုးက ခေါင်းကုတ်လျက် ခပ်သွက်သွက်ပြန်လျှောက်လာသည်။





“ဘာတဲ့လဲ ကိုမျိုး”

“အစ်ကို့ကိုပဲ ခဏလာပါဦးတဲ့။ ကျွန်တော် သွားလို့ အော်နေသေးတယ်”

“ကျွတ်”

သူ စုတ်တစ်ချက်သပ်ရင်း ထိုင်နေရာမှ ထလိုက်သည်။

အထက်အောက် ငွေရောင်ဝတ်စုံနှင့် တောက်ပပြောင်လက်နေသော ဒေါ်တင်လတ်ဝေကို သူ တစ်ချက်လှမ်းကြည့်တော့ ဧည့်သည်တွေနှင့် ရယ်မောစကားပြောနေတာ တွေ့လိုက်ရ၏။

သူမ မျက်လုံးတွေက ဝတ်ထားသော စိတ်ထည်တွေနှင့်အပြိုင် တဖျပ်ဖျပ်တောက်ပလင်းလက်နေလေသည်။

ဒေါ်တင်လတ်ဝေနှင့် စကားပြောနေသော အမျိုးသမီးနှစ်ယောက်က ခပ်ရိုးရိုးတီရှပ်အပြာနရောင်နှင့် အရောင်လွင့်လွင့် ဂျင်း(န်)ပင်(န်)ကို တွဲဖက်ဝတ်ဆင်ထားပေမယ့် အားလုံးထက် ထင်းလင်းတောက်ပနေသော ဒီရေ့



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ဝင်တစားမျက်လုံးများနှင့် လှမ်းကြည့်ကြ၏။

"လာ . . . ဒီရေ မလတ်ခြည့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့ စောင့်နေတာ"

အတန်တန်ချိုးနှိမ်ထားခဲ့သည့်စိတ်က ရုတ်တရက်ပွင့်ထွက်ချင်လာသည်။ မျက်နှာမပျက်အောင် အတတ်နိုင်ဆုံး ထိန်းထားသည့်ကြားမှ နှုတ်ခမ်းကိုတင်းတင်းစေ့မိလေသည်။

မပြုံးမရယ်နှင့် အေးစက်စက်နိုင်လှသော ဒီရေ့ပုံစံကြောင့် ဒေါ်တင်လတ်ဝေဘေးက ဧည့်သည်တွေ မျက်နှာပျက်ကုန်တော့သည်။

ဒီရေ့ကိုကြည့်ပြီး ခပ်အမ်းအမ်းဖြစ်သွားသော ဒေါ်တင်လတ်ဝေက ဘာမှမဖြစ်သလိုဟန်ဆောင်ပြုံးရင်း

"ဆို့ . . . ဒါ ကိုယ်ပြောပြောနေတဲ့ ဒီရေဆိုတာလေ။ မောင်လေးတစ်ယောက်လိုပဲ အရမ်းအားကိုးရတာ။ ကေရီမှာ သူမရှိရင် မဖြစ်သလောက်ပဲ သိလား"

ဟု စကားမရှိစကားရှာ၍ မိတ်ဆက်ပေးလေသည်။

•——ရွှေဥဒေါင်း——•



"တွေ့ရတာ ဝမ်းသာပါတယ်။ အစ်မတို့က မလတ်ရဲ့ ငယ်သူငယ်ချင်းတွေလေ။ အရမ်းရင်းနှီးတာ။ နောက်လမ်းမှာတွေ့ရင် ခေါ်နော်"

သူ ဝတ်ကျေတန်းကျေခေါင်းညိတ်ပြပေမယ့် မျက်နှာက ထန်နေသည်။

ဒီရေ့ဘက်က သိပ်လိုလိုလားလား မရှိတာ သိနေသောကြောင့် ဧည့်သည်အမျိုးသမီးနှစ်ယောက်က ဒေါ်တင်လတ်ဝေကို ခပ်ကျိတ်ကျိတ်နှုတ်ဆက်ပြီး ထွက်သွားကြသည်။ မျက်နှာပျက် အနေခက်ပြီး ကျန်ခဲ့သည့် ဒေါ်တင်လတ်ဝေကို သူ ဂရုမစိုက်ဘဲ ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

"ဒီရေ"

"ပြော . . . ကျွန်တော် ဘာလုပ်ပေးရမလဲ"

ဒေါ်တင်လတ်ဝေက ပြုံးမဲ့မဲ့နှင့် ခေါင်းယမ်းပြသည်။ သူမမျက်နှာက ပြုံတော့မည့်မိုးလို ညိုမည်းမှောင်ပြာနေတာမို့ သူ ခပ်လွန့်လွန့်ပြုံးမိသည်။

•——ရွှေဥဒေါင်း——•

www.burmeseclassic.com

www.burmeseclassic.com



"မနိုင်းပါဘူး။ ဒါနိုင်းရမယ့်နေရာမှ မဟုတ်တာ"

"ကျွန်တော်က မလတ်ရဲ့အလုပ်သမား တစ်ယောက်ပါ။ အလုပ်ရှင်ခေါ်ရင် ဘာနိုင်းမလဲဆိုတာပဲ စိတ်ထဲ တွေးတယ်"

"တို့ကတော့ မင်းကို ဘယ်တုန်းကမှ အလုပ်သမားတစ်ယောက်လို့ သဘောမထားခဲ့ဘူး ဒီရေ"

ထိုစကားအတွက် သူ တစ်ခုခုပြောဖို့ဟန်ပြင်လိုက်ပေမယ့် သက်ပြင်းသာရှိုက်မိလေသည်။

မီးရောင်စုံအောက်မှာ ဟိုဒီသွားလာလှုပ်ရှားနေတဲ့ လူတွေကတော့ ဒီရေနှင့် ဒေါ်တင်လတ်ဝေရဲ့ မျက်ဝန်းအကြည့်ချင်း အားပြိုင်နေမှုကို ဘယ်သူမှမသိကြ။

"ခုနဆို တို့က ဒီရေ့ကို မောင်လေးတစ်ယောက်လိုသဘောထားလို့ အရာသွင်းပြီး တို့ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးတာ။ အဲဒါကို . . ."

တကယ်ဆို အဲဒါ မလိုအပ်ဘူးမှတ်လား။ ကျွန်တော့်အတွက်တော့ မလိုဘူးထင်တယ်"



- မကျေနပ်စိတ်ကြောင့် ဒီရေ့နှုတ်ခမ်းအစုံက တင်းတင်းစေ့ထားပေမယ့် ဒေါ်တင်လတ်ဝေရဲ့ တအံ့တဩပွင့်ဟသွားတဲ့ နှုတ်ခမ်းအစုံမှာ တဆတ်ဆတ်တုန်နေသည်။

သူ ပခုံးတစ်ချက်တွန့်ရင်း လှည့်ထွက်လာခဲ့သည်။ သူမ ဘယ်လိုပုံစံနှင့်ကျန်ခဲ့မလဲဆိုတာပင် စိတ်ထဲ မတွေးမိဘဲ အေးအေးဆေးဆေး လျှောက်လာခဲ့၏။

"ဘာပြောတာလဲ အစ်ကို။ မလတ်မျက်နှာ မကောင်းဘူး"

သူ့ရှေ့ကဝိုင်ခွက်ကို စူးစိုက်ကြည့်ရင်း ခေါင်းခါလိုက်သည်။

"အလကားပါကွာ . . . သူလုပ်သမျှ အပိုတွေချည်းပဲ မင်း သိသားနဲ့"

"အမြဲတမ်းတော့ သူလုပ်သမျှ အဓိပ္ပာယ်မမဲ့ဘူး အစ်ကို။ အခု အစ်ကို့ကို သူ့ဧည့်သည်တွေနဲ့မိတ်ဆက်ပေးတာ အကြောင်းရှိလိမ့်မယ်"

ကိုမျိုးပြောသလို သူမ ဧည့်သည်အမျိုးသမီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဒီရေနှင့်ပတ်သက်ပြီး တစ်စုံတစ်ခု ပြောထားနိုင်ပါသည်။ ဘာပြောထားသလဲလို့ သူ မစဉ်းစားချင်။

စဉ်းစားမိလျှင် ဒေါသဖြစ်ပြီး သူပေါက်ကွဲမိတော့မည်။ ခဏအကြာမှာ မွေးနေ့ကိတ်လှီးဖို့ ဒေါ်တင်လတ်ဝေနားမှာ လူတွေစုပြုံပိုင်းအုံလာကြသည်။ မချို့နွယ်က ဒီရေနှင့် ကိုမျိုးထိုင်နေရာဝိုင်းသို့ လျှောက်လာသည်။

"ကိုမျိုးတို့ လာလေ ဟိုမှာ Birthday wish လေး ဘာလေးလုပ်ရအောင်။ ဒီရေရော"

ဒီရေ သူမကို မျက်လွှာပင့်ကြည့်လိုက်သည်။

"ကျွန်တော် အမှတ်တရဓာတ်ပုံ ရိုက်ပေးမယ် မချို့နွယ်"

မချို့နွယ်က တစ်စုံတစ်ရာပြောတော့မည့်ဟန်ပြင်ပြီးမှ ခေါင်းတစ်ချက်ညိတ်ကာ လှည့်ထွက်သွားသည်။ သူ Camera man တစ်ယောက်ထံမှ Digital Camera လေးကို လက်ပြောင်းယူပြီး ခပ်လှမ်းလှမ်းမှာ နေရာယူလိုက်၏။

မွေးနေ့ဆုတောင်းသီချင်းသံအဆုံး လက်ခုပ်သံ





တွေ ညံသွားပေမယ့် ပြုံးနေတဲ့ဒေါ်တင်လတ်ဝေမျက်နှာက အသက်မပါ။

မွေးနေ့ကိတ်မုန့် တစ်ယောက်ချင်း လိုက်ခွဲနေတဲ့ ပုံတွေကို ဒီရေရိုက်ပေးနေတာမို့ ဒေါ်တင်လတ်ဝေမျက်နှာက သိပ်မကြည်လင်ချေ။ ထိုပုံစံကို အမိအရရိုက်ယူရင်း ဒီရေ့စိတ်ထဲက ကျိတ်ပျော်သွားမိသည်။ ဒါပေမဲ့ သူ့အပျော်တွေက သိပ်တာရှည်မခံလိုက်ပါ။

အားလုံး ဆူဆူညံညံအသံဗလံတွေ တိတ်ဆိတ်သွားတာမို့ လှမ်းကြည့်လိုက်တော့ သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာသည့် ဒေါ်တင်လတ်ဝေကို တွေ့လိုက်ရ၏။

သူမလက်ထဲမှာ အနီရောင်အရည်တွေနှင့် ဖန်ခွက်ရှည်လေးတစ်ခွက်။

သူမနှုတ်ခမ်းရဲရဲတွေက အစွမ်းကုန်ပြုံးထားပေမယ့် မျက်ဝန်းတွေရဲ့ ကောက်ကျစ်လျှို့ဝှက်မှုကို တွေ့နေရသည်။

သူမက အံ့ဩမှင်တက်နေသော ဒီရေ့ရှေ့မှာ ရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဘေးပတ်လည်ကလူတွေဘက်လှည့်လိုက်ကာ

"မလတ်ရဲ့ Birthday Party ကို ကြွရောက်လာတဲ့ မိတ်ဆွေသူငယ်ချင်းတွေ ညီအစ်ကိုမောင်နှမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီပွဲမှာ ထူးထူးခြားခြား မလတ်ကို ကူညီပေးခဲ့တဲ့သူတွေရှိပါတယ်။ အဲဒီအထဲမှာ ဒီရေလည်း အပါအဝင်ပေါ့နော်။ ခုန Birthday Cake ကျွေးတုန်းက သူ မပါတာ အားလုံးသတိထားမိမှာပါ။ အဲဒါကြောင့် သူ့အတွက် မွေးနေ့ရှင်က ဝိုင်တစ်ခွက်တိုက်ပါတယ်။ အားလုံး သဘောတူကြရဲ့လားရှင်"

"တူပါတယ် . . . တူပါတယ်"

ဟေးခနဲအော်သံနှင့်အတူ လက်ခုပ်သံတွေ ဆူဆူညံညံ ထွက်ပေါ်လာသည်။ အားလုံးထဲမှာ လက်ခုပ်မတီးသူဆိုလို့ ကိုမျိုးတစ်ယောက်တည်းပင်။ ဒေါ်တင်လတ်ဝေ ဘာအကွက်ထွင်မလဲဆိုတာကို မမှိတ်မသုန် စောင့်ကြည့်အကဲခတ်နေဟန်ရှိလေသည်။

ဒေါ်တင်လတ်ဝေက သူ့ထံသို့ ဝိုင်ခွက်ကမ်းပေး



သည်။

"ဟေး"

အော်သံနှင့်အတူ နောက်ထပ်လက်ခုပ်သံတွေ ထွက်လာပြန်၏။ ဒီရေ ဝိုင်ခွက်ကို လှမ်းယူပြီး နှုတ်ခမ်းနားမှာ တေ့လိုက်သည်။ ဒေါ်တင်လတ်ဝေက ပြုံးရင်း လက်ခုပ်တီးသည်။

အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးနှင့် ပီတိဖြစ်နေသော ဒေါ်တင်လတ်ဝေကိုကြည့်ပြီး အာရုံထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံလာ၏။

သူ့နှုတ်ခမ်းနားတေ့ထားတဲ့ ဝိုင်ခွက်ကို ပြန်ချလိုက်သည်။ ရုတ်တရက် အရောင်ပြောင်းသွားတဲ့ ဒေါ်တင်လတ်ဝေမျက်နှာကိုကြည့်ရင်း သူ ဆုံးဖြတ်ချက်မှန်သွားကြောင်း အလိုလိုနားလည်လိုက်၏။

ထို့နောက် သူ ဖန်ခွက်ထဲကဝိုင်ကို မြင်ခင်းပေါ်သို့ ဖြည်းဖြည်းချင်း သွန်ချပစ်လိုက်တော့ တအံ့တဩ အာမေဋိတ်သံတွေ ဟိုမှ ဒီမှ ပျံ့လွင့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဒေါသကြောင့် နီမြန်းနေတဲ့ ဒေါ်တင်လတ်ဝေ မျက်နှာက ကြောက်မက်ဖွယ် ခက်ထန်နေသည်။

"မင်း . . . ဘာလုပ်လိုက်တာလဲ ဒီရေ"

"ခင်ပျားမြင်တဲ့အတိုင်းပဲ"

သူမရဲ့ညာလက်က ရုတ်တရက် မြောက်တက်သွား၏။ ဒီရေလည်း ဒီလောက်တော့ မအပါ။ လက်ထဲက ဖန်ခွက်ကို လွှတ်ချပြီး သူမရဲ့လက်ကို အချိန်မီဖမ်းထိန်းထားလိုက်နိုင်သည်။

ဒေါ်တင်လတ်ဝေရဲ့ ညာလက်ကို သူ့လက်ထဲမှာ ကျိုးကြေသွားမတတ် ဖိဆုပ်ထားပြီးမှ ဆောင့်ခနဲလွှတ်ခါ ချလိုက်ရင်း သူမမျက်နှာကို စူးစူးစိမ်းစိမ်းစိုက်ကြည့်ကာ . .

"ကျွန်တော်က ခင်ပျားထင်သလို ခပ်ပေါပေါ ယောက်ျားတစ်ယောက် မဟုတ်ဘူး ဒေါ်တင်လတ်ဝေ။ ခင်ပျားတွေ့ချင်တဲ့လူမျိုး တခြားမှာ သွားရှာကြည့်လိုက်ဦး"

စကားအဆုံး သူ ထိုနေရာမှ ကျောခိုင်းထွက်လာခဲ့၏။ စကားသံတွေ တိတ်ဆိတ်သွားသောခြံထဲမှာ ဒေါ်တင်





လတ်ဝေရဲ့ငိုသံက ခပ်သဲ့သဲ့လေး ထွက်ပေါ်နေသည်။

တကယ်တော့ သူမရဲ့ပျော်ရွှင်စရာကောင်းတဲ့ မွေးနေ့ပွဲကို အရုပ်ဆိုး အကျည်းတန်သွားစေဖို့ မရည်ရွယ်ခဲ့ ရိုး အမှန်ပါ။

တစ်ယောက်ရဲ့သိက္ခာကို အဖတ်ဆည်ဖို့ တခြား တစ်ယောက်ရဲ့သိက္ခာကို ရင်းလိုက်ရတဲ့အဖြစ်က မတရား ဘူးဆိုလျှင်တောင် စ Foul တဲ့သူ အရှုံးဟုသာ သတ်မှတ် ကြလိမ့်မည်။

ဒီရေကတော့ ကိုယ့်ရဲ့ကိုယ်ကျင့်သိက္ခာကို ဘယ် လိုအားတုံ့အားနာဖြစ်မှုမျိုးနဲ့မှ လဲလှယ်မည့်ယောက်ျား တစ် ယောက် မဟုတ်ချေ။

သူထွက်ခဲ့တာ မွေးနေ့ပါတီမှ မဟုတ်။ ဒေါ်တင် လတ်ဝေပိုင်ဆိုင်သော ဇာတီမှ အပြီးတိုင်ထွက်ခဲ့ခြင်းသာ ဖြစ်၏။

သူ ထိုခြံနှင့်ဝေးရာသို့ လျှောက်လာရင်း စိုးရိမ် တကြီး မျက်လုံးအကြည့်တို့နှင့် သတိပေးလိုက်သည့် ကိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျေးဇူးတင်နေမိသည်။ ပြန်တွေ့လျှင်တော့ ကျေးဇူးတင် စကားပြောရဦးမည်။ ဒေါ်တင်လတ်ဝေရဲ့ ထောင်ချောက်က လွတ်မြောက်ဖို့ သူ အများကြီးကူညီခဲ့တာ ဒီရေ အမြဲ အမှတ်ရနေတော့မှာဖြစ်၏။





အဖေ့အတွက် ရက်လည်ဆွမ်းသွတ်ပြီး နောက် တစ်နေ့မှာတော့ အလုပ်သွားဖို့ ပြင်ဆင်နေတဲ့ စွန်ကလေး ဆီကို မေနွယ်ရောက်လာသည်။ စွန်ကလေး ထမင်းချိုင့်ကို လက်စသတ်ပိတ်ပြီး ခြင်းထဲထည့်လိုက်ရင်း အိမ်ပေါ်တက် လာတဲ့ မေနွယ့်ကို စကားလှမ်းပြောလိုက်၏။

"ဟယ် . . . မေနွယ် ဂါအခုပဲထွက်လာတော့မလို့ ဟိုရက်က အိမ်ရေးပျက်တာတွေ များတော့ ဒီမနက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရာထ နောက်ကျသွားတာ။ ဟင်းချက်ဖို့တောင် မမီပါဘူး ဟာ။ တော်သေးတာပေါ့။ မနေ့ညက ငါးခြောက်ကြော်နည်းနည်း ကျန်သေးလို့။ နင်ရော ဘာချက်လဲ"

မေနွယ်က တစ်ခွန်းမှပြန်မဖြေသေးဘဲ သူမ မျက်နှာကိုသာ အသေအချာစိုက်ကြည့်နေလေသည်။

"ဟဲ့ . . . နင်က ငါ့ကို ဘာတွေအထူးအဆန်းလုပ်ပြီး ကြည့်နေတာလဲ။ အလုပ်သွားဖို့ နောက်ကျနေဦးမယ်။ လာလေ"

"နေစမ်းပါဦး။ ငါ နင့်ကိုပြောစရာရှိသေးတယ်"

သူမစကားအဆုံး စွန်ကလေးက မျက်နှာက မညီမညာ သနပ်ခါးမှုန်တွေကို လက်နှင့်ဖိပွတ်ဖျက်ရင်း . . .

"သွားရင်း လာရင်း ပြောကြတာပေါ့ဟာ။ လာပါ"

"နင်ကလည်း သွားမယ်ဆိုတာချည်းပဲ။ ငါ ပြောတာ ဆုံးအောင် နားထောင်ပါဦး"

စွန်ကလေးက သူမမျက်နှာကို နားမလည်သလို ကြည့်ရင်း ဘေးမှာဝင်ထိုင်သည်။





မေနွယ် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး ခပ်တိုးတိုးလေသံနှင့် . . .

"အလုပ်သွားဖို့မလိုတော့ဘူး စွန်ကလေး"

ဟု ပြောလိုက်လေသည်။

"ဘယ်လို . . . အလုပ်သွားဖို့မလိုဘူး ဟုတ်လား။ နင် ငါ့ကို ဘာလာနောက်နေတာလဲ။ အလုပ်မသွားရအောင် ငါက ထီပေါက်ထားလို့လား"

မေနွယ်က ခေါင်းတစ်ချက်ခါယမ်းရင်း စွန်ကလေး မျက်နှာကို ငေးစိုက်ကြည့်ကာ . . .

"ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်းရယ်။ ငါ ဟိုရက်တွေက နင် စိတ်ဆင်းရဲနေတာကြည့်ပြီး ပြောမထွက်လို့ မပြောခဲ့တာ။ နင် အလုပ်ဆင်းလို့မရတော့ဘူး"

"ဘာ"

"ဟုတ်တယ်။ အလုပ်က ခွင့်သုံးရက်ထက် ပိုယူလို့ မရဘူးတဲ့"

"ဒါက နာရေးလေ။ နင် သေချာမပြောပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောပြပါတယ်။ ဒါပေမဲ့ ငါတို့ Supervisor အကြောင်း နင်လည်း သိနေတာပဲ။ နင့်ကို Overtime တွေ မဆင်းလို့ သူက သိပ်ကြည်တာမဟုတ်ဘူး။ ပြီးတော့ ဒီရက် မတိုင်ခင် နင် နေ့တစ်ဝက်ခွင့်တွေလည်း ယူထားသေးတယ်ဆို။ အဲလောက်ရက်ပျက်များတဲ့ ဝန်ထမ်းကို သူတို့ မလိုချင်ဘူးတဲ့။ ငါနဲ့လည်း စကားများရသေးတယ်။ စိတ်မကောင်းမဖြစ်ပါနဲ့ဟာ နင်က ပညာတတ်ပဲ။ ဘွဲ့လည်းရတော့မယ်။ အလုပ်တွေပေါပါတယ်။ ကုမ္ပဏီတွေမှာ စာရေးမတို့ ဘာတို့ လုပ်လို့ရတယ်။ ပြီးတော့ နင်က ရုပ်လည်း လှတယ်။ အလုပ်လျှောက်ရင် ရုပ်ရည်ကလည်း အဓိကကျတယ်ဟ"

သူမ ဘယ်လောက်ပဲအားပေးစကားတွေ ပြောပြော စွန်ကလေး မျက်ရည်ဝဲနေမိပြီ။

အလုပ်တစ်ခုရဖို့ဆိုတာ လွယ်တာမှတ်လို့။

ကုမ္ပဏီမှာ စာရေးတို့၊ အတွင်းရေးမှူးတို့ဆိုတာ ရုပ်လှတာတစ်ခုနဲ့တင် ဖြစ်တာမှ မဟုတ်တာ။

———ရွှေအသွေး———



LCCI တို့၊ Computer တို့ ရဦးမှ။ ဘယ်မှာလဲ အဲဒီတတ်ပညာတွေ။

စွန်ကလေးက ဘာသင်တန်းတွေတက်ဖူးလို့ ဘာတွေရမှာလဲ။

အတွေးနဲ့တင် စိတ်ဓာတ်က ဟိုးအောက်ဆုံးအထိ ကျနေပြီ။

"ငါသွားတော့မယ်နော်။ ဘာမှစိတ်ညစ်မနေနဲ့။ နင့်အတွက် အလုပ်တစ်ခုရအောင် ငါ ရှာပေးမယ် သိလား။ နင်လည်း လက်လှမ်းမီသလောက် စုံစမ်းပေါ့ဟာ"

မနွယ်ထွက်သွားတဲ့အထိ စွန်ကလေး ငူပြီးထိုင်နေမိသည်။ အရမ်းဝမ်းနည်းသွားတာ မဟုတ်ပေမယ့် စိတ်ဓာတ်ကျတာရော၊ စိတ်လေတာရော ရှုပ်ယှက်ခတ်နေပြီး စွန်ကလေး မျက်ရည်ကျမိသည်။

ဆုံးရှုံးမှုနဲ့အတူ ဝမ်းနည်းပူဆွေးမှုဆိုတာ ဆက်တိုက်လိုလို ဝင်လာခဲ့မယ်မှန်း စွန်ကလေး မသိခဲ့ပါ။

စွန်ကလေးနဲ့ရွယ်တူတွေ သူမလို လောကနဲ့

———ရွှေအသွေး———

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုမျိုး ခံစားနေရသလားလို့ တွေးမိသည်။ ဆယ့်ကိုးနှစ်ဆိုတဲ့အသက်ဟာ ဒီနိုင်ငံမှာ မိဘအုပ်ထိန်းမှုအောက်မှာ ပညာသင်နေဆဲသာ ဖြစ်သည်။

စွန်ကလေးကတော့ ဘဝရှင်သန်ရပ်တည်ရေးအတွက် ရင်လေးနေရပြီ။

"စွန်ကလေး ရှိလား"

ကြားဖူးပေမယ့် နားထဲမှာ စိမ်းသတ်နေသောလေသံကြောင့် စွန်ကလေး ခေါင်းထောင်ကြည့်လိုက်သည်။ အိမ်ရှေ့ရောက်နေသူက ဖွဲ့ထက်တို့အမေ ဖြစ်နေတာမို့ စွန်ကလေး ပျာပျာသလဲ ထရင်း အခန်းထောင့်က သင်ဖြူးဖျာပေါင်းကလေးကို ခင်းလိုက်သည်။ ပြီးမှ အိမ်ရှေ့ထွက်၍ ဧည့်သည်ကြိုပြုရ၏။

"အိမ်ထဲဝင်ပါဦး အန်တီ"

ဖွဲ့ထက်အမေက အိမ်ထဲကို တစ်ချက်ဝေ့ကြည့်ပြီး မျက်နှာထားတင်းတင်းနှင့် အိမ်ပေါ်တက်လာသည်။ တစ်ရပ်ကွက်တည်းသားချင်းမို့ နာရေးကိစ္စ သတင်းလာမေးခြင်းဟု



ထင်မိသော်လည်း သူမရဲ့မျက်နှာအမူအရာကြောင့် စွန်ကလေး နည်းနည်းတော့ ရင်ထိတ်သွားမိပါသည်။

"ထိုင်ပါ . . . အန်တီ"

မာနရောင်တလက်လက်ထွက်နေသော သူမရဲ့အကြည့်တွေအောက်မှာ စွန်ကလေးတို့ရဲ့အိမ်ကလေးက နဂိုရှိရင်းစွဲထက်ပင် ပို၍ နုံချာစုတ်ပြတ်သွားသယောင် ထင်ရ၏။ ဖွဲ့ထက်အမေရဲ့နာမည်က ဒေါ်ခင်မေသီဖြစ်ပေမယ့် ဘယ်သူမှ နာမည်မခေါ်ကြတာမို့ စွန်ကလေးလည်း တရင်းတနှီး မခေါ်ရဲပါ။

ဒေါ်ခင်မေသီက စွန်ကလေးခင်းပေးထားသော သင်ဖြူးဖျာကလေးကို အဆိပ်ရှိသတ္တဝါတစ်ကောင်ကို ကြည့်ပုံမျိုးနှင့် ဂရုတစိုက်ကြည့်ပြီးမှ မရဲတရဲ ဝင်ထိုင်သည်။

"ဒီမှာ မင်းတစ်ယောက်တည်းနေတာလား"

"ဟုတ်ကဲ့ . . . အဖေမရှိတော့ဘူးဆိုတော့ စွန်ကလေး တစ်ယောက်တည်းပါပဲ"

ဒေါ်ခင်မေသီက ခေါင်းတစ်ချက်ညိတ်ရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး အဆင်ပြေတယ် မှတ်လား"

"ရှင်"

ဘာကိုဆိုလိုမှန်း စွန်ကလေး တကယ်နားမလည်တာမို့ တအံ့တသြရေရွတ်လိုက်မိပါသည်။

"မင်းအဖေနာရေးကိစ္စနဲ့ဆိုတော့ မင်းမှာ အခက်အခဲရှိမှာပဲလေ။ အဲဒါကြောင့် မေးတာပါ"

ဒေါ်ခင်မေသီမေးတာ ငွေရေးကြေးရေးအခြေအနေ ဖြစ်ပါလိမ့်မည်။

"ဟုတ်ကဲ့ . . . ပြေပါတယ် အန်တီ"

"မင်းတစ်ယောက်တည်းအနေနဲ့တော့ ဘယ်အဆင်ပြေမှာလဲ။ ဖွဲ့ထက်ဆီကတော့ အကူအညီယူရမှာပေါ့နော်"

သူမစကားကြောင့် စွန်ကလေး ပါးစပ်အဟောင်းသားနှင့် အံ့သြမှင်တက်သွားရလေသည်။

တကယ်တမ်း စွန်ကလေး အကူအညီယူခဲ့တယ်ဆိုရင်တောင် ဖွဲ့ထက်ဆီက ငွေကြေးတစ်ပြားတစ်ချပ်မှ မပါ



ပါ။ ဖွဲ့ထက်ပေးတာတောင် သူမ ဘယ်ကလက်မှမခံခဲ့တာ။ အရပ်ကောင်းလို့ အလောင်းလှခဲ့ရတဲ့ အဖေ့အတွက် အသုဘစရိတ်က ပြောပလောက်အောင် မကုန်ခဲ့တာ။

ဖွဲ့ထက်လာကူညီနေတယ်ဆိုတာ စွန်ကလေးကို အားပေးနှစ်သိမ့်ရုံသက်သက်ပါပဲ။ သူမထင်သလို ငွေရေးကြေးရေးအထောက်အပံ့ပေးတာမျိုး မရှိခဲ့ပါ။

"အန်တီ ဘာကိုဆိုလိုတာလဲ။ စွန်ကလေး ဖွဲ့ထက်ဆီက ငွေကြေးနဲ့ပတ်သက်ပြီး ဘာမှအကူအညီ မယူခဲ့ဖူးဘူး"

ဒေါ်ခင်မေသီက မဲ့ပြုံးပြုံးလေသည်။

"တကယ်လို့ ယူခဲ့တယ်ဆိုရင်လည်း အန်တီက ဘာမှအပြစ်မပြောပါဘူး။ လိုအပ်တယ်ဆိုရင်တောင် အန်တီတို့က ထပ်ကူညီဦးမှာ။ ဒါပေမဲ့ တစ်ခုတော့ မင်းသိထားပါ။ ဖွဲ့ထက်ကို တော်ရုံမိန်းကလေးနဲ့ သဘောမတူနိုင်ဘူး။ အန်တီတို့က သားကို ဒီထက်မက အများကြီးမျှော်လင့်ထားတာ။ မင်းဘက်က စိတ်ကူးယဉ်နေတဲ့ကိစ္စကြီးကို မေ့ပစ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



စွန်ကလေးမျက်လုံးထဲ မီးပွင့်မီးပွားတွေ ဖြန်းခနဲ လွင့်စင်သွားသလို ခံစားလိုက်ရပြီး ခေါင်းတစ်ခုလုံး ပြာဝေ မူးနောက်သွားရလေသည်။ ဘဝဆိုတာ ကြိုးတန်းတစ်ခုလို ပဲ မဟုတ်လား။

မြင့်နေရင်သာ ငုံ့လျှိုးဝင်လာကြမှာ။ နိမ့်နေရင်တော့ အားလုံးကျော်လွှားနင်းဖြတ်သွားမှာချည်းပဲဆိုတဲ့ အသိက စွန်ကလေး သိစိတ်ထဲမှာ လင်းလက်လာတာမို့ ဘာမှ ရင့်ရင့်သီးသီး မတုံ့ပြန်ဘဲ ပြောသမျှ ဆိုသမျှကို ခေါင်းငုံ့နားထောင်နေလိုက်သည်။

“စိတ်ချပါ အန်တီ။ ဒီကနေ့ကစပြီး ဖွဲထက်နဲ့ လုံးဝ မပတ်သက်တော့ဘူးလို့ စွန်ကလေး ကတိပေးပါတယ်”

စွန်ကလေးစကားကြောင့် ဒေါ်ခင်မေသီ့မျက်နှာ က ဝင်းခနဲဖြစ်သွားသည်။

ဆင်းရဲပေမယ့် သူ့အခြေအနေ၊ ရုပ်ရည်၊ ပညာ လေးနှင့် ရပ်တည်နေထိုင်သော စွန်ကလေးလို မိန်းကလေး တစ်ယောက်က ယခုလို အလွယ်တကူပြောရုံနှင့် ခေါင်း

ရွှေဒေဝါ



ညိတ်နောက်ဆုတ်ဖို့ ကတိပေးလိုက်ခြင်းကို မယုံနိုင်အောင် ပင် ဖြစ်သွားရသည်။ စွန်ကလေးကတော့ နာနာကျင်ကျင် ပြုံးလိုက်မိ၏။

“စွန်ကလေးဆီက ဒီလိုစကားမျိုးကြားရတာ ဝမ်း သာပါတယ်။ အန်တီတို့အနေနဲ့ မင်းကို ကိုယ့်တူမသားချင်း လေးလို စောင့်ရှောက်နိုင်ပါတယ်။ ရပ်ဆွေရပ်မျိုးတစ် ယောက်လို လိုအပ်တဲ့အကူအညီရှိလည်း ပြောပါ”

ပြောလက်စ စကားကို ခဏရပ်ပြီး ဒေါ်ခင်မေသီ က လက်ပွေ့အိတ်ကြီးထဲမှ စာအိတ်ဖြူဖြူတစ်အိတ်ကို ထုတ်သည်။

“ဒါ . . . စွန်ကလေးအဖေရဲ့ နာရေးအတွက် အန်တီတို့ ကူညီတဲ့ငွေပါ။ လက်ခံနော်”

အဖေ့နာရေးအတွက် ကူငွေဆိုတော့ မငြင်းသင့် တာမို့ စွန်ကလေး လက်ခံလိုက်ပါသည်။

အတတ်နိုင်ဆုံးတော့ စွန်ကလေး မိကောင်းဖခင် သားသမီးပီသချင်သည်လေ။

ရွှေဒေဝါ

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ပြန်ဦးမယ်"

"ဟုတ်ကဲ့"

စွန်ကလေး ခြံဝအထိလိုက်ပို့ပေးလိုက်၏။ အလာ တုန်းကလောက် ခက်ထန်တင်းမာခြင်းမရှိတော့သည့် ဒေါ် ခင်မေသို့မျက်နှာက အပြုံးရိပ်တွေ ထင်နေသေးသည်။

နာရေးကူငွေဆိုပြီး ပေးခဲ့သော စာအိတ်ကို ဖွင့် ကြည့်လိုက်တော့ ငါးထောင်တန်တစ်အုပ်ကို တွေ့ရသည်။ ရေကြည့်တော့ အားလုံး အရွက်နှစ်ဆယ်တိတိမို့ တစ်သိန်း ဖြစ်၏။ ကူငွေထဲမှာ ပမာဏအများဆုံးဖြစ်ပြီး တကယ်တော့ အဖေ့အသုဘခရိတ်အမည်ခံ ငွေတစ်သိန်းနှင့် စွန်ကလေး ရဲ့နှလုံးသားကို သဂြိုဟ်စေခဲ့ခြင်းသာဖြစ်သည်။ စွန်ကလေး မျက်ရည်တွေကြားမှ နာကြည်းစွာ ဟားတိုက်ရယ်မောပစ် လိုက်လေသည်။





## အခန်း ( ၈ )

"တောက်"

သူ တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပြီး ရှေ့ က ကျောက်ခဲသေးသေးလေးကို အားရှိပါးရှိ လှဲကန်ပစ် လိုက်သည်။

ကျောက်ခဲလေးက ကန်ထဲကို ပလုံခနဲမြည် အောင် ပြုတ်ကျသွားသည်။

မိုးက ခပ်ဖွဲဖွဲရွာနေတာမို့ သူ ကန်ဘောင်က



www.burmeseclassic.com

www.burmeseclassic.com



ခုံတန်းတစ်ခုမှာ ဝင်ထိုင်နေလိုက်သည်။ အလုပ်ထွက်လာရလို့ စိတ်မကောင်းတာမဟုတ်ပေမယ့် ရုတ်တရက်အပြောင်းအလဲကို မနေတတ်စွာ ခံပြင်းဒေါသဖြစ်နေမိ၏။

သူ့ရည်မှန်းချက်တွေ မပြည့်ခင် တစ်ခုခုလွဲချော်တိမ်းစောင်းသွားမှာ အကြောက်ဆုံးပင်။

အတတ်နိုင်ဆုံး သူ့ဘက်က အမှားအယွင်းကင်းအောင်နေခဲ့သည့်တိုင်အောင် မဟုတ်မခံစိတ်က သူ့ကို အရာရာသည်းခံခွင့်မပြုခဲ့ချေ။

တကယ်တော့ သူ ကေရီက ထွက်ခဲ့တာ အမှားတစ်ခုတော့ မဟုတ်ပါ။ ကိုယ်ပိုင်ဆိုင်တစ်ဆိုင် မထူထောင်နိုင်ခင် လစာကောင်းသောအလုပ်တစ်ခုကို စွန့်လွှတ်လိုက်ရခြင်းအတွက် သူ့စိတ်ထဲ မကျေမနပ်ဖြစ်မိတာတော့ အမှန်ပင်။

သူ့အတွက် အလုပ်တစ်ခုရဖို့ သိပ်တော့မခဲယဉ်းပါ။ ဒါပေမဲ့ ဒေါ်တင်လက်ဝေကို ဒေါသဖြစ်နေတာတော့ သွေးပူနေတုန်းမို့လား မသိ။ လုံးဝမပြယ်သေးပါ။



"တောက်"

"ဘယ်နှုံကြိမ်မြောက်မှန်း မမှတ်မိနိုင်တော့သော တောက်ခေါက်သံအဆုံး သူ့ခြေထောက်နားမှာ တွေ့ရသည့် ကျောက်ခဲတစ်လုံး လွှဲကန်မည်ပြုနိုက် . . .

"ဒေါက်"

"အ"

သူ နောက်စေ့ကို လက်နှင့်ဖိအုပ်ရင်း နှုတ်က အခန့် အသံထွက် ညည်းညူလိုက်မိသည်။

ဒီရေ ဟိုဟိုဒီဒီကို ဝေ့ဝဲကြည့်လိုက်၏။

တွေ့ပြီ။ တရားခံကို သူ တွေ့လိုက်ပါပြီ။

ခြေထောက်နားနီးစပ်သမျှ ကျောက်ခဲ၊ အအေးဘူးခွံ၊ ပလတ်စတစ်တွေကအစ ဘာမှအလွတ်မပေးဘဲ ကန်ကျောက်လာသည့် ကောင်မလေးတစ်ယောက်။

ပခုံးပေါ်မှာ အုပ်အုပ်ဝဲဝဲလေးရှိနေသည့် ဆံပင်တွေက ထူထဲနက်မှောင်နေပြီး အစွမ်းကုန် တွန့်ချိုးမှုန်ကုပ်ထားသည့်မျက်နှာပေါ်က မျက်ခုံး၊ မျက်လုံးတွေက အံ့ဩ

www.burmeseclassic.com

www.burmeseclassic.com



ငေးမောချင်စဖွယ် လှပနေလေသည်။

မို့ဖောင်းနေသော ပါးနစ်ဖက်က ပန်းရောင်ပြေပြေ သမ်းနေပြီး ပုလဲတွေလို ညီညာဖြူဖွေးသည့် သွားစွယ်ကလေးတွေနှင့် ဖိကိုက်ထားခြင်းခံရသော နှုတ်ခမ်းလေးကတော့ နီစွေးနေမှာ သေချာလှပါသည်။

ကြိုးရှည်အိတ်လေးကို စလွယ်သိုင်းထားသောပုံစံက တကယ့်ကလေးလိုလို ဘာလိုလို။

ဝတ်ထားသည့် ဂျင်း(န်)ပန်ကြောင့် ပြည့်တင်းသောခန္ဓာကိုယ်လေးက ထင်းထင်းရှင်းရှင်းလှပနေပေမယ့် ခါးနားမှာ ဖုထုံးလေးဖြစ်အောင် စချည်ထားသော စပို့ရှည်အပြာလေးကတော့ နွမ်းဖျော့ဖျော့ကလေး ဖြစ်နေသည်။

ကတ္တီပါခြေညှပ်ဖိနပ်ပါးလေး စီးထားတာမို့ ဖြူဖွေးဝင်းမွတ်နေသော ခြေဖမိုးလေးနှင့် ပန်းသွေးရောင်ရဲရဲ ခြေချောင်းလေးတွေပါ အတိုင်းသားမြင်နေရ၏။

သူမပုံစံကလည်း တစ်လောကလုံးကို မကျေမနပ် အရှုံ့တိုက်လိုခြင်းတွေနဲ့ ခံပြင်နာကြည်းလာပုံပင်။ နောက်စေ့



က ပူထူစပ်ဖျင်းသွားသော ဝေဒနာကြောင့် ဒေါသဖြစ်သွားသော ဒီရေမှာ သူမကို ကြည့်ပြီး ဝမ်းနည်းရမလို အံ့ဩရတော့မလို ဖြစ်သွားသည်။

လူတစ်ယောက်လုံးထိုင်နေတာ မင်း မမြင်ဘူးလား။ ဘာညာဆိုပြီး သွားအော်ဖို့ပြင်နေတဲ့ ဒီရေမှာ ကောင်မလေးရဲ့အပြုအမူကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။

သူမက ဒီရေရဲ့ညာဘက်က ခုံတန်းလျားမှာ ဆောင့်ခနဲဝင်ထိုင်ပြီး ပါးစပ်ကြီး အသားကုန်ဟကာ အားရပါးရ ငိုချလိုက်တာမို့ သူ မျက်လုံးပြူးသွားမိသည်။

သူမငိုတာ (သူမြင်ဖူးသလောက်) မိန်းကလေးတစ်ယောက်ငိုတာနှင့် လုံးဝမတူဘဲ လိုချင်တာမရသော ကလေးတစ်ယောက်၏ ညစ်ကျယ်ကျယ် သံကုန်ခြစ်အော်ငိုပုံနှင့်သာ တူနေပါသည်။

သူမငိုသံမှာ အတော်လေးကျယ်ပါသည်။

တော်သေးရဲ့။ ဘေးနားမှာ လူရှင်းနေပေလို့။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဆိုင်ဘဲ သူမအစား ဒီရေပင် ရှက်သလိုလိုကြီး ဖြစ်လာသည်။ ထိုကောင်မလေးကတော့ သိပ်ဂရုစိုက်ဟန်မတူ။ စိတ်မနှံ့တာမျိုးလည်း မဟုတ်ဘဲ တစ်ယောက်တည်းထိုင်ပြီး တအီးအီးနှင့် နှပ်တွေ မျက်ရည်တွေကို ဘယ်ပြန်ညာပြန်သုတ်ပြီး ကလေးတစ်ယောက်လို အော်အော်ငိုနေသော သူမကိုကြည့်ပြီး ဒီရေ ရယ်ချင်လာသည်။

သူမကတော့ ဘေးချင်းကပ်ရပ်က ခုံမှာရှိနေသော ဒီရေကို မြင်ဟန်မတူ။ မြင်လည်း ဂရုစိုက်မည့်ပုံ မဟုတ်ပါ။ ဒီရေ အကြံတစ်ခု ဖျတ်ခနဲရလိုက်သည့်နောက် သွားလေရာပါသော Camera အသေးလေးကို ထုတ်လိုက်သည်။ သူ့ Camera က ဗီဒီယိုရိုက်လို့လည်းရတာမို့ ဒီနေရာမှာ လာပြီး အသုံးဝင်နေသည်။

သိပ်အကောင်းစားကြီး မဟုတ်ပေမယ့် အပျော်တမ်း ပြန်ဖွင့်ကြည့်လို့ရတာမို့ သူမ ပါးစပ်ကြီး ဟ.ဟပြီး အော်ငိုနေတာကို ထို camera လေးနှင့် မသိမသာလေး ရိုက်ယူလိုက်သည်။





သူမကတော့ ဘာမှမသိရှာ။ အိတ်ထဲက တစ်ရှူးထုပ်ကိုဆွဲထုတ်ပြီး နှပ်တွေညှစ်ကာ အားရပါးရ ကိုင်ပေါက်ပစ်လိုက်သေး၏။

သူ ရိုက်ရင်း တခွိခွိကျိတ်ရယ်မိလေသည်။

သူများငိုတာကြည့်ပြီး ဒီရေ တစ်ခါမှမရယ်ခဲ့ဘူးပါ။ ကိုယ်ပါရောယောင် ဝမ်းနည်းပြီး သနားမိသေးသည်။

ယခုတော့ ဘာအကြောင်းမှန်းလည်း မသိရဘဲ တဝါးဝါးအော်ငိုနေတာသာ တွေ့ရတာမို့ သူ ရယ်ပြီးရင်း ရယ်ချင်ဖြစ်သွားမိသည်မှာ သိပ်တော့ မဆန်းချေ။

သူ ဒေါသထွက်နေတာတွေပင် ဘယ်ကိုရောက်သွားမှန်းမသိတော့အောင် ထိုကောင်မလေးရဲ့ အမူအရာတွေက ဖမ်းစားထားနိုင်လွန်းသည်။

နဂိုကတည်းက စူပုပ်ပုပ် ဖောင်းမို့မို့ဖြစ်နေသော မျက်နှာလေးက ငိုလိုက်တော့ ပိုပြီးနီရဲအစ်မို့သွားကာ ရယ်စရာ သနားစရာကလေး ဖြစ်နေသည်။

သူမ ငိုနေတာ ရည်းစားကြောင့် အသည်းကွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



ငိုနေတာတော့ မဖြစ်နိုင်ပါ။ ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့ဟု တွေးမိပေမယ့် ရင်ထဲမှာ အဲသလိုမျိုးလည်း မဖြစ်စေချင်ပေ။

တော်လောက်ပြီဟု ယူဆမှ သူ Camera လေးကို ပိတ်ပစ်လိုက်သည်။ သူမကတော့ ပိုမိုသည်းထန်လာသောမိုးနှင့်အပြိုင် ငိုနေဆဲတည်း။

"ဟာ . . . ပုလဲတွေခနေပါလား"

ဘေးနားမှဖြတ်သွားသော ကောင်လေးတစ်သိုက်ရဲ့ အော်သံကြောင့် စွန်ကလေး မျက်စောင်းရှယ်ရင်း ပေစောင်းစောင်းပြန်ကြည့်ပစ်လိုက်သည်။

ကောင်ကလေးတွေရဲ့ မချိုမချဉ် စပ်ဖြဲဖြဲရုပ်တွေကို ကြည့်ပြီး ဒေါသတွေ တန့်နုံ့ထွက်လာပြန်သည်။

အဲဒီနောက် အီးခနဲ ထပ်ငိုချမိတော့ ထိုကောင်လေးတွေက . . .

"ငိုပါနဲ့ကွယ်။ One go ရင် two come ပေါ့"

ဟု အော်ဟစ်စနောက်သွားကြလေသည်။

"ကိုယ့်ဘာသာစိတ်ညစ်လို့ ငိုတာတောင် လွတ်





လွတ်လပ်လပ် မညစ်ရဘူး . . . အီး . . . ဟီး . . . ဟီး"

စွန်ကလေး တစ်ရှူးတစ်ရွက်ဆွဲထုတ်ပြီး နှပ်တွေကို ရှူးခနဲညှစ်ထုတ် လွှင့်ပစ်လိုက်သည်။

သွားပေတော့ဟဲ့ . . . စိတ်ညစ်စရာတွေလို့လည်း စိတ်ထဲက တီးတိုးရေရွတ်ပစ်လိုက်မိသေးရဲ့။

အမေ့အတွက် ဝမ်းနည်းတာတွေ၊ ဖွဲကြောင့် ကြေကွဲရတာတွေ၊ မာနကို ထိခိုက်စော်ကားခံရတာကြောင့် ရင်ထဲက တစစ်စစ်နာနေရတာတွေ အဲဒီမျက်ရည်တွေ၊ နှပ်တွေနဲ့အတူ တစ်ခါတည်း ပါသွားတော့ဟု သဘောထားကာ အားရပါးရ ငိုပြီးတဲ့နောက် စွန်ကလေး တစ်ကိုယ်လုံး ပေါ့ပါးသွားပေမယ့် မျက်ရိုးတွေကိုက်ပြီး ခေါင်းတွေ မူးလာရသည်။

ဖိစီးနေတဲ့ သောက၊ ဒေါသတွေ ကင်းဝေးမှ ပတ်ဝန်းကျင်ကို လှည့်ကြည့်တော့ ကံကောင်းထောက်မစွာ ရှင်းလင်းတိတ်ဆိတ်နေတာ တွေ့ရလေသည်။

ဒါပေမဲ့ စွန်ကလေးနဲ့ ဘေးချင်းကပ်ရက်ထိုင်ခုံမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသူတစ်ယောက်တော့ ရှိနေရဲ့။

ဒူးပေါ်မှာ တံတောင်ဆစ်တင် မေးထောက်ထားတာမို့ ရှေ့ကို ကိုင်းညွတ်နေသော သူ့ခန္ဓာကိုယ်နဲ့ မျက်နှာကို အုပ်ကွယ်နေတဲ့ ရွှေရောင်ဆံပင်စင်းစင်းတွေက အတော်ကို ကြည့်ကောင်းပြီး ပြုံးယောင်ယောင်ဖြစ်နေတဲ့ နှုတ်ခမ်းလေးနဲ့ တစ်စွန်းတစ်စမြင်ရတဲ့ မေးဖျားလေးက အကြည့်မခွာချင်လောက်အောင် ဆွဲဆောင်မှုပြင်းလွန်းနေသည်။

စွန်ကလေးမြင်ဖူးသမျှ (အများအားဖြင့် ကိုရီးယားမင်းသားချော) ကောင်လေးတွေထဲမှာ ဒီအမျိုးသားလောက် ရှင်းသန့်ချောမွေ့တာ တစ်ယောက်မှ မပါ။ သူမကြည့်နေဆဲမှာပဲ သူက ရွှေရောင်တောက်တောက်ဆံပင်တွေကို တစ်ချက် ဝဲခါရင်း ခေါင်းမော့လိုက်တော့ . . .

"အို"

စွန်ကလေး ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ရှက်ပြီး အသက်အောင့်လိုက်မိတယ် ထင်ပါရဲ့။



ဘေးတစောင်းလေးမြင်နေရတာမို့ သူ့ရဲ့ မျက်ခုံးနက်နက်တွေနဲ့ မျက်တောင်ရှည်တွေရှိသည့် မျက်ဝန်းညိုညိုတွေရဲ့ လှပအမှုအပြင် စင်းဖြောင့်သော နှာတံကလေးကိုပါ အတိုင်းသားတွေ့လိုက်ရ၏။

ပါးလျားသေသပ်သည့် နှုတ်ခမ်းရဲရဲလေးက နစ်နစ်မြိုက်မြိုက် ပြုံးနေတာပါ။

သူ့လက်ထဲက MP4 လား၊ Camera လား ဘာမှန်းမသိသည့်ပစ္စည်းလေးကို ကြည့်ပြီး သဘောတကျ ပြုံးရယ်နေပုံက တကယ့်ကလေးလေးလိုပင်။

အဝေးကမြင်ရုံနဲ့ပင် သူ့ရဲ့တည်ငြိမ်ချောမွေ့မှုနဲ့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းမှုကို အလိုလိုခံစားလို့ရနေတာ အံ့ဩစရာကောင်းလွန်းလှ၏။

စောစောက ခံစားနေရတဲ့ နာကျင်မွန်းကျပ်မှုတွေတောင် ချက်ချင်းလွင့်ပါးပျောက်ကွယ်သွားတာမို့ စွန်ကလေး ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်ရလေသည်။

စွန်ကလေး ငေးမောအံ့ဩနေစဉ်မှာပဲ သူက နံ့

www.burmeseclassic.com

www.burmeseclassic.com



တန်းလျားလေးမှ အသာအယာထကာ ထွက်ခွာသွားလေတော့၏။

မြင့်မြင့်မားမားနှင့် ကြည့်ကောင်းလှသော သူ့ရဲ့ နောက်ကျောပြင်ကို စွန်ကလေး မြင်ကွင်းကနေ ဝေးကွာပျောက်ကွယ်သွားတဲ့အထိ ငေးမောနေခဲ့မိသည်။

ဘောင်းဘီအိတ်တွေထဲ လက်နှိုက်ရင်း အေးအေးသက်သာလမ်းလျှောက်သွားပုံက တမင်လုပ်ယူထားတာလည်းမဟုတ်ဘဲ မင်းသားတစ်ယောက်လို ကြည့်ကောင်းလွန်းနေသည်။

စွန်ကလေးသိသလောက် သူက နာမည်ကြီးမင်းသားတစ်ယောက်တော့လည်း မဟုတ်ပါ။

ဒါပေမဲ့ ဘယ်နေရာမှာ ပြန်တွေ့တွေ့ မှတ်မိနိုင်လောက်အောင် သူ့ရုပ်သွင်က ထင်ရှားပေါ်လွင်နေတာမို့။

ကိုယ့်အတွေးနဲ့ကိုယ် စွန်ကလေး ရက်ပြုံးဖွဖွ ပြုံးလိုက်မိပါသည်။ တကယ်ဆို ဘာမှဆိုင်တာလည်း မဟုတ်ဘဲနဲ့လေ။





## အခန်း ( ၉ )

သူ့စကားအဆုံး နေညီညီက အအေးဘူးကိုဖောက်ရင်းက ဟားဟားအော်ရယ်သည်။

သူ မျက်မှောင်တွန့်ပြီး နေညီညီမျက်နှာကို လှမ်းကြည့်လိုက်၏။

"မင်းကတော့ ရယ်နိုင်တာပေါ့။ ငါ့အတွက်တော့ အဲဒါ သင်ခန်းစာအကြီးကြီးတစ်ခုပဲ"

"မင်း အဲလိုပစ်ပစ်ခါခါလုပ်ခဲ့တော့ ဟိုအဘွားကြီး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ကြေကွဲနေရှာမှာပဲနော်"

"သွားစမ်းပါကွာ"

ဒီရေ ဆံပင်တွေထဲ လက်ထိုးဖွပစ်ရင်း ခေါင်းကို နောက်လှန်ချပြီး မျက်လုံးတွေမှိတ်ထားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ရဲ့သိက္ခာဆိုတာတော့ သွားပြီပေါ့ကွာ။ သူ့ပတ်ဝန်းကျင်မှာ တော်တော်နဲ့ ခေါင်းဖော်ရဲတော့မှာ မဟုတ်ဘူး။ ပြီးတော့ မင်းနဲ့ပတ်သက်ပြီး သူ့ဘက်က မျှော်လင့်ချက်တွေ တွေးကြည့်ရင် ဆုံးရှုံးမှုတွေ အများကြီးပဲကွ"

သနားရင် မင်းသွားပြီးအားပေးနှစ်သိမ့်လိုက်ပါလားလို့တော့ သူပြောမထွက်ပါ။ မျက်လွှာတို့ အသာမှေးစင်းရင်း နေညီညီမျက်နှာကို ပြန်ကြည့်မိ၏။ သူ့အကြည့်ကို နားလည်သဘောပေါက်သွားဟန်ရှိသော နေညီညီက ဘာမှ ပြန်မပြောပေမယ့် သဘောကျစွာ ပြုံးလိုက်လေသည်။

"အဲလိုမိန်းမမျိုးက ဂုဏ်သိက္ခာတွေ အရှက်တရားတွေ ငဲ့ကွက်ရင် ဒီလိုလုပ်ရဲပါ့မလား"



"သိပ်လုပ်ရဲတာပေါ့။ သူ့မှာ အားကောင်းတဲ့ဖိအားတစ်ခုက ရှိနေလို့သာ ဒီအဆင့်ထိကြံစည်ရဲတာပါ့။ ပြီးတော့ မင်းက သူ့ကို သိသိသာသာ ရှောင်လာတာကိုလည်း မခံမရပ်နိုင်ဖြစ်လာတယ်လေ။ သူ့မှာရှိတဲ့စည်းစိမ်၊ ရုပ်ရည်နဲ့ဆို ဘာကိုမှ ခက်ခက်ခဲခဲ ယူစရာမလိုဘူးလို့ တွက်ထားတာ။ မင်းက လုံးဝစိမ်းကားပြလိုက်တော့ ပေါက်ကွဲပြီး ကြံမိကြံရာ ကြံတော့တာပေါ့။ မိန်းမတွေက အဲ့ကိစ္စနဲ့ပတ်သက်ရင် သိပ်အရှက်အကြောက်မရှိတော့ဘူးကွ။ သူဆို ပိုဆိုးတာပေါ့။ အပျိုလေးမှ မဟုတ်တော့တာ။ ပိုပြီး အတင့်ရဲတာပေါ့"

ဒီရေ ခေါင်းမော့ရင်း ဟက်ခနဲရယ်ချလိုက်မိသည်။

"ဒါပေမဲ့ သူလူရွေးမှားသွားတယ်လေ"

"ဟုတ်ပါတယ်။ မင်းက တကယ့် hero ပါ။ မင်းကသာ တခြားလူတွေကို ဖြားယောင်းနိုင်စွမ်းရှိတာ မင်းကို ဘယ်သူမှ မဖြားယောင်း မမြူဆွယ်နိုင်ပါဘူး။ ဟုတ်တယ်မှတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းယမ်းလိုက်မိသည်။ တကယ်တမ်းတော့ သူက အေးစက်မာကျောတဲ့နှလုံးသားတစ်ခုကို ပိုင်ဆိုင်ထားသူလည်း မဟုတ်ပါ။

ယနေ့ထိ သူ့ကို ဘယ်သူမှ ရင်ခုန်စေအောင် မစွမ်းနိုင်ခဲ့ခြင်းသာ ဖြစ်ပါလိမ့်မည်။

"တစ်ခါတလေကျတော့လည်း အချစ်ဆိုတာ ဘာလဲလို့ သိချင်တယ်။ အရွယ်ရောက်လို့ဖြစ်လာတတ်တဲ့ သွေးသားဆန္ဒမဟုတ်ဘဲ တစ်ယောက်ယောက်ကို စူးစူးနစ်နစ် စွဲလမ်းမြတ်နိုးသွားမိတာမျိုးပေါ့။ မိန်းကလေးတစ်ယောက်ကိုတော့ ငါ ချစ်မိဦးမှာ။ သူက ငါ့ကို တကယ်ရင်ခုန်စေမှာ။ စိတ်လှုပ်ရှားပျော်ရွှင်စေမှာမျိုးပဲ လိုချင်တယ်။ ကျန်တာ ဘာမှမလိုချင်ဘူး"

"တယ်ဆိုတဲ့စာပါလား ဒီရေရဲ့၊ မင်းရင်ခုန်မယ့် မိန်းကလေးက နတ်သမီးတစ်ပါးလောက် လှနေရမှာပေါ့ ဟုတ်လား"

"လှတဲ့မိန်းမတိုင်း ချစ်ဖို့မှမကောင်းတာ။ ငါ့ချစ်သူ

ရှေ့ဆော



ဖြစ်လာမယ့် မိန်းကလေးက ငါ့မျက်စိထဲမှာ ကြည့်လို့ အဆင်ပြေနေပေမယ့် တခြားသူတွေအမြင်မှာ လှချင်မှ လှမှာ။ ဒီတော့ ရုပ်လှတာ မလှတာလည်း အဓိကမဟုတ်ဘူး"

"ဒါဆို စိတ်ထားဖြူဖြူစင်စင်နဲ့ ရိုးသားအေးဆေးတာမျိုးလား"

ဒီရေ အတန်ကြာအောင် မျက်မှောင်ကြုတ် စဉ်းစားပြီးမှ ခေါင်းယမ်းလိုက်မိသည်။

"စိတ်ထားဖြူစင်တယ်ဆိုတာ ဘာကိုကြည့်ပြီး ပြောမှာလဲ။ ရိုးသားတယ်ဆိုတာရော ဘယ်အတိုင်းအတာအထိ ရိုးသားနိုင်မှာလဲ။ အဲဒါနဲ့လည်းမဆိုင်ဘူး။ သူ့ဘာသာသူ စိတ်ထားကောင်းချင်ကောင်း မကောင်းချင်နေ ချစ်ဖို့ကောင်းရင် ချစ်မိမှာပဲ"

နေညီညီက သူ့ကိုကြည့်ပြီး စိတ်ရှုပ်သလို ခေါင်းကုပ်သည်။

"မင်းရဲ့ သတ်မှတ်စံက တော်တော်မြင့်တာပဲ။ အားသာချက်တစ်ခုမှမရှိဘူး။ အားနည်းချက်တွေချည်းပဲ"

ရှေ့ဆော

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကြုံလာခဲ့ရင် ပြောတာပါ။ အဲဒီလိုဖြစ်မှ ရမယ်ဆိုပြီး တမင်သတ်မှတ်ထားတာမှ မဟုတ်ဘဲ"

"အဲဒါဆို နောက်ဆုံးတစ်ခုမေးမယ်။ မင်းသိပ်ချစ်ရတဲ့မိန်းမနဲ့ မင်းဘဝကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်ပေးနိုင်မယ့် အတော်ဆုံးမိန်းမတစ်ယောက် ယှဉ်လာရင် ဘယ်သူ့ကို မင်းရွေးမလဲ။ သူကလည်း မင်းကို သိပ်ချစ်နေတယ်ဆိုရင်ပေါ့"

နေညီညီက သူ့နှုတ်မှထွက်လာမယ့်အဖြေကို စိတ်အားထက်သန်စွာ မျှော်လင့်စောင့်စားနေပုံနှင့် သူ့မျက်နှာကို မျက်တောင်မခတ်ဘဲ အာရုံစူးစိုက်ကြည့်နေလေသည်။

"ငါ့အိပ်မက်တွေကို တကယ်ဖြစ်လာအောင် လုပ်ပေးမယ့် မိန်းကလေးပေါ့ ဟုတ်လား"

"အင်း"

"သူကလည်း ငါ့ကိုသိပ်ချစ်မယ်ပေါ့"

"အေးလေ"



ဒီရေ တစ်ချက်ပြုံးရင်း ထိုင်ခုံကျောမှီမှာ လွှားတင်ထားသည့် မိုးကာအင်္ကျီကို ဖြုတ်ယူလိုက်ပြီး နေညီညီ့မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ . . .

"မင်းကိုပဲ ငါယူတော့မယ်"

"ဘာ"

နေညီညီက ကြောင်အမ်းအမ်းနှင့် တဒင်္ဂတိတ်ဆိတ်ငြိမ်သက်နေပြီးမှ ရုတ်တရက် မျက်နှာပျက်သွားကာ

"ခွေးသူခိုး"

ဟု ခပ်တိုးတိုးဆဲရေးလျက် ခြေထောက်နှင့် လှမ်းကန်လေသည်။ ဒီရေကတော့ သဘောတကျအော်ဟစ်ရယ်မောနေလိုက်၏။

"ဟုတ်တယ်လေ။ ငါ့ဘဝကို မြှင့်တင်ပေးနိုင်တာ၊ ငါ့ကိုသိပ်ချစ်တာ လောလောဆယ် မင်းပဲရှိတာ။ လက်တွေ့ကျကျဆုံးဖြတ်ပြီး မင်းကိုပဲ ငါ ယူတော့မလားလို့"

"ဟော့ကောင် . . ."

နေညီညီက အော်ဟစ်ရင်း သူ့ကို တကယ်ထိုး

www.burmeseclassic.com

www.burmeseclassic.com



တော့မလိုဟန်ပြင်လာတာမို့ သူ ထိုင်နေရာမှ ကမန်းကတန်းထပြီး အခန်းထဲလှည့်ပတ်ပြေးရလေသည်။

"ဟား . . . ဟား . . . အလကားစတာကွ။ တကယ်မှတ်ပြီး ရှက်ရမ်းရမ်း ရင်ခုန်မနေနဲ့"

"ဒီရေ . . . မင်းမိရင် မလွယ်ဘူးမှတ်"

နေညီညီက ခုံတွေကို ကန်ကျောက်ကျော်လွှားရင်း သူ့နောက်ကို မရမက ပြေးလိုက်သည်။ နောက်ဆုံး အိပ်ရာပေါ်ကို နှစ်ယောက်လုံး လုံးထွေးပစ်ကျသွားတော့၏။

"ဟား . . . ဟား . . . ဟား . . . ဟား"

အခန်းထဲမှာ ရယ်မောသံတွေ ဆူညံသွားသည်။

ခုမှ ကလေးနှစ်ယောက်လို လုံးထွေးသတ်ပုတ်နေသည့် သူတို့နှစ်ယောက်ကို သူများတွေမြင်လျှင် အံ့ဩကုန်မှာ သေချာ၏။

"တီ . . . တီ"

"ဟော"

နေညီညီ CellPhone ကလေးမှ မြည်သံကြောင့်



ဒီရေ ခေါင်းထောင်ကြည့်လိုက်သည်။

နေညီညီက ဒီရေ့အကျီစကို လွှတ်ပေးပြီး ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ တိုက်ခန်းဝရန်တာမှာ သွားရပ်သည်။ ခဏလောက်စကားပြောပြီးမှ ပြန်ဝင်လာသည်။

သူ့မျက်နှာက ပြုံးရွှင်လာတာမို့ ဒီရေ စားပွဲပေါ်က CD တွေကို နေရာတကျစီရင်း လှမ်းစလိုက်သည်။

"ဟော့ကောင် ဘယ်ကောင်မလေးနဲ့ အီလာတာလဲ။ မျက်နှာက ပုရွက်ဆိတ်တက်တော့မယ်"

"ဘယ်ကကောင်မလေးဖြစ်ရမှာလဲ။ ကိုစိုးသီဟဆက်တာ။ အလုပ်ကိစ္စကွ။ မင်းအတွက် သတင်းကောင်း"

ဒီရေ မျက်ခုံးပင့်လိုက်မိသည်။

"ဘာသတင်းကောင်းလဲ"

"ကိုစိုးသီဟက သူ့ဆိုင်ခန်းကို အပြတ်ရောင်းမယ်တဲ့"

"ဟော"

www.burmeseclassic.com

www.burmeseclassic.com



ဒီရေ တကယ်ကို အံ့သြသွားခဲ့ပါသည်။ ကိုစိုးသီဟဆိုတဲ့ ဓာတ်ပုံဆရာနဲ့ကြီးဟာ နိုင်ငံခြားသွားဖို့ ပြင်ဆင်နေသူဖြစ်ပြီး သူသွားနေတုန်း ဆိုင်ခန်းလေးငှားခဲ့ဖို့ကိုတောင် အတော်လေး အတင်းအကျပ်ပိုင်းပြောနေရတာဖြစ်သည်။

အတော်ဥစ္စာခြောက်ပြီး ဂျီဂကျောင်ကျလွန်းတဲ့သူမို့ နေညီညီရော ဒီရေပါ သူ့ဆိုင်ကိုငှားဖို့အတွက် လက်လျှော့ထားရတာဖြစ်၏။ ယခုမှ ဘယ်ကဘယ်လိုအတွေးပေါက်ပြီး ဆိုင်အပြတ်ရောင်းဖို့ ကမ်းလှမ်းလာသလဲ မသိတတ်။

"ဒါဆို ငါတို့ ဘာလုပ်မလဲ နေညီညီ"

"မင်း ဘာမှစိုးရိမ်စရာမရှိပါဘူး ဒီရေရာ။ ငါ့အမေကြီးဆီ ခုချက်ချင်း ဖုန်းဆက်လိုက်ရုံပါပဲ။ မင်းသာ run ဖို့ အဆင်သင့်လုပ်ထား"

"OK! "

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်





ယောက်ကြည့်ပြီး ပြုံးလိုက်မိကြသည်။

"ဒီအတိုင်းဆို ဒီရေ့အိပ်မက်တွေ တကယ်ဖြစ်လာတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

လေသံက ခပ်မာမာမို့ စွန်ကလေး နောက်ကိုတွန့်ခနဲ ဖြစ်သွားပေမယ့် မေနွယ်ကတော့ သူမလက်ကို တင်းတင်းဆုပ်ရင်း ရှေ့တစ်လှမ်းဆက်တိုးသည်။

"မအလိမ္မာနဲ့ တွေ့ချင်လို့"

အံမယ်။ ဒီလိုဆိုတော့ မေနွယ်က သတ္တိမခေပါလား။ ရောင်းသူဝယ်သူ အသံတူလိုက်ပြောနိုင်သားပဲ။



"မရှိဘူး။ အပြင်သွားတယ်"

"ဘယ်သွားတာလဲ"

"မသိဘူး။ အပြင်ထွက်သွားတာပဲ"

မရှိဘူး၊ မသိဘူးဆိုတဲ့လေသံတွေမှာ လိုလားဖော်ရွေဟန်တွေ တစ်စက်ကလေးမှ မပါတာမို့ စွန်ကလေးကတော့ နောက်လှည့်ပြေးချင်လှပြီ။

တကယ်တမ်း ပေးထားရတဲ့ငွေတစ်သောင်းကျော်က သူမပိုက်ဆံတွေလည်း မဟုတ်ဘဲ မေနွယ်က ပိုဒေါကောင်းနေသေးသည်။

ကာယကံရှင်ဖြစ်တဲ့ စွန်ကလေးကာ့ မေနွယ့်ပခုံးစွန်းမှာ ကွယ်လျက် ခပ်ကုပ်ကုပ်ကလေး ရပ်နေရင်း ခြေထောက်က နောက်ကို မသိမသာရွေ့နေပြီ။

"မေနွယ် ပြန်ကြရအောင်ဟာ။ နောက် . . . နောက်နေ့မှ ပြန်လာကြတာပေါ့"

"နင်ကလည်း ခဏနေစမ်းပါဦး။ အပြင်သွားတယ်ဆိုတာ ဟိုနား ဒီနား ခဏတစ်ဖြုတ်သွားတာမျိုးလည်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တာပဲ။ ဒီအဘွားကြီး အသားလွတ်အော်နေတာကြီးကို ငါ သိပ်မသက်ာဘူး။ နင် သူတို့ကို ပိုက်ဆံတွေ ဘယ်လောက်တောင်ပေးထားတာလဲ"

"တစ်သောင်းသုံးထောင် ပထမ CV Form တွေ ထောက်ခံစာတွေနဲ့အတူ ပေးရတာ သုံးထောင်။ နောက်ထပ် အလုပ်တစ်ပတ်အတွင်းရမယ်ဆိုပြီး ထပ်တောင်းလို့ ပေးရတာက တစ်သောင်း"

"တွေ့မယ်။ ဒီမိန်းမနဲ့ငါတော့ တွေ့ဦးမယ်။ ဒါ နင့်ကို သက်သက်အရှည်ဖမ်းလိုက်တာ"

စွန်ကလေးတို့နှစ်ယောက် တိုးတိုးကြိတ်ကြိတ် ဖြစ်နေတာတွေကို အဘွားကြီးက ဂရုစိုက်ဟန်မတူသလို လှည့်၍ပင် မကြည့်ချေ။

သူမတို့နှစ်ယောက်ကတော့ ဖွဲကောင်းကောင်းနှင့် အိမ်ရှင်ရဲ့မလိုလားမှုကို ဥပေက္ခာပြုပြီး အိမ်ရှေ့မှာ ပေရပ်နေဆဲပင်။

တကယ်တော့ စွန်ကလေးရဲ့ မစူးစမ်း မဆင်ခြင်မှု





နဲ့ ပေါ့ဆမှုကြောင့် ဒီလိုတွေဖြစ်ကုန်တာပါ။

တကယ်ဆို အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ တစ်ခုခုနဲ့ ချိတ်ဆက်ပြီး စနစ်တကျလုပ်ရမှာကို ဘက်(စ်)ကားပေါ်မှာ အလွယ်တကူတွေ့ရသည့် ကြော်ငြာကို ယုံစားအားကိုးလိုက်မိတာကြောင့် အခုလို မြွေမသေတုတ်မကျိုးတွေ ဖြစ်ကုန်တာဖြစ်သည်။

ကိုယ်တိုင် အလုပ်သွားလျှောက် လူတွေ့ဖြေတာတွေ မအောင်မြင်ဖန်များလာတော့ အလုပ်တစ်ခုရဖို့ သူများကို မျက်စိမှိတ်အားကိုးလိုက်ရာက အလုပ်လည်း မရ၊ ကိုယ့်ပိုက်ဆံပါဆုံးဖို့ ဖြစ်လာရတော့၏။

"ဟော . . . ဟိုမှာ သူပဲ မေနွယ်။ ဟောဟိုက ခပ်ဝဝနဲ့ ကိုယ်ကျပ်အနီဝတ်ထားတဲ့ အမျိုးသမီးက မအေလီမှာပဲ"

"ဟုတ်လား"

ပုံစံကြည့်ရတာတော့ သပ်သပ်ရပ်ရပ် သားသားနားနားပါပဲ။ မိန်းမချင်းဖြစ်တာမို့ ကိုယ့်ကို လိမ်ညာရက်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု စွန်ကလေး ထင်ကိုထင်မထားချေ။

"အစ်မ"

ကြွေးရှင်ကို တောင်းပန်ရန်လာသည့်မျက်နှာပေးနှင့် လေသံကြောင့် မေနွယ်က တံတောင်နှင့် မသိမသာ ထွက်ကာ မျက်စောင်းထိုးလေသည်။

အလိမ္မာဆိုသည့်မိန်းမက စွန်ကလေးတို့နှစ်ယောက်ကို အထက်စီးနင်းဆန်ဆန် ငုံ့ကြည့်လိုက်ကာ မျက်နှာထားတင်းတင်းနှင့်ပင် . . .

"ဆို"

ဟု တစ်ခွန်းတည်း ပြောလေသည်။

"ဟို . . . ဟိုဟာလေ . . .အဲဒါ"

"အို . . . ရှုပ်နေတာပဲ။ မင်းလာတာ အလုပ်ကိစ္စမဟုတ်လား။ တို့ပြောထားတယ်။ မခေါ်သေးဘူး။ ခေါ်ရင် မင်းဆီကို ဖုန်းဆက်လိုက်မယ်"

"အဲလို ပြီးစလွယ်မပြောနဲ့လေ။ သူ့အစ်မဆီ Form တွေရော ဓိုက်ဆံတွေရော ပေးထားတာ ဘယ်လောက်ကြာ





ပြီလဲ။ ဖုန်းမျှော်ရလွန်းလို့ နေရောညရော ဘယ်မှ မသွားဘဲ ဥစ္စာစောင့်ဖြစ်နေပြီ။ အခုထိ အလုပ်က အဖြူအမည်း မသဲကွဲသေးဘူး"

ခပ်ဆတ်ဆတ်ဝင်ပြောလိုက်သော မေနွယ့်စကားအဆုံး သူမက မျက်မှောင်ကြုတ်ရင်း စွန်ကလေးဘက် လှည့်ကြည့်လိုက်ကာ . . .

"တို့ . . . အလုပ်လုပ်ထားတာ မင်းနဲ့နော်။ သူက ဘယ်သူလဲ။ သူနဲ့ ဘာဆိုင်လို့ ဝင်ပြောနေတာလဲ"

"ဆိုင်တာတွေ မဆိုင်တာတွေ မသိဘူး။ အစ်မ လုပ်ပုံတွေက ဟုတ်မှမဟုတ်တာ။ အလုပ်တစ်ခုရဖို့ တစ်လလောက် စောင့်နေရတယ်။ ဓိုက်ဆံလည်းပေးရသေးတယ်။ မရရင် မရဘူး အပြတ်ပြောလိုက်ပေါ့။ အခုတော့ ဒီကလူက ဘာလုပ်ရမှန်း မသိတော့ဘူး။ အစ်မအလုပ်သာမျှော်ကိုးပြီး စားရရင် ဝတ်သေတာကြာပြီ"

"အောင်မာ . . . လူပါးဝလို့။ ညည်းနဲ့ ဘာဆိုင်လို့ ဝင်ပြောနေတာလဲ။ ငါလုပ်ထားတဲ့ အလုပ် ငါနားလည်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါက တစ်ယောက်တည်းနဲ့ အလုပ်လုပ်နေတာ မဟုတ်ဘူးဟဲ့။ အများနဲ့ အလုပ်လုပ်နေတာ"

"အစ်မဘာသာ လူ့ဘယ်နှသန်းနဲ့ပဲ အလုပ်လုပ်လုပ် ကျွန်မတို့နဲ့ ဘာမှမဆိုင်ဘူး။ အခု ရှင်းရှင်းပဲပြော။ သူ အလုပ်ရမှာလား မရဘူးလား။ မရရင်ပေးထားတဲ့ ပိုက်ဆံနဲ့ စာရွက်စာတမ်းတွေ ပြန်ပေး"

မေနွယ့်စကားကြောင့် သူမမျက်နှာက ဖြန်းခနဲ နီရဲသွားကာ ခါးထောက်လိုက်ရင်း . . .

"ဘာကိစ္စ ပြန်ပေးရမှာလဲ။ အမိပွာယ်မရှိတာ Form က အလုပ်လျှောက်ကတည်းက ပေးလိုက်ပြီးသား။ ပိုက်ဆံကလည်း အလကားသက်သက်တောင်းတာ မဟုတ်ဘူး။ အကျိုးဆောင်ခ တောင်းတာ"

"မသိဘူး။ အစ်မ ဘာပြောပြော ကျွန်မကတော့ ယုံကို မယုံတော့ဘူး"

"ညည်း . . . ငါ့ကို လာမရင့်နဲ့။ ခုချက်ချင်း ငါ့ခြံထဲက ထွက်သွား။ မသွားရင် ငါ လက်ပါမိလိမ့်မယ်"

•———ဿ———•



"အံမယ် . . . လာလာသေးတယ် သူကများ။ သတ္တိရှိရင် ထိကြည့်လိုက်။ ကျွန်မတို့က ရှင့်အိမ်ကို အလုပ်ကိစ္စနဲ့လာတာ။ ကိုယ်ထိလက်ရောက် စော်ကားလို့ကတော့ ဒီကလည်း ဒုက္ခိတတွေ မဟုတ်ဘူး"

"ညည်းက ငါ့ကို ဘာမှတ်နေလဲ။ တရားဥပဒေ နားမလည်ဘဲ လာမပြောနဲ့။ ညည်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလို့ရတယ်။ ငါက ရှေ့နေသင်တန်းတက်နေတာ"

"ဘာမှ သွေးရှူးသွေးတန်းတွေ လာမပြောမနေနဲ့။ ရှင့်ဘာသာ ရှေ့မှာပဲနေနေ နောက်မှာပဲနေနေ အမှန် အတိုင်းဖြစ်မှာပဲ။ ရှင်ဖြတ်ပိုင်းကြောက်မယ့်အထဲမှာ မပါဘူး ဆိုတာ မြဲမြဲမှတ်"

မေနွယ်ကလည်း တစ်ခွန်းမခံ ပြန်အော်တာမို့ အသံတွေက အလုပ်အကြောင်း မေးကြမြန်းကြတာနင့် မတူဘဲ ရန်ဖြစ်သူသလို ဆူညံနေတော့၏။

ရပ်ကွက်ထဲမှာရှိ ဟိုမှသည်မှ ထွက်ကြည့်ကြသူ တွေလည်း ရှိသည်။

•———ဿ———•

www.burmeseclassic.com

www.burmeseclassic.com



စွန်ကလေး ဘာမှဝင်မပြော မပြောရဲဘဲ ရှက်တာရော ကြောက်တာရော ပေါင်းပြီး ဒူးတွေပင် တဆတ်ဆတ်တုန်နေသည်။

"မေနွယ် . . . ပြန်ရအောင်ဟာ လာပါ"

"ဟဲ့ . . . နင်ဘယ်လို ဖြစ်နေတာလဲ။ ဒီမှာ ပြီးပြတ်အောင် မရှင်းဘဲနဲ့"

"ရရင် ဖုန်းဆက်မယ်လို့ ပြောပြီးသားပဲဟာ။ ပြန်ရအောင်။ ရန်တွေ ဖြစ်ကုန်ရင် မကောင်းပါဘူးဟာ"

စွန်ကလေးက အတင်းဆွဲခေါ်တာတောင် မေနွယ်က မလိုက်ချင်။ ပေစောင်းစောင်းနှင့် ထိုမိန်းမမျက်နှာကို ပြန်ကြည့်နေလေသည်။

သူမကလည်း မေနွယ့်ကိုတော့ နည်းနည်းဖြုံပုံရသည်။ သူ့ပိုင်နက်ထဲမှာမို့သာ တင်းနေနိုင်တာဖြစ်၏။

"အမေ . . . အငယ်ကောင် ဘယ်သွားလဲ"

"ဘိလိယက်ခုံမှာရှိမှာပေါ့။ သွားခေါ်နိုင်းလိုက်လေ"





"အဲဒီကောင်ကလည်း အရေးအကြောင်းဆို အိမ်မှာ မရှိဘူး"

အလိမ္မာက သူမတို့ဘက်လှမ်းကြည့်ရင်း ပြောလိုက်တာမို့ စွန်ကလေး ကျော့ထဲစိမ့်ခနဲဖြစ်သွားရပေမယ့် မေနွယ်ကတော့ ဘယ်သူ့ကိုမှ ကြောက်ဟန်မတူ။

"တောက်"

"လာပါဟာ"

တောက်တစ်ချက်ခေါက်ရင်း စွန်ကလေးဆွဲခေါ်ရာ နောက်ကိုပါလာပေမယ့် မကျေမနပ်အကြည့်တွေ နောက်မှာဝေ့ဝဲကျန်ခဲ့သည်။

အဲလို သွေးစည်းတတ်တာတွေကြောင့် စွန်ကလေး မေနွယ့်ကို ခင်မင်အားကိုးရတာပေါ့။

www.burmeseclassic.com



## အခန်း ( ၁၁ )

"ဒီတစ်ခါတော့ လုံးဝလွဲလို့မဖြစ်ဘူးနော် စွန်ကလေး"

တဖွဖွမှာလိုက်သော သူမစကားကြောင့် စွန်ကလေး လမ်းလျှောက်လာရင်း ပြုံးလိုက်မိပါသည်။ အဝတ်အစားဝတ်တာကအစ သပ်သပ်ရပ်ရပ် ရှိရဲ့လားဆိုတာလည်း အိမ်ကမထွက်ခင် အသေအချာကို သူမက ကြည့်ပေးလိုက်တာဖြစ်သည်။

•———ရွှေဒေသာ———•



"ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ပုံနဲ့နေ" တဲ့။ စွန်ကလေး အသံထွက်အောင်ပင် ခစ်ခနဲ ထရယ်လိုက်မိသေးသည်။

"နောက်ဆုံးအဆင့် ဘယ်လိုမှမရတော့ဘူးဆိုရင် ငါ သင်ပေးလိုက်တဲ့အတိုင်းသာ ပြောခဲ့။ ကြားလား နင့်ကို interview မယ့်သူက ယောကျ်ားတစ်ယောက်ဆို ပိုကောင်းမယ်"

မေနွယ်ကတော့ တကယ့်အာဂပါပဲ။ ဆယ်တန်းသာမအောင်တယ်။ ဖွဲ့သတ္တိနဲ့ အရည်အချင်းမှာတော့ စွန်ကလေးက ဆရာပြန်ခေါ်ရလောက်သည်။ တကယ်လည်း သူ့ကို ဆရာတင်ထားရတာပါ။

အခု အလုပ်လျှောက်ဖို့တောင် စွန်ကလေးက သူမရဲ့ စီစဉ်ညွှန်ကြားမှုအောက်မှာ . . .

"ဘာမှအားမငယ်နဲ့။ ရရင်အမြတ်၊ မရရင် အရင်းလို့သာမှတ်"

ပြောလိုက်တဲ့စကားကတော့ တကယ့်အားရှိစရာပါ။

•———ရွှေဒေသာ———•

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကြံရာမရသည့်အဆုံး စွန်ကလေးလည်း ရှိုက်ရှိုက် သတ္တိတွေရင်းပြီး ထွက်ခဲ့ရတာဖြစ်သည်။

ကားပေါ်ကဆင်းဆင်းချင်း အိတ်ထဲက ကုမ္ပဏီလိပ်စာကို ထုတ်ကြည့်ရသေးသည်။

တော်တော်ဝေးဝေး လမ်းလျှောက်ရဦးမှာမို့ စွန်ကလေးအတွက် ကြိုတင်ပြင်ဆင်ချိန်ရတယ်လို့ပဲ သဘောထားရမည်။ သူမေးတာကို အဆီအငေါ်တည့်အောင် မဖြေနိုင်သည့်အဆုံး မေနွယ်သင်ပေးလိုက်သည့်အတိုင်း နောက်ဆုံး လက်နက်ကိုသာ ထုတ်ရပေတော့မည်။

"မေးခွန်းတွေ မဖြေနိုင်ခဲ့တဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ် ဆရာ။ ဒီ interview ကို စိတ်ဝင်စားပေမယ့် ကြိုတင်မပြင်ဆင်ထားမိတဲ့အတွက် စွန်ကလေးဘက်က အများကြီးပေါ့လျော့ခဲ့တာ ဝန်ခံပါတယ်" ဟာ မဟုတ်သေးပါဘူး။ ဒီလေသံက စာအလွတ်ရွတ်ပြသလိုဖြစ်နေတယ်။ နည်းနည်းပြင်ဦးမှ အဟမ်း . . ." စွန်ကလေး ဘေးဘီဝဲယာကိုလည်း လှမ်းရှင်းမရှင်း ကြည့်ရသေးသည်။

●———မျှဝေသော———●



"အင်း . . . ဘယ်ကစရမှာပါလိမ့်။ ဪ . . . သိပြီ။ ဝမ်းနည်းပါတယ် ဆရာ။ စွန်ကလေး Computer မသုံးတတ်ပါဘူး။ internet နဲ့ e-mail လည်း မရပါဘူး။ ဟို website လည်း နားမလည်ပါဘူး။ ဒါပေမဲ့ ကုမ္ပဏီအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးမယ့် အလုပ်သမားကောင်းတစ်ယောက်ရဲ့ အရည်အချင်းတော့ စွန်ကလေးမှာ အပြည့်အဝပါလာပါတယ်။ အလုပ်အပေါ် သစ္စာစောင့်သိပြီး အထက်လူကြီးရဲ့ အမိန့်ကို တစ်သွေမတိမ်းနာခံတတ်တဲ့ အင်း . . . ဘာပါလိမ့်"

စွန်ကလေး ခေါင်းကုပ်ပြီး စဉ်းစားပေမယ့် ရှေ့ဆက် ဘာပြောရမှန်းမသိတော့ အစမ်းလေ့ကျင့်မှုမှာပင် ချွေးတွေပြန်လာသည်။

တကယ်တမ်း ဟိုရောက်လျှင် ဖြောင့်ဖြောင့်တန်းတန်းမှ ပြောနိုင်ပါ့မလား။

"တီ . . . တီ"

"အမယ်လေး"

●———မျှဝေသော———●

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နောက်နားကပ်ကပ်လေးက ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် စွန်ကလေး လန့်ဖျပ်ပြီး ရှောင်မိ ရှောင်ရာ ခုန်ရှောင်ပစ်လိုက်သည်။

"ကျွီ"

ကားဘရိတ်အုတ်သံက နားထဲမှာ စူးစူးရှရှ ကျယ်ကျယ်လောင်လောင် မြည်သွားသည့်နောက် မျက်လုံးကို စုံမှိတ်ပြီး ချော်လဲသည့်နေရာမှာပဲ ဝပ်နေလိုက်သည်။

"ဘာဖြစ်သွားလဲ . . . ကလေး"

နားထဲကို ခပ်ရှရှတိုးဝင်လာသော သြရှိုဝါညက်သည့်အသံတိုးတိုးကြောင့် စွန်ကလေးမျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။ လှပချောမွေ့လွန်းသော မျက်နှာတစ်ခုကို အနီးကပ်တွေ့လိုက်ရသလို သင်းပျံ့ထုံအီသည့် ကိုယ်သင်းရနံ့လေးကိုပါ စွန်ကလေး ရှူရှိုက်လိုက်ရလေသည်။

စုနကြားခဲ့ရသောအသံနှင့် လိုက်ဖက်လွန်းလှသော နီရဲစိုအိနေသော နှုတ်ခမ်းနစ်လွှာနှင့် မျက်တောင်





ရှည်တွေ ထူထပ်စွာရှိနေသည့် ရှည်မျောမျော ညိုလဲ့လဲ့ မျက်ဝန်းတစ်စုံကို စွန်ကလေး မျက်တောင်မခတ်ဘဲ အံ့သြငေးမောနေမိသည်။

သိပ်လှတဲ့အမျိုးသမီးတစ်ယောက်ပါပဲ။

မျက်ဝန်းတွေက ကြင်နာခြင်း၊ သိမ်မွေ့ခြင်းတွေ ပြည့်နှက်နေပြီး တစ်ကိုယ်လုံးမှာ ဆင်မြန်းထားသည့် စိန်တွေ ရွှေတွေနှင့် မအပ်စပ်စွာ မာန်မာနကင်းစင်လျက်ရှိနေတာ အံ့သြလေးစားစရာပင်။

ဆံပင်ညိုလဲ့လဲ့တွေကို နောက်မှာစု၍ ဆံထုံး ခပ်ပွံ့ပွံ့လေးထုံးဖွဲ့ထားပြီး စိန်ဆံထိုးလေးတစ်ချောင်းတည်း ထိုးစိုက်ထားတာမို့ သူမမျက်နှာရဲ့ ပြည့်တင်းချောမွေ့မှု၊ သပ်ရပ်လှပပြီး ကျက်သရေကြီးမှုကို ပေါ်လွင်စေလေသည်။

အဝတ်အစားကတော့ ခန္ဓာကိုယ်နှင့်လိုက်ဖက်ပြီး ချပ်ချပ်ရပ်ရပ်ရှိလှသည့် ချောကလက်ရောင်ဘလောက်(စ်) တစ်ထည်နှင့် Long Pants အဖြူတစ်ထည်ကို တွဲဝတ်ထားတာမို့ ဂျပန်မလေးလိုလို စတိုင်(လ်)ကျပြီး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသည်။

"ဘယ်နားနားသွားလဲဟင်။ ထလို့ရောရရဲ့လား။ အန်တီလည်း အလုပ်ကိုထွက်လာတာ နောက်ကျလို့ နည်းနည်းလောသွားတာ။ ဒါပေမဲ့ အန်တီ ဟွန်းတီးပါတယ်။ ကလေးက ဘယ်ကိုငေးနေတာလဲ"

"ဟို . . . ဟို . . . စွန်ကလေး အမှားပါ အန်တီ။ စွန်ကလေး လန့်ပြီး ခုန်လိုက်တာ။ ဘာမှမဖြစ်ပါဘူးအန်တီ။ ဘယ်မှလည်းမထိပါဘူး။ ဒီမှာကြည့် စွန်ကလေး ခြေထောက် အကောင်းကြီးပဲ"

ပြောပြောဆိုဆို စွန်ကလေး ခုန်ဆွ ခုန်ဆွ ထလုပ်ပြလိုက်တော့ သူမက သဘောတကျပြုံးနေသည်။

သူမက အန်တီလို့ ကိုယ့်ကိုယ်ကိုယ် သုံးနှုန်းလို့သာ စွန်ကလေးရောယောင်ပြီး လိုက်ခေါ်ရသည်။ တကယ်တမ်း အန်တီခေါ်ရလောက်အောင် မရင့်သေးပါ။

စွန်ကလေးသဘောအတိုင်းသာဆို မမလို့သာ ခေါ်မိမည်ထင်၏။





"ဒါဆို ကလေးသွားမယ့်နေရာအထိ အန်တီ လိုက်ပို့ပေးမယ်လေ"

"ဟင့်အင်း . . . ရပါတယ် အန်တီ။ စွန်ကလေး သွားမှာ ဒီရှေ့နားလေးဆို ရောက်တော့မှာပါ။ အန်တီ သွားစရာရှိတာသာ သွားပါ။ စွန်ကလေး လျှောက်နိုင်ပါတယ်"

သူမက စွန်ကလေးခေါင်းကို တစ်ချက်ပုတ်ရင်း ခေါင်းညိတ်၍ အသာအယာပြုံးကာ ကားဆီသို့ လျှောက်သွား၏။ စွန်ကလေး ခေါင်းလေးညွှတ် ခါးလေးကိုင်းရင်း ပြန်နှုတ်ဆက်စဉ်မှာပဲ သူမကားလေးက လျှောခနဲမောင်းထွက်သွားတော့သည်။

ကားဘတ်မှန်မှာ အပြုံးလွလွသမ်းနေတဲ့ သူမမျက်နှာကို စွန်ကလေး မြင်လိုက်ရလေသည်။

လက်ကနာရီကို တစ်ချက်ငုံ့ကြည့်ပြီး ဆက်လျှောက်လာတော့ လဲကျထားသည့်အရှိန်ကြောင့် ခြေထောက်က နည်းနည်းမျက်နေတာမို့ စွန်ကလေး မျက်နှာတွန့်ခနဲ မဲ့သွားရ၏။ ရှေ့က မောင်းသွားတဲ့ကားလေးကို လှမ်းကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



လမ်းချိုးလေးထဲ ကွေ့ဝင်သွားတာ မြင်ရလေသည်။ စွန်က လေးသွားမှာလည်း အဲဒီလမ်းပဲမို့ ခုန ကားကြုံလိုက်ခဲ့ရင် အကောင်းသားလို့ တွေးမိလိုက်သေးသည်။

ဒါပေမဲ့ တကယ်လည်း တိုက်မိ ခိုက်မိတာမရှိဘဲ တမင်အခွင့်အရေးယူတယ်ထင်မှာစိုးသောကြောင့် တမင် ငြင်းပယ်လိုက်ခြင်းလည်း ဖြစ်၏။

စွန်ကလေးစိတ်က ခုန ချောချောလှလှ အမျိုးသမီးဆီကနေ အလုပ်ကိစ္စဆီ ပြန်ရောက်သွားပြန့်သည်။

တကယ်တော့ စွန်ကလေးမှာ ကြိုးစားချင်စိတ် တစ်ခုကလွဲပြီး ဘာအတတ်ပညာမှပါမလာ။

လျှောက်ရမယ့်ရာထူးက MD ရဲ့ Secretary တဲ့။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဇီဇာမကြောင်တတ်သော၊ သဘောကောင်းပြီး စာနာနားလည်မှုရှိသော MD နှင့်သာ တွေ့ရပါလို၏ဟု စွန်ကလေး ကျိတ်ပြီးဆုတောင်းလိုက်မိသည်။





## အခန်း ( ၁၂ )

"Computer အခြေခံလောက်တောင် မရဘူးလား"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ဆိုတာ မရဘူးလို့ပြောတာလား"

ကုမ္ပဏီရဲ့ GM ဖြစ်သော ကိုမျိုးဆွေသိန်းက ခေါင်းကို ခပ်ဖြည်းဖြည်းခါ၍ သူ့ရှေ့မှမိန်းကလေးကို စိတ်ပျက်လက်ပျက် ကြည့်နေသည်။ သူမေးခဲ့သမျှတွေထဲမှာ ဒီမိန်းကလေးက အခြေအနေအဆိုးရွားဆုံးဖြစ်ပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်ဝန်းနက်နက်ကလေးတွေကတော့ ထက်မြက်သွက်လက်ပြီး self-confidant ရှိမှုကို ဖော်ပြနေတာမို့ အံ့ဩရမလို စိတ်ပျက်ရမလိုဖြစ်နေမိ၏။

သူ ဘာမေးမေး မသိတာ မရတာကများနေပေမယ့် စိတ်ပျက်ကြောက်ရွံ့သွားဟန်လည်း မရှိဘဲ အေးအေးဆေးဆေးဖြေနေပုံကြောင့် သူ မေးခွန်းတွေ အဆုံးသတ်ရခက်နေသည်။

"ကဲ . . . နောက်ဆုံးအနေနဲ့ တစ်ခုမေးမယ်။ MD ရဲ့ Secretary တစ်ယောက်အနေနဲ့ ညီမဘက်က ဘယ်လိုဝန်ဆောင်မှုတွေနဲ့ တာဝန်ထမ်းဆောင်ဖို့ ပြင်ဆင်ထားလဲ။ အစစအရာရာ ပြည့်စုံကောင်းမွန်တဲ့ ဝန်ထမ်းကောင်းတစ်ယောက်အတွက် ဘယ်လိုအရည်အချင်းတွေ ခံယူချက်တွေ ရှိရမယ်လို့ ထင်သလဲ"

ဘယ်လိုမှမတတ်နိုင်သည့်အဆုံး စိတ်ကူးပေါက်ရာ မေးချလိုက်တော့ သူမက ခေါင်းတစ်ချက်ညိတ်ရင်း မျက်လွှာပင့်ကြည့်ကာ . . .





"တကယ်တော့ သင်လို့တတ်ထားတဲ့ ရုပ်ပိုင်းဆိုင်ရာအရည်အချင်းမရှိတဲ့သူအတွက် စိတ်ပိုင်းဆိုင်ရာ ခံယူချက်က အဓိကလို့ထင်ပါတယ်။ ဥပမာ အလုပ်အပေါ် တာဝန်ယူတတ်တာ၊ သစ္စာရှိပြီး အမိန့်ကို နာခံတတ်တာ၊ Secretary တစ်ယောက်အနေနဲ့ အထက်လူကြီးအတွက် လိုအပ်တဲ့အကူအညီ အကြံဉာဏ်ကောင်းပေးနိုင်တာ အတွင်းရေးမှူးကောင်းတစ်ယောက် ပီသစွာ သတင်းလုံခြုံမှုကို ထိန်းသိမ်းပေးတတ်တာမျိုးပေါ့။ ကျန်တဲ့လိုအပ်ချက်တွေကိုတော့ အတွေ့အကြုံနဲ့ အလုပ်သဘောအရ စိတ်ပါဝင်စားစွာ သင်ယူလေ့လာသွားမယ်လို့ ကတိပေးနိုင်ပါတယ်"

ကိုမျိုးဆွေသိန်းက လက်နှစ်ဖက်ကို ခုံပေါ်မှာတင်လျက် တစ်ဖက်နှင့်တစ်ဖက် ဆုပ်နယ်ရင်း သက်ပြင်းရှိုက်နေသည်။

သူမလေးကတော့ ငြိမ်သက်နေဆဲပင်။

CCTV ကနေ မြင်နေရတဲ့ သူမမျက်နှာကလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အပြစ်ကင်းစင်ပြီး ရဲဝံ့မှုကြောင့် ဒေါ်နေညိုရီ ပြုံးလိုက်မိ၏။ ထို့နောက် သူမလက်က interview ခန်းထဲသို့ခေါ်သော intercom ခလုတ်ဆီ ရောက်သွားသည်။

"အမိန့်ရှိပါ MD"

"အခု GM ရှေ့မှာရောက်နေတဲ့ကလေးမလေးကို ကျွန်မအခန်းထဲ လွှတ်လိုက်ပါ"

အံ့သြရိပ်သမ်းသွားတဲ့ ကိုမျိုးဆွေသိန်းမျက်နှာကို CCTV ကနေ အတိုင်းသားမြင်နေရသည်။

"ဟုတ်ကဲ့ပါ MD။ ဒါနဲ့ ကျွန်တော်တို့ interview ထားတဲ့ကလေးတွေကို ဘယ်လို . . ."

"Second interview ပြန်ချိန်းလိုက်ပါ။ ဒီကလေး ကို ကျွန်မ သီးသန့်လိုချင်တယ်။ Secretary ကတော့ GM စိတ်ကြိုက်ရွေးပါ"

"ကောင်းပါပြီ MD"

သူမရဲ့သီးသန့်ခန်းထဲက CCTV ကို လှမ်းပိတ်လိုက်ပြီး ထိုကလေးမလေးဝင်အလာကို စောင့်နေလိုက်





သည်။ သူမအခန်းကိုရောက်လာဖို့ Lift နှင့် ပြန်ဆင်းလာရဦးမှာမို့ မိနစ်အနည်းငယ်တော့ စောင့်ရပါဦးမည်။

ထို့ပြင် အခန်းအဝင်ဝက သူမရဲ့ bodyguard ထံမှာ အစစ်ဆေး အမေးမြန်းခံရဦးမည်။

"ဟန်သက်ဦးရေ အခုလာတဲ့ကောင်မလေးကို အခန်းထဲ လွှတ်လိုက်ပါ။ ဘာမှစစ်မနေနဲ့နော်"

"ဟုတ်ကဲ့ခင်ဗျ"

ခဏအကြာမှာတော့ သူမရဲ့အခန်းတံခါးက ဖြည်းညင်းစွာ ပွင့်ဟသွားသည်။ ပြီးမှ မရဲတရဲ တရွေ့ရွေ့တိုးဝင်လာသည့် ခြေဖမိုးဖြူဖြူလေး တစ်စုံကို တွေ့ရလေသည်။

"ဝင်ခဲ့လေ"

သူမအသံကြောင့် မိန်းကလေးငယ်က ခြေလှမ်းတွေ သွက်လာပေမယ့် ခေါင်းတော့ ရဲရဲတင်းတင်း မမော့မလာသေး။

သူမရှေ့မှာ ခပ်ယို့ယို့ရပ်နေတဲ့ ကလေးမလေးဟာ သူမထိုင်မခိုင်းမချင်း ထိုင်မည့်ပုံမပေါ်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် MD"

MD ဆိုသောအခေါ်အဝေါ်အတွက် နေညို့ရီ ပြုံးလိုက်မိသည်။

"နာမည်က စွန်ကလေးတဲ့လား"

"ရှင်"

နေညို့ရီ့စကားကြောင့် သူမက တအံ့တဩ မော့ကြည့်လာပြီးနောက် ပါးစပ်ကလေး အဟောင်းသားပွင့်ကာ မျက်လုံးဝိုင်းဝိုင်းလေးတွေမှာ အံ့ဩပျော်ရွှင်ရိပ်လေး ဖြတ်ပြေးသွားလေတော့၏။

"ခုန ကလေးက ကိုယ့်ကိုယ်ကိုယ် စွန်ကလေးလို့ ပြောလိုက်တာ အန်တီကြားလိုက်တယ်လေ"

"ဟုတ် . . . ဟုတ်ကဲ့ စွန်ကလေးပါ"

"နာမည်အရင်းပဲလား"

စွန်ကလေး ရှက်ပြုံးဖွဖွပြုံးရင်း ခေါင်းညိတ်လိုက်သည်။

•———လွှမ်းသော———•



"အဖေနဲ့အမေပေးထားတဲ့နာမည်အရင်းပါ။ အဲဒါ Full name ပါပဲ"

"သိပ်လှတဲ့နာမည်ကလေးပဲ။ မိဘတွေက ချစ်စနိုးခေါ်ရင်း နာမည်ရင်း ဖြစ်သွားတာများလား မသိဘူးနော်။ စွန်ကလေးဆိုတော့ လေပေါ်မှာ အမြဲပျံဝဲနေရမယ့် အဓိပ္ပာယ်ပဲ။ ဒါပေမဲ့ သူများရဲ့ ကြိုးကိုင်မှုပါမှ အမြင့်ကို ရောက်မှာပေါ့"

အလုပ်ကိစ္စနှင့် ဘာမှမသက်ဆိုင်ဘဲ စွန်ကလေးနာမည်ကို အဓိပ္ပာယ်ဖွင့်အကျယ်ချဲ့နေသော အန်တီချောချောလေးကိုကြည့်ပြီး စွန်ကလေး ပြုံးရမလို ခေါင်းညိတ်ထောက်ခံရတော့မလို ဖြစ်သွားသည်။

စွန်ကလေးနှင့်လမ်းမှာ ဆုံခဲ့သည့်အန်တီဟာ စွန်ကလေး အလုပ်လာလျှောက်သည့် ကုမ္ပဏီကြီးမှ MDမှန်းလုံးဝမသိခဲ့သလို ရိပ်မိခြင်းလည်း မရှိခဲ့ချေ။ ယခုလို ပြန်တွေ့လိုက်ရတော့ စွန်ကလေးရင်ထဲ တလှိုက်လှိုက်ခုန်နေပြီး ဝမ်းသာပျော်ရွှင်နေတာ ဘာနှင့်မှမတူ။

•———လွှမ်းသော———•

www.burmeseclassic.com

www.burmeseclassic.com



"အစုကလေးက Secretary လာလျှောက်တာနော်"

"ဟုတ်ကဲ့"

"အန်တီ့ Secretary ဖြစ်ဖို့ တော်ရုံအရည်အချင်းနဲ့ မရဘူး။ ဘက်စုံတော်နေမှဖြစ်မှ ဖြစ်မှာ။ စွန်ကလေးမှာ အန်တီလိုချင်တဲ့ အရည်အချင်းတွေ မရှိဘူး"

စွန်ကလေး မသိမသာခေါင်းငုံ့ချလိုက်မိသည်။

"ဒါပေမဲ့ စွန်ကလေးစိတ်ဓာတ်ကို အန်တီလိုချင်တယ်၊ ဘယ်သူ့မှာမှမရှိတဲ့ အလွယ်တကူ မရနိုင်တဲ့စိတ်ဓာတ်မျိုးကို စွန်ကလေးဆီက ရနိုင်တယ်လေ။ အဲဒါကြောင့် စွန်ကလေးကို အန်တီ့ P.A (Personal assistant) အဖြစ်ခန့်လိုက်ပြီ"

စွန်ကလေး မျက်ရည်တွေ အိစခနဲဝိုင်းလာသည်အထိ အံ့ဩပျော်ရွှင်သွားရသည်။

တကယ်လားဟင်လို့ အားရပါးရ မေးပစ်လိုက်ချင်စိတ်ကို မနည်း ချိုသိပ်ချုပ်ထိန်းထားရင်း သူမကို လှိုက်





လှိုက်လှဲလှဲ ကျေးဇူးတင်ဝမ်းသာတဲ့အကြည့်နဲ့ ကြည့်နေလိုက်မိ၏။-

"လကုန်အထိ စောင့်မနေနဲ့တော့ မနက်ဖြန်ကစပြီး အလုပ်ဆင်းနိုင်ပြီ။ uniform ကို တစ်ပတ်အတွင်း စွန်ကလေးအတွက် သီးသန့်စီစဉ်ပေးမယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် MD"

နေညိုရီ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်မိသည်။

"အန်တီလို့ တရင်းတနှီးခေါ်ပါ။ စွန်ကလေး OCTAGON မှာ အန်တီလို့ ပထမဆုံး ခေါ်ခွင့်ပေးလိုက်တဲ့ ဝန်ထမ်းက စွန်ကလေးပဲ။ မင်းနဲ့တို့ နှစ်ကိုယ့်တစ်စိတ် ရင်းနှီးချင်တဲ့သဘောပေါ့"

"ဟုတ်ကဲ့ . . . အန်တီ။ စွန်ကလေး အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်"

နေညိုရီက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း . . .

"OK ဒါဆို မနက်ဖြန် ကိုးနာရီထက်နောက်မကျစေဘဲ အလုပ်ကိုလာပေးပါ။ အခု ပြန်နိုင်ပါပြီ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

စွန်ကလေး မတ်တတ်ရပ်ပြီး ခါးလေးညွတ်ကာ နှုတ်ဆက်လိုက်သည်။ ထို့နောက် သူမ ထိုအခန်းထဲမှ လှည့်ထွက်လာခဲ့လေသည်။



BURMESE CLASSIC .com



## အခန်း ( ၁၃ )

ဒေါ်နေညို့ရှိ မရောက်လာသေးတာမို့ Lobby ထဲမှာ ထိုင်စောင့်ရင်း နံရံမှာ ချိတ်ထားသည့် မှန်အကြီးကြီးထဲက ကိုယ့်ရုပ်သွင်ကိုယ် သေသေချာချာပြန်ကြည့်နေလိုက်မိသည်။

Uniform တစ်ပတ်အတွင်း စီစဉ်ပေးမယ်ဆိုပေမယ့် စွန်ကလေး အလုပ်ဆင်းပြီး တတိယမြောက်နေ့မှာပင် စတင်ဝတ်ဆင်ခဲ့ရခြင်း ဖြစ်သည်။ စွန်ကလေးဝတ်ရသော



www.burmeseclassic.com

www.burmeseclassic.com



Uniform က တခြားဝန်ထမ်းတွေနှင့် အရောင်အသွေးရော ဒီဇိုင်းတွေပါ လုံးဝမတူဘဲ သီးသန့်ကွဲပြားခြားနားနေ၏။

ဝန်ထမ်းအားလုံး ကော်လာပါသော အင်္ကျီဖြူနှင့် ကုတ်အနက်ကိုတွဲ၍ စကတ်အနက်ရောင်နှင့် တွဲဖက်ဝတ်ဆင်ရတာဖြစ်ပေမယ့် စွန်ကလေးကိုတော့ Sky Blue ဂျင်း(န်)ပင်(န်)တွေနှင့် တီရှပ်ရောင်စုံတွေ ထုတ်ပေးတာမို့ အံ့သြသွားခဲ့ရသေးသည်။

"စွန်ကလေးက အန်တီ ဘယ်သွားသွားလိုက်ရမှာဆိုတော့ သူများတွေလို Uniform ကြီးနဲ့ မကောင်းဘူးလေ။ စွန်ကလေးက မြင့်မြင့်သွယ်သွယ်လေးဆိုတော့ ဒီပုံစံလေးတွေနဲ့ လိုက်မယ်ထင်လို့ အန်တီ့စိတ်မှန်းနဲ့ ဝယ်လိုက်တာ နောက်လကျရင် ဒီဇိုင်းတစ်မျိုးပြောင်းတာပေါ့"

စွန်ကလေး အရမ်းအံ့သြသွားရသည်။ ဝတ်စုံတွေက ရိုးရိုးပုံစံတွေဆိုပေမယ့် တစ်စုံကို တစ်သောင်းခွဲလောက်ရှိပြီး အားလုံး ခုနစ်စုံမို့ တစ်သိန်းကျော်လောက်ကျနေပြီ ဖြစ်သည်။



မေနွယ်ဆို စွန်ကလေးရဲ့ ကံကောင်းမှုကို အံ့သြဝမ်းသာလို့မဆုံးတော့။ စွန်ကလေး အကျိုးအကြောင်းတွေ ပြောပြတော့ သူမက . . .

"နင် သိပ်ကံကောင်းတာပဲ စွန်ကလေးရယ်။ အဲဒါ နင့်စေတနာတွေ၊ ရိုးသားမှုတွေက အကျိုးပေးတာ သိရဲ့လား။ နင်သာ သူကားနဲ့ တိုက်မိမလိုဖြစ်တုန်းက ဘာညာ လျှောက်ပြောပြီး လျော်ကြေးတောင်းရင် ပေးလိုက်မှာပဲ။ ဒါပေမဲ့ ဒီလိုအလုပ်မျိုးကိုတော့ စွန့်လွှတ်ရမှာ သေချာတယ်"

ဟု ပြောလာလေသည်။

မေနွယ်ပြောသလိုပင် စွန်ကလေးသာ အခွင့်အရေးယူတတ်သူဖြစ်ပါက ဒီလို ကံကောင်းထောက်မှုမျိုးနဲ့ လွဲချော်ရမှာဖြစ်သည်။

အခုတော့ ဘာမှမပင်ပန်းဘဲ ဒေါ်နေညိုရှိအပါးမှာ လိုအပ်တာလေး ဆောင်ရွက်ပေးရုံနှင့် လစာကောင်းကောင်းရကာ သက်သက်သာသာလေး နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



Secretary တစ်ယောက်ခန့်ထားပေမယ့် ဒေါ်နေညိုရီက အလုပ်ကိစ္စတွေကလွဲပြီး ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘာမှမတိုင်ပင်ချေ။

စွန်ကလေးကိုကျတော့ ဆွေမျိုးသားချင်းတစ်ယောက်လို တရင်းတနှီးဆက်ဆံပြီး တစ်ခါတစ်ရံ ဆေးသောက်တာကအစ . . .

"စွန်ကလေးရေ ခုန အန်တီသွေးကျဆေးတွေသောက်ထားတယ်။ အခု ကော်ဖီသောက်မလို့ ဖြစ်ပါ့မလား။ အချိန်နီးလွန်းသလား" ဟု လူကြီးတစ်ယောက်လို သဘောထားပြီး အားကိုးတကြီး မေးတတ်ပါသည်။ တစ်ခါတလေတော့ သူမရဲ့ လှပချောမွေ့မှု သေသပ်စမတ်ကျမှုကို စွန်ကလေးက မျက်လုံးအဝိုင်းသားနှင့် လိုက်ငေးနေလျှင် ကလေးမလေးလို ရှက်စနိုးပြုံးပြီး . . .

"ဘယ်လိုလဲ အန်တီက သိပ်လှနေလို့လား။ စွန်ကလေးလည်း လှတာပါပဲ။ အန်တီက အသက်ကြီးနေပါပြီ" ဟု ပြောတတ်သေးသည်။ တစ်ခါတော့ စွန်က





လေးက . . .

"အန်တီက အသက်သိပ်မကြီးသေးပါဘူး။ လှလည်း အများကြီးလှတယ်။ စွန်ကလေးနဲ့ တွေ့ခါစက အန်တို့ကို မမလို့တောင် ခေါ်ချင်တာ"

ဟု အရဲစွန့်ပြီးပြောလိုက်သည်တွင် သူမက မျက်ရည်တွေထွက်ကျသည်အထိ အားရပါးရ ရယ်မောလေတော့သည်။ ပြီးတော့ ပြောလိုက်သေးသည်။

"အန်တို့ဘဝမှာ ဒီလို မရယ်ရတာ အတော်ကြာပြီကလေးရယ်" တဲ့။

အဲဒီအခါ ဘာမဟုတ်တဲ့ ပမွှားကလေးဖြစ်သောစွန်ကလေးက OCTAGON ဟူသော လုပ်ငန်းကြီးရှစ်ခုရဲ့ MD ဒေါ်နေညိုရီကို အလွန်ပဲသနားကရုဏာဖြစ်သွားမိသည်။

"အန်တို့အသက် ဘယ်လောက်ရှိပြီထင်လဲ ဟင်" လို့ မေးတဲ့အခါမှာတော့ စွန်ကလေးက သုံးဆယ်ဝန်းကျင်ဟု တလွဲဖြေသည့်အခါတွင်လည်း ခပ်ညည်းညည်းရယ်နေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

စွန်ကလေးစိတ်ထင် ဒေါ်နေညိုရီဟာ အစွမ်းကုန်ရှိလှ သုံးဆယ်ပေါ့လို့ တွေးထားပေမယ့် သူမအသက်က သုံးဆယ့်ကိုးထဲတောင် ရောက်နေပြီတဲ့။

ဘယ်လိုမှထင်မထားရက်လောက်အောင် နုငယ်ချောမောသော ဒေါ်နေညိုရီဟာ ဒီအသက်အရွယ်အထိ ဘာကြောင့် အိမ်ထောင်မပြုသလဲဆိုတဲ့ မေးခွန်းကို မမေးရဲခဲ့တာမို့ စွန်ကလေးရင်ထဲ ပဟေဠိတစ်ခုအဖြစ်သာ ရှိနေခဲ့ရသည်။

တကယ်တော့ ဒေါ်နေညိုရီဟာ ငွေကြေးဥစ္စာပြည့်စုံပြီး ရုပ်ရည်ချောမောတာကြောင့် တော်ရုံယောကျ်ားတွေကို စိတ်ထဲမထည့်ရင်း နှလုံးသားထဲအထိ ဘယ်သူ့ကိုမှ နေရာမပေးတော့ခြင်းသာ ဖြစ်ပါလိမ့်မည်။

စွန်ကလေးကြားဖူးတာတော့ အဘက်ဘက်ကပြည့်စုံနေတဲ့ မိန်းမတွေဟာ အိမ်ထောင်ပြုဖို့ စိတ်မဝင်စားကြဘူးတဲ့။ ဒေါ်နေညိုရီလည်း ထိုသဘောအတိုင်းသာ ဖြစ်





လိမ့်မည်ထင်၏။ ထို့ပြင် OCTAGON GROUP ဆိုတာ တော်ရုံလုပ်ငန်းလေးမဟုတ်ဘဲ Supermarket, Special Clinic အစရှိသော လုပ်ငန်းကြီးတွေချည်း ရှစ်မျိုးတိတိ စုစည်းတည်ထောင်ထားခြင်းဖြစ်ပြီး အားလုံးက ဒေါ်နေညိုရီရဲ့ စီမံခန့်ခွဲမှု ဦးဆောင်ညွှန်ကြားမှုအောက်မှာ လှုပ်ရှားနေခြင်း ဖြစ်သည်။

အမျိုးသမီးတစ်ယောက်ဖြစ်ပေမယ့် ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ရေလုပ်ငန်းတွေ၊ စက်ရုံနဲ့အာမခံလုပ်ငန်းတွေမှာလည်း ရဲရဲရင့်ရင့် ဦးဆောင်နိုင်သူဖြစ်သော ဒေါ်နေညိုရီအတွက် ဘဝလက်တွဲဖော်ဆိုတာ အလွန်သေးကွေးကျဉ်းမြောင်းလှသော စိတ်ခံစားမှု နယ်ပယ်မှာတောင် နေရာရှိရဲ့လား မသိချေ။

သူမကို လိုချင်မက်မောသော ယောကျ်ားတွေတော့ အတော်များပြားပါလိမ့်မည်။

ရုပ်ရည်ချောမောပြီး အရည်အချင်းရှိသော ထက်မြက်သော ဒေါ်နေညိုရီလို အမျိုးသမီးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုယောကျ်ားမျိုးမှ ငြင်းဆန်နိုင်လိမ့်မည် မဟုတ်။ တကယ်တမ်း သူမက မလိုချင်ခဲ့၍သာ ယခုလိုတစ်ယောက်တည်း ဘဝနှင့်ပျော်မွေ့နေခြင်းဖြစ်လိမ့်မည်။

စွန်ကလေးကတော့ ကိုယ့်ဦးနောက်ဝိစိကွေးလေးနှင့် တွေးမိတွေးရာတွေးနေမိသည်။ လတ်တလော အခြေအနေမှာတော့ ဒေါ်နေညိုရီက သူမအတွက် အားကျအတုယူစရာ စံပြအမျိုးသမီးတစ်ယောက်ပဲ ဖြစ်လေသည်။

တခြားအပျိုကြီးတွေလို ဇီဇာမကြောင်တတ်တဲ့ စိတ်သဘောထားပြည့်ဝသော ဒေါ်နေညိုရီရဲ့စိတ်ဓာတ်က တစ်ခါတစ်ရံ မိခင်စိတ်ဓာတ်ဆန်ဆန် ကြင်နာတတ်ပြီး ခွင့်လွှတ်သည်းခံနိုင်တာလည်း အံ့သြလေးစားစရာပင်။

"စွန်ကလေး"

"ရှင်"

စွန်ကလေး အယောင်ယောင်အမှားမှားနှင့် မတ်တတ်ထရပ်ပြီးမှ ဘယ်သူမှမတွေ့ရတာမို့ အခန်းပတ်ပတ်လည်ကို အလန့်တကြား လိုက်မော့ကြည့်မိသည်။





ဘာကိုမှမတွေ့ရပေမယ့် OCTAGON ရုံးချုပ်ရဲ့ အခန်းတိုင်းမှာ CCTV Cameras ပေါင်း မြောက်မြားစွာနှင့် အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်သော ခေတ်မီစက်ကိရိယာတွေရှိကြောင်း သူမ သိထားပါသည်။

Lobby ထဲအထိတော့ ဆက်သွယ်ရေးစလုတ်တွေ ရှိမည် မထင်ခဲ့ချေ။

ပြူးပြူးပျာပျာပုံစံလေးနှင့် ဟိုဒီလိုက်ရှာကြည့်နေသော စွန်ကလေးကြောင့် ရယ်သံခပ်တိုးတိုး ထွက်လာသည်။ ထိုအခါမှ နံရံထောင့်တစ်နေရာမှ Sound-box အသေးလေးတစ်ခုကို တွေ့ရသည်။

"နာရီကိုကြည့်ဦးလေ။ Lobby ထဲမှာ ဘာထိုင်လုပ်နေတာလဲ။ အန်တီ့ရုံးခန်းထဲကို လာခဲ့တော့"

"ဟုတ် . . . ဟုတ်ကဲ့"

သူမ မရောက်ခင် ရုံးခန်းထဲကိုမဝင်ရဲတာမို့ စွန်ကလေး Lobby ထဲမှာထိုင်စောင့်ရင်း အချိန်လွန်သွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာချထားသည့် **သစ်ခွပန်းစည်း**ကို ယူပြီး စွန်ကလေးပြေးလာခဲ့မိ၏။

"အန်တီ မရောက်သေးဘူးထင်လို့ စွန်ကလေး Lobby ထဲမှာ ထိုင်နေတာပါ"

"နောက်ဆို တို့ကိုမစောင့်နဲ့။ စွန်ကလေးက ဧည့်သည်မှ မဟုတ်တာ"

"ဟုတ်ကဲ့"

ဒေါ်နေညိုရီက သူမလက်ထဲမှ သစ်ခွပန်းစည်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

"ဒီပန်းစည်းက . . ."

"အခန်းထဲက ပန်းအိုးမှာထိုးဖို့ပါ အန်တီ။ ကျောက်ခက်တွေလည်း လှပါတယ်။ ဒါပေမဲ့ ပန်းအစစ်တွေနဲ့ဆိုတော့ စိတ်ထဲတစ်မျိုးလန်းတာပေါ့"

"မင်းစိတ်ကူးကောင်းသားပဲ။ ကဲ . . . ဒီနေ့ နောက်ကျတာကို မဆူတော့ဘူးနော်။ ပန်းတွေယူလာပေးတဲ့အတွက် ခွင့်လွှတ်လိုက်မယ်"





တကယ်တော့ ပန်းတွေမပါလာလည်း ခွင့်လွှတ်ပေးမှာဖြစ်သည့် သူမမျက်နှာရဲ့ ဒေါသမာန်မာန ကင်းစင်မှုကို စွန်ကလေးတွေ့ရှိပြီးသား ဖြစ်လေသည်။

စွန်ကလေး ခေါင်းညိတ်ပြုံးပြရင်း သူမ စားပွဲပေါ်က ပန်းအိုးမှာ သစ်ခွခက်တွေကို လှလှပပ ထိုးစိုက်ပေးတော့ လက်နှစ်ဖက် စားပွဲပေါ်တင်မေးထောက်ရင်း ကလေးတစ်ယောက်လို လိုက်ကြည့်နေလေသည်။

"စွန်ကလေး"

"ဟုတ် . . . ပြောပါ အန်တီ"

"မင်း ဒီကို ဘတ်(စ)ကားစီးလာတာ ဒုက္ခမရောက်ဘူးလား"

"ဟင့်အင်း . . . ဆယ်မိနစ်လောက်ပဲ ကြာတာပါ။ စွန်ကလေး အဆင်ပြေပါတယ်"

"ဟုတ်မှာပါ။ မင်းပါးက သနပ်ခါးတွေတောင် ပျက်မှမပျက်ဘဲ"

သူမစကားကြောင့် စွန်ကလေး ကိုယ့်ပါးကိုယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းစမ်းလိုက်မိသည်။

"ရုံးချုပ်က ဝန်ထမ်းတွေအတွက် ဖယ်ရီပေးမထား ဘူး။ လစာထဲမှာ ခရီးစရိတ်ထည့်ပေးထားတယ်။ ဒီက လူ နည်းစုဖြစ်ပြီး နေတဲ့နေရာတွေက တစ်မျိုးစီနဲ့ တစ်ပြန့်ကြီး ဆိုတော့ ကြိုပို့ပေးဖို့ အခက်အခဲရှိတယ်လေ"

စွန်ကလေး ငြိမ်သက်စွာနားထောင်နေမိသည်။ တကယ်တမ်း ရုံးချုပ်မှာရှိသည့်ဝန်ထမ်းတွေထဲမှာ ဘတ်(စ်) ကားနဲ့လာသူဆိုလို့ စွန်ကလေးနဲ့ Security ဝန်ထမ်းအချို့ ရယ်၊ သန့်ရှင်းရေးဝန်ထမ်းတွေလို အခြေခံဝန်ထမ်းတွေ သာ ရှိပါသည်။ Computer စက်ခန်းထဲက စာရေးမတွေ၊ တခြား Staff တွေ၊ accountant တွေနဲ့ GM ကအစ အားလုံး ကိုယ်ပိုင်ကားတွေနှင့် လာကြတာဖြစ်သည်။ ကိုယ်ပိုင်မဟုတ်တောင် သူတို့ကို အဆင်ပြေသလို ကြိုပို့ နေသည့် ကားအကောင်းစားတွေကို နေ့တိုင်း ရောင်စုံမြင် နေရ၏။

"တို့ မင်းကို လာကြိုပေးချင်တယ်။ ဒါပေမဲ့ တို့





အတွက် အချိန်က အရမ်းရှားပါးလွန်းလို့။ မနက်ပိုင်းက တို့ မိသားစုအတွက် အချိန်ပေးရသေးတယ်။ အလုပ်ကနေ ညနေခြောက်နာရီပြန်ရင် မင်းကမှ စောစောအိပ်ရဦးမယ်။ တို့ကတော့ အနည်းဆုံး ညတစ်နာရီမှ အိပ်ရတာ။ ဒါတောင် အလုပ်တွေကို အကြွေးထားတာနော်"

ပြောရင်း သူမက ဟက်ခနဲ ရယ်ချလိုက်လေ သည်။

"ကဲ . . . အဲဒါတွေ နောက်မှပြောမယ်။ အခု အသစ်ဖွင့်တဲ့ Show room တစ်ခုကိုသွားကြည့်ရအောင်။ အေးဆေးပါ။ အပြင်ဧည့်သည်တစ်ယောက်အနေနဲ့ပဲ သွား မှာ။ တို့တွေသွားမှာ အဲဒီက ဝန်ထမ်းတွေ မသိအောင်ပေါ့။ ဒါမှ သူတို့ တကယ်အလုပ်လုပ်တာတွေကို သိခွင့်ရမယ်။ Customer တစ်ယောက်ကို ဘယ်လိုဝန်ဆောင်မှုတွေနဲ့ စိတ်ကျေနပ်မှုပေးမလဲဆိုတာ သိရတာပေါ့"

"ဟုတ်ကဲ့ အန်တီ"

"အဲဒါဆို သွားရအောင်။ ဟော . . . တစ်ခုပြော



www.burmeseclassic.com

www.burmeseclassic.com



ရဦးမယ်။ ဆိုင်ကိုသွားတဲ့အခါ ကိုယ့်ရဲ့ဝန်ထမ်းတစ်ယောက်လို အလုပ်သမားတစ်ယောက်လို နောက်မှာ ခပ်ကုပ်ကုပ်လေး ဖြစ်မနေစေနဲ့နော်။ ကိုယ့်ဘေးနားကနေ ရဲရဲတင်းတင်းလိုက်ခဲ့ ကြားလား"

"ဟုတ်ကဲ့ အန်တီ"

သူမကို ဘာကြောင့်အရာသွင်းအရေးပေးနေမှန်း စွန်ကလေး နားမလည်သော်လည်း ထိုသို့သောစိတ်ဓာတ်မျိုးကိုသဘောကျပါသည်။

တဖြည်းဖြည်းနှင့် စွန်ကလေးက ဒေါ်နေညိုရီရဲ့သမီးတစ်ယောက်၊ တူမလေးတစ်ယောက်လို ဖြစ်ဖြစ်လာတာလည်း GM ကအစ ဝန်ထမ်းအားလုံးရိပ်မိနေကြသည်။ Secretary ပင် စွန်ကလေးလောက် တပူးတွဲတွဲနေရာမရဘဲ အစည်းအဝေးကိစ္စ၊ ရှယ်ယာကိစ္စတွေနဲ့ မဖြစ်မနေတက်ရမည့် (အလုပ်နှင့်ပတ်သက်သော) ညှိခံပွဲတွေမှာသာ Secretary က တာဝန်ယူရပြီး စွန်ကလေးကတော့ ဒေါ်နေညိုရီရဲ့ အရိပ်တစ်ရိပ်လို အမြဲရှိနေခဲ့ရလေ့လသည်။



## အခန်း ( ၁၄ )

အင်မတန်လှပသေသပ်ပြီး ဆန်းပြားသော ဒီဇိုင်းရှိသည့် Camera လေးကိုကိုင်ကြည့်ပြီး ဒီရေသဘောကျနေမိသည်။

"တကယ်မိုက်တယ်ကွာ။ ဟိုနေ့က မင်းဝယ်လိုက်တဲ့ Camera (Canon SD 1300IS) လည်း ငါကြိုက်တာပဲ။ ဒါပေမဲ့ ဒီကောင်က တကယ့် professional သုံးလို့ရတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလည်း ရတာပါပဲ။ ဒါပေမဲ့ ဒီကောင်က ဒီဇိုင်းမှာ ပိုသာသွားတာ"

နေညီညီက ဘေးကနေ ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေလေသည်။

လွန်ခဲ့တဲ့သုံးလေးရက်ကမှ နေညီညီက Canon အမျိုးအစား digital camera လေးတစ်လုံးဝယ်ခဲ့ခြင်း ဖြစ်ပြီး ဈေးနှုန်းကလည်း နှစ်သိန်းကျော်လေးမို့ ဒီရေ ပြန်ဝယ်ဖို့ ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဒီ camera ကို ပိုသဘောကျသွားမိပြန်၏။ ဈေးနှုန်းကလည်း ပိုမြင့်နေတာမို့ လောလောဆယ်တော့ သူ ဘယ်လိုမှ မတတ်နိုင်သေးချေ။

"အင်း . . . မြင်သာမြင်ရ မကြင်ရမယ့်အဖြစ်မျိုးပဲ နေညီညီ။ ငါ့မှာ အဲလောက်မပါဘူး။ နောက်မှပဲ ဝယ်တော့မယ်ကွာ"

"မင်းလိုချင်ရင် အခုဝယ်လိုက်ပါကွာ။ ငါ စိုက်ပေးထားပါ့မယ်။ တော်ရုံပွဲတွေ outdoor ထွက်ရင် သုံးလို့ရတာပေါ့"

- "နေပါစေတော့။ ဟိုနေ့ကလည်း တစ်လုံးဝယ်ထားသေးတာပဲ"

"ဘာဆိုင်လဲ။ မင်းက ဒါကို သဘောကျနေတာပဲ။ ယူလိုက်ပါ။ နောက်မှဆို မော်ဒယ်(လ်)တွေက တဖြည်းဖြည်း မြင့်ပြီး အသစ်တွေထွက်နေတာနဲ့ ဒါလေး အဖတ်တင်တော့မှာ မဟုတ်ဘူး"

"မဟုတ်တာကွာ။ ငါက ပစ္စည်းအသစ်အဆန်းတွေ့တိုင်း လိုချင်နေတာ။ တွေ့တိုင်းသာဝယ်နေရရင် မွဲရချည်ရဲ့။ ထားလိုက်တော့"

သူ Camera လေးကို မက်မက်မောမော ကြည့်လိုက်ပြီးမှပြန်ထားခဲ့လိုက်သည်။ နေညီညီက သူလိုချင်နေမှန်းသိတော့ ဖွတ်အတင်းဝယ်ပေးချင်နေတာမို့ သူ Note-book တွေ Laptop တွေ ပြထားသည့်ဘက်ကို ထွက်လာခဲ့သည်။ ထိုစဉ်မှာပဲ အခန်းထဲမှ ဘယ်လိုမှမျှော်လင့်ထင်မှတ်မထားသည့် တစ်စုံတစ်ယောက်ကို လှမ်းတွေ့လိုက်ရ





www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်၏။

ရုတ်တရက်မို့လား တအားအံ့သြသွားတာကြောင့် ပဲလားမဆိုတတ်။ သူ့ရဲ့ဘယ်ဘက်ရင်အုံဆီမှ တဒိတ်ဒိတ် ခုန်လာခဲ့လေသည်။

အင်းလျားကန်ဘောင်က ခုံတန်းလျားလေးမှာ မိုး ဖွဲတွေကြားထဲ ပါးစပ်ကြီးဖြဲပြီး ကလေးပေါက်စလေးလို အော်ငိုနေသည့် ကောင်မလေးကို ပြန်မြင်ယောင်ပြီး သူ ရယ်ချင်လာသည်။

"ဒီရေ"

"ဟင်"

"ဘာဖြစ်နေတာလဲ။ မင်းမျက်နှာကြီးက ပြုံးစေ့ စေ့နဲ့။ ဘာတွေ သဘောကျနေတာလဲ"

နေညီညီက သူ့ပခုံးကိုပုတ်ရင်း ပြောလိုက်တာမို့ သူ ယောင်ယောင်မှားမှားနှင့် ထိုကောင်မလေးကို မေး ဆတ်ပြလိုက်မိ၏။

သို့ရာတွင် နေညီညီက ကောင်မလေးကို မမြင်





ဘဲ ဘေးမှ ရုပ်ချောချော၊ တောင့်တောင့်ဖြောင့်ဖြောင့် အမျိုးသမီးတစ်ယောက်ကို မြင်သွားကာ . . .

"နေကာမျက်မှန်နဲ့ လေဒီကြီးလား။ တော်တော် လှတယ်နော်"

ဟု သူ့ထင်ရာဝေဖန်ချက်ပေးလေသည်။ ထိုအခါ မှ စွန်ကလေး ဘေးကအမျိုးသမီးကို သူ သတိထားလိုက် မိ၏။

ထိုကောင်မလေးနှင့်အတူတူလာခြင်း ဖြစ်ပုံရလေ သည်။ ဒါပေမဲ့ ဘယ်လိုတော်သလဲဆိုတာတော့ ဝေခွဲရ ခက်၏။

ကန်ဘောင်မှာ ကောင်မလေးကို တွေ့ခဲ့ရစဉ်က ဒီလောက်တောက်တောက်ပြောင်ပြောင် သပ်သပ်ရပ်ရပ် မဟုတ်။ စိတ်ညစ်နေတာကြောင့် ခပ်နွမ်းနွမ်းဖြစ်နေခြင်း လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ဘေးနားက အမျိုးသမီးရဲ့ အရှိန်အဝါနှင့်တော့ ဘယ်လိုမှမသက်ဆိုင်သ လို အကွာကြီး ကွာနေတာမို့ ဒီကောင်မလေးဟာ ထိုအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီး၏ အပါးတော်မြဲလေးသာ ဖြစ်ရမည်ဟု သူမှတ်ချက်ချလိုက်သည်။

ဒီရေ ငေးနေဆဲမှာပဲ ဒီဘက်သို့လှည့်လာသော အမျိုးသမီး၏မျက်လုံးများနှင့် တည့်မတ်စွာ ဆုံလိုက်ရလေသည်။

မျက်မှန်ကို ခပ်သွက်သွက်ဆွဲချွတ်ရင်း သူ့မျက်နှာကို အသေအချာကြည့်လာတာမို့ ဒီရေ ချက်ချင်းလိုမျက်နှာလွှဲလိုက်မိ၏။ ဒါပေမဲ့ သူမက ဘေးနားမှ ကောင်မလေးကို တစ်ခုခုတီးတိုးကပ်ပြောလိုက်သလိုပုံမျိုး သူ့မျက်ဝန်းထောင့်မှာ ရိပ်ခနဲ တွေ့လိုက်ရသေးသည်။

သူ့ကို လိုက်ကြည့်နေမှန်း အလိုလိုခံစားလို့ရနေတာမို့ ထိုနေရာမှ ပြန်လှည့်လာခဲ့သည်။

ထို့နောက် ကြော်ငြာ Vinyl မှ သူသဘောကျသော Camera ပုံကို လက်ပိုက်ရင်း ငေးနေမိ၏။

"ဒီရေ မင်းကိုလိုက်ကြည့်နေတယ်"

"ငါ သိတယ်"





သူ ခပ်ကြိတ်ကြိတ်ပြန်ပြောရင်း ဟန်မပျက်လျှောက်ကြည့်နေမိ၏။ နေညီညီက သူ့ကိုလက်တို့ရင်း

"ချစ်စရာလေးကွ။ စကားသွားပြောပါလား"

ဟု ပြောလိုက်တာမို့ သူ့စိတ်ထဲ တင်းခနဲဖြစ်သွားသည်။

"နေစမ်းပါကွာ။ စိတ်မဝင်စားဘူး"

"သူကတော့ စိတ်ဝင်စားပုံပဲ။ ပြီးတော့ မင်းကိုတရင်းတနှီးကြီး သိနေတဲ့မျက်နှာနဲ့။ သူကြည့်ရတာ မင်းကိုတမင်လိုက်ကြည့်နေတဲ့ Spy တစ်ယောက်နဲ့တူတယ်"

နေညီညီ့စကားကြောင့် သူ ပိုပြီးနေရခက်သွားသည်။

"လာကွာ ပြန်ရအောင်"

ပြောပြောဆိုဆို သူ Show room အပြင်ကို ခပ်သုတ်သုတ်ထွက်လာခဲ့သည်။ နေညီညီက သူ့နောက်မှ ပြေးလိုက်လာရင်း . . .

"ဘယ်လိုဖြစ်တာလဲကွာ။ ဒီလောက်လှတပတ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကကြည့်တာ ဘာဖြစ်လဲ"

သူနောက်ကိုလှည့်မကြည့်ဘဲ နေညီညီရဲ့ကားဆီသို့ တန်းလျှောက်လာမိသည်။

ကားပေါ်ရောက်မှ သူ သက်ပြင်းချနိုင်တော့၏။ သူ စိတ်ဝင်စားမိသောကောင်မလေးကိုပင် အသေအချာ လိုက်မကြည့်လိုက်ရဘဲ သူစိမ်းအမျိုးသမီးတစ်ယောက်၏ ခပ်စူးစူးအကြည့်တွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်စွာ ထွက်လာခဲ့ရခြင်းဖြစ်တာမို့ သူ ဒေါသလည်းဖြစ်နေမိသည်။

"မင်းသားကလည်း စိတ်ကြီးပဲ"

နေညီညီက ခပ်တိုးတိုးရေရွတ်ရင်း ရယ်မောနေသည်။

သူ အိတ်ထဲက Camera လေးကိုထုတ်ပြီး ကောင်မလေးငိုနေတဲ့ပုံရိပ်တွေ ပြန်ဖွင့်ကြည့်မိ၏။

"အဲဒါ ဘာလဲ ဒီရေ"

နေညီညီက သူ့ပခုံးဘေးနားကို အတင်းပူးကပ်တိုးဝင်လာပြီး သူရိုက်ထားသောပုံရိပ်တွေကို လာကြည့်၏။





"ကားကို ဂရုစိုက်မောင်း။ ဒါ ဘာမှအရေးမကြီးဘူး"

"ခဏပြပါကွာ။ ဘာပုံလဲကြည့်ချင်လို့"

"အဲဒါဆို ရှေ့နားမှာ ကားရပ်လိုက်"

သူ့စကားအဆုံး နေညီညီက ကားကို ရှေ့ခပ်လှမ်းလှမ်းမှာ သွားရပ်ပြီး သူ့လက်ထဲက Camera ကို လှမ်းယူသည်။

"ဒါ ဘာလဲ"

"သေသေချာချာကြည့်လေ"

"ဟာ . . . ဒါ . . . ဒါ . . . ဟိုကောင်မလေး"

သူသိနေပြန်ပြီဆိုတဲ့အကြည့်နဲ့ ဒီရေ လှည့်ကြည့်တော့ နေညီညီက မျက်လုံးကြီးပြူးရင်း Camera ကို စားတော့ဝါးတော့မတတ် စိုက်ကြည့်ကာ . . .

"ခုန မင်းကိုလိုက်ကြည့်နေတယ်ဆိုတာ ဒီကောင်မလေးပေါ့။ ဟုတ်တယ် . . . ဟုတ်တယ်။ ပါးဖောင်းဖောင်း မျက်လုံးဝိုင်းဝိုင်းနဲ့။ သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒီရေ တအံ့တသြဖြစ်သွားမိသည်။ ခုန သူ့ကို လိုက်ကြည့်နေတယ်ဆိုတုန်းက ထိုကောင်မလေးဘေးမှာ ပါလာသော အမျိုးသမီးဟုထင်မိခြင်း ဖြစ်၏။ ယခုမှ ထိုကောင်မလေးမှန်းသိရတော့ ဒီရေ ရင်ထဲ မတင်မကျကြီး ဖြစ်သွားရသည်။

"သူက ငါ့ကိုလိုက်ကြည့်နေတယ်"

"အေးလေ . . . ခုန ငါပြောသားပဲ။ မင်းက နောက်ကိုတစ်ချက်မှ လှည့်မကြည့်ဘဲ သေပြေးရှင်ပြေး ထွက်ပြေးလာပြီးတော့"

ဒီရေ ကိုယ့်နဖူးကိုယ်လက်ဝါးနှင့် ဖြန်းခနဲ ရိုက်ချလိုက်မိသည်။

"သေလိုက်ပါတော့ကွာ။ သူမှန်းသိရင် ငါ မပြေးပါဘူး"

"ဘယ်သူထင်လို့ ပြေးတာလဲ"

သူ့ ခေါင်းကို ဖြည်းလေးစွာခါယမ်းရင်း ခပ်တိုးတိုး





ရယ်မောလိုက်မိ၏။

"ဖြစ်မှဖြစ်ရလေ ကောင်မလေးရယ်။

ကြုံကြုံဖန်ဖန်ဆုံပြီးမှ လွဲရတာယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

စွန်ကလေး ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင် အံ့ဩသွားပေမယ့် တွေဝေငေးမောနေဖို့ အချိန်မရခဲ့ပါ။

"ဟုတ်ကဲ့ အန်တီ" ဟု တစ်ခွန်းသာဆိုပြီး သူ့နားကို မယောင်မလည်သွားပြီး တစေ့တစောင်း အကဲခတ်ရသည်။ ထိုအလုပ်မျိုး သူမတစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မလုပ်ဘူးတာမို့ စွန်ကလေး ရင်တွေတဒိတ်ဒိတ်ခုန်ကာ လန့်ဖျပ်နေမိသည်။



စွန်ကလေးလိုက်ကြည့်ရတဲ့သူဟာ တစ်ခါက စွန်ကလေး တမေ့တမောလိုက်ငေးခဲ့ရဖူးတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိချေ။ တကယ်တမ်း လိုက်ကြည့်ပါဟုနိုင်းတော့ ရင်တွေခုန် ဒူးတွေတုန်ပြီး ခြေဖျားလက်ဖျားတွေပင် အေးစက်လာသည်။

သူက Camera တစ်လုံးရဲ့ပုံကို စိတ်ဝင်တစား ရပ်ကြည့်နေတာမို့ သူမကို လုံးဝသတိမထားမိပေမယ့် သူ့ဘေးက အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်နှင့် တစ်ယောက်ကတော့ သူမကို နှစ်ခါတောင် လှည့်ကြည့်လေသည်။

စွန်ကလေး ကြောက်လိုက်တာ။ ဘယ်လိုနေရမှန်းတောင် မသိချေ။ သူမ ကံကောင်းတာလား ကံဆိုးတာလားတော့ မသိ။ သူက တစ်ချက်မှလှည့်မကြည့်ဘဲ အပြင်သို့ တန်းထွက်သွားခဲ့တော့ စွန်ကလေးနေရာမှာပဲ ဘာဆက်လုပ်ရမှန်းမသိအောင် ငူပြီး ကျန်ခဲ့ရလေတော့သည်။

"စွန်ကလေး"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



နောက်ကခေါ်သံကြောင့် စွန်ကလေး ဆတ်ခနဲ လန့်တုန်သွားရသည်။

"သူ့ကို မြင်ဖူးလား"

"ဟုတ် . . . အဲ . . . ဟင့်အင်း။ တစ်ခါတော့ မြင်ဖူးပါတယ် အန်တီ။ သိတော့ မသိပါဘူး"

"သူ့ကို နောက်တစ်ခါထပ်တွေ့ရင် မှတ်မိပါ့မလား"

စွန်ကလေး ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်သည်။ ဒီလောက်ချောမောထင်ရှားနေတဲ့ ယောကျ်ားတစ်ယောက်ကို မမှတ်မိစရာ ဘာအကြောင်းမှကို မရှိချေ။

"စုန သူနဲ့ပတ်သက်ပြီး မင်း ဘာရလိုက်လဲ။ သူ့အကြောင်းတွေထဲက အချက်အလက်တစ်ခုခုပေါ့"

စွန်ကလေး ခေါင်းငုံ့မျက်လွှာချရင်း ရှက်ရွံ့သိမ်ငယ်စွာ ခေါင်းခါပြလိုက်မိ၏။

"ဒါဆို . . . ဒီ Show room ထဲက သူ ဘာဝယ်သွားလဲ"

စွန်ကလေး ခေါင်းထဲ လင်းခနဲတစ်ချက်ဖြစ်သွား





သည်။

"ဘာမှဝယ်မသွားဘူး အန်တီ။ ဒါပေမဲ့ ဟောဟို က vinyl ကိုတော့ အကြာကြီးကြည့်နေတယ်။ အဲ့ carema ကို သဘောကျနေတဲ့ပုံပဲ"

ဒေါ်နေညိုရီက ခေါင်းတစ်ချက်ဆတ်ရင်း ရှေ့မှ လျှောက်သွားတာမို့ စွန်ကလေး နောက်မှ ကမန်းကတန်း ပြေးလိုက်ခဲ့ရလေသည်။

Sale promoter တစ်ယောက်က ဒေါ်နေညိုရီအား Camera ကို စိတ်ဝင်တစားကြည့်နေမှန်း သိတာမို့ စိတ်ရှည်လက်ရှည် ရှင်းပြလေသည်။

စွန်ကလေးလည်း ဘုမသိ ဘမသိနှင့် နားထောင်နေရ၏။

"စွန်ကလေး"

"ပြောပါ အန်တီ"

"အဲဒီ Camera ယူခဲ့လိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ နောက်ထပ် ဘာများ အလိုရှိပါသလဲ"

ဒေါ်နေညိုရီက လက်ကာပြပြီး ထွက်သွားတာမို့ စွန်ကလေးကပဲ sale promoter ကို ပြုံးပြနှုတ်ဆက်ရင်း Camera ကို သယ်လာပေးရလေသည်။

ဘာလုပ်ဖို့လဲ ဘာအတွက်လဲဆိုတာကို သူမ မသိသော်လည်း သူနှင့်ပတ်သက်နေမှန်းတော့ စွန်ကလေး နားလည်လိုက်မိသည်။ ကားပေါ်ရောက်မှ ဒေါ်နေညိုရီက စွန်ကလေးကို လှည့်ကြည့်၏။

"စွန်ကလေး"

စွန်ကလေး သူမမျက်နှာကို မော့ကြည့်လိုက်သည်။ ဒေါ်နေညိုရီ့မျက်နှာမှာ စွန်ကလေး မဖတ်တတ်သော အရိပ်အငွေ့တို့နှင့် မှုန်မှိုင်းဝေသီနေလေသည်။

အလွန်သိမ်မွေ့နူးညံ့ပြီး တည်ငြိမ်အေးဆေးသော ဒေါ်နေညိုရီ့မျက်နှာက အံ့ဩဖွယ်ကောင်းလောက်အောင် လှုပ်ရှားပျက်ယွင်းနေတာမို့ စွန်ကလေးပင် စိတ်ထဲတစ်မျိုး





ကြီး ခံစားလိုက်ရ၏။

"ဒီနေ့ကစပြီး စွန်ကလေးကို အလုပ်တစ်ခုခိုင်းရတော့မယ်။ ခုနလိုမျိုးပေါ့။ လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ် အန်တီ။ စွန်ကလေး ကြိုးစားမှာပါ"

"သိပ်အခက်ခဲကြီးမဟုတ်ပေမယ့် လွယ်တော့ မလွယ်ဘူး စွန်ကလေး။ ပထမဆုံးလုပ်ရမှာက ခုနတစ်ယောက်ကို တွေ့အောင်ရှာရမယ်။ ပြီးတော့ သူ့အကြောင်းတွေ ပြည့်ပြည့်စုံစုံ သိအောင်လုပ်ရမယ်။ ဒီနေရာမှာ ယောကျ်ားလေးတစ်ယောက်ယောက်ကို ခိုင်းရင် ပိုလွယ်နိုင်ပေမယ့် ဒီကိစ္စကို စွန်ကလေးကလွဲပြီး တခြားတစ်ယောက်ကို ပေးမသိစေချင်ဘူး။ လျှို့ဝှက်ထားချင်တယ်။ တို့ပြောတာ သဘောပေါက်လား"

စွန်ကလေး အပြည့်အဝနားမလည်ပေမယ့် သူမဆန္ဒကို သဘောပေါက်သလိုလိုတော့ ရှိ၏။ ထို့ကြောင့် တတ်နိုင်သလောက် အစွမ်းကုန်ကြိုးစားပေးရန် ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်မိသည်။

"စွန်ကလေး သူ့ကို ပထမတစ်ခါမြင်ခဲ့တုန်းက လည်း လက်ထဲမှာ Camera လိုလို ဘာလိုလိုတစ်ခုခုကို ကိုင်ထားတယ်။ သူ့ကိုရှာဖို့ သဲလွန်စကတော့ Camera နဲ့ ပတ်သက်တဲ့နေရာတွေပဲရှိတယ် အန်တီ"

"ဟုတ်တာပေါ့။ မင်း သူ့ကို Photo Studio တွေမှာ လိုက်ရှာရမယ်"

ဒေါ်နေညို့ရီမျက်နှာက စိတ်အားတက်ကြွသလို ပြန်လည်လန်းဆန်းလာပြန်သည်။

သေချာတာတစ်ခုကတော့ သူ့မမျက်နှာဟာ မျှော်လင့်ချက်ရောင်ခြည်တစ်မျိုး ယှက်သန်းနေတယ်ဆိုတာပါပဲ။

ဒေါ်နေညို့ရီဟာ စွန်းကလေးဘဝ မျှော်လင့်ချက်ကို လင်းလက်တောက်ပအောင် မြှင့်တင်ပေးနိုင်တဲ့ တစ်ဦးတည်းသော ကျေးဇူးရှင်ဖြစ်တာမို့ တတ်နိုင်သလောက် ဖြည့်ဆည်းပေးဆပ်ပေးဖို့ ဆုံးဖြတ်ချက်ကို အခိုင်အမာ ချ





လိုက်သည်။

ဒေါ်နေညို့ရီရဲ့ ရည်ရွယ်ဦးတည်ချက်က အဓိက မဟုတ်။ သူမအလိုဆန္ဒပြည့်ဝဖို့သာ စွန်ကလေးအတွက် နံပါတ်တစ် ပထမအချက်ဖြစ်နေပေပြီ။ ထို့အတွက် အများ အမှန်မလိုအပ်ဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

လူကို နစ်ခါပဲမြင်ဖူးရုံနှင့် ရမ်းသမ်းပြီး ရှာရတာ လွယ်တဲ့အလုပ်တစ်ခုမဟုတ်မှန်း စွန်ကလေး သိလာရချိန်မှာ ဓာတ်ပုံဆိုင်ပေါင်း ကိုးဆိုင်တိတိကို ဝင်ခဲ့ပြီးပြီဖြစ်သည်။

သည်အတိုင်း တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဝင်ရှာခဲ့ရတာမဟုတ်ဘဲ ဓာတ်ပုံဝင်ရိုက်ရတာဖြစ်ပြီး တမင်အချိန်ဆွဲလို့ရအောင် ဓာတ်ပုံကို တစ်ခါတည်း စောင့်ယူရသေးသည်။





"ရန်ကုန်လမ်းညွှန်ထဲမှာ ကြော်ငြာထားသမျှ ဆိုင်တွေ စုံအောင်သွား။ မြို့ထဲမှာ အရင်ဆုံး ရှာကြည့်" တဲ့။ ပြောလိုက်တာတော့ အလွယ်လေးပါ။

တကယ်တမ်းသွားရတော့ မသက်သာလှချေ။

"တစ်ခါတည်း စောင့်ယူလို့မရဘူး အစ်မ။ မီးပျက်နေတယ်"

"ရှင် . . . ဪ . . . ရပါတယ်။ နောက်နေ့မှ လာယူတော့မယ်"

ကိုယ့်အတွေးနှင့်ကိုယ် ငိုင်ပြီး ထိုင်နေခဲ့သော စွန်ကလေးမှာ ရုတ်တရက်မို့ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ ဆိုင်ထဲကထွက်လာခဲ့ရလေသည်။

သူနဲ့တူတဲ့လူတောင် မတွေ့ရသည့်အဆုံး စွန်ကလေး စိတ်ညစ်လာသည်။

ဒီလိုလျှောက်လုပ်နေတာ အဓိပ္ပာယ်မရှိဘူးဟုလည်း ထင်မိ၏။

Photographer မှ Camera ကို စိတ်ဝင်စားရမှာ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဒီခေတ်ကြီးထဲမှာ လူငယ်တော်တော်များများ Camera တွေ ရှိတတ်ကြတာပဲ။

စွန်ကလေး နှုတ်က ပွစိပွစိရေရွတ်ရင်း ဆက်လျှောက်လာခဲ့သည်။

တစ်နေရာအရောက်မှာတော့ စွန်ကလေးကို မျက်လုံးဝိုင်းသွားစေသည့် ကြော်ငြာဘုတ်တစ်ခုကို တွေ့လိုက်ရတော့၏။

ကြော်ငြာဘုတ်ထဲက ရွှေရောင်ဆံပင်တွေနှင့် ကောင်လေးက စွန်ကလေးရှာနေသူနှင့် အတော်လေးဆင်နေတာမို့ စိတ်ထဲမှာ သူများလားဆိုတဲ့အတွေးက တစ်မုဟုတ်ချင်း ဝင်လာခဲ့သည်။

"တူတာတော့ အတော်တူတယ်။ ဒါပေမဲ့ နည်းနည်းလွဲနေတယ်။ ဓာတ်ပုံထဲမှာမို့ ရုပ်ပြောင်းနေတာလည်း ဖြစ်နိုင်တာပဲ"

စွန်ကလေး ကိုယ့်ဘာသာမှတ်ချက်ချရင်း ထိုဆိုင်ရှေ့သို့ အပြေးကလေးလျှောက်လာခဲ့မိသည်။





ဆိုင်ရှေ့တည့်တည့်ရောက်မှ မှန်တံခါးမှာ ကပ်ထားသော စာတန်းကို တွေ့လိုက်ရတာမို့ စွန်ကလေး မျက်လုံးပြူးသွားရသည်။

အမျိုးသားသီးသန့် တဲ့။

ဆံပင်ညှပ်၊ ခေါင်းလျှော် စတာတွေကို ယောကျာ်းလေးတွေအတွက် သီးသန့်ဖွင့်ထားတဲ့ဆိုင်မို့ စွန်ကလေး ဆိုင်ရှေ့မှာ မျက်နှာပူပူနဲ့ပဲ ယောင်ပေပေရပ်နေမိသည်။

အမျိုးသားသမီးသန့်ဆိုတော့ရော ဘာဖြစ်လဲ။

သူက ဓာတ်ပုံဆိုင်မဟုတ်တဲ့ တခြားတစ်နေရာမှာလည်း ရှိနေနိုင်တာပဲဆိုတဲ့အတွေးက စွန်ကလေးကို ဆိုင်ရှေ့မှ လှည့်ထွက်ရကောင်းနိုး၊ မျက်စိစုံမှတ်ပြီး အထဲဝင်သွားရကောင်းနိုး ချီတုံချတုံဖြစ်စေပါသည်။ ထိုစဉ်မှာပဲ ဆိုင်ထဲမှ ကောင်လေးတစ်ယောက် မှန်တံခါးအပြင်သို့ ခေါင်းပြူလာသည်။

"ဘာကိစ္စရှိလို့လဲ အစ်မ"

စွန်ကလေး ဘာပြောရမှန်းမသိ။ တဒင်္ဂတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အမ်းအမ်းဖြစ်နေမိ၏။ ပြီးမှ သတိရကာ ကြော်ငြာဆိုင်းဘုတ်ကို လက်ညှိုးညွှန်ပြလိုက်ရင်း . . .

"ဟို . . . သူရှိလားဟင်"

"ဗျာ . . . ဘယ်သူလဲ"

ကောင်လေးက ဆိုင်အဝင်ဝနဖူးစည်းမှ ဆိုင်းဘုတ်ကို ခေါင်းမော့ကြည့်ပြီး စွန်ကလေးကို ကြောင်တောင်တောင် ပြန်ကြည့်ကာ . . .

"ဘယ်သူ့ကိုပြောတာလဲဟင်"

"သူလေ။ သူနဲ့တွေ့ချင်လို့ အထဲမှာရှိလားလို့ မေးတာ"

"ဗျာ . . . အဲဒါက . . ."

ကောင်လေးက စွန်ကလေးကို အရူးကြည့်ကြည့်ပြီး ခေါင်းတစ်ချက်ကုပ်လိုက်ကာ ရယ်ချင်စိတ်ကို ကျိတ်မှိတ်မျိုသိပ်ထားရဟန်နှင့် . . .

"အဲဒါ . . . အဲဒီလူက ဒီဆိုင်မှာမရှိဘူးလေ။ သူက ကိုရီးယားမင်းသားပဲဟာ"





"ဘာ . . . ကိုရီးယားမင်းသား"

စွန်ကလေးမျက်နှာ ရှိန်းခနဲ ပူနွေးသွားရလေသည်။

"ဪ . . . ဟုတ်ကဲ့။ ကျေးဇူးပဲနော်"

စွန်ကလေး ရှက်ရှက်နှင့် တစ်ချိုးတည်းလစ်ပြေးလာခဲ့တာ နောက်ကို တစ်ချက်မှတောင် လှည့်မကြည့်ရဲတော့ချေ။

ဒါတောင် နောက်က တီးတိုးရယ်သံတွေကို အတိုင်းသားကြားနေရသေးသည်။

ကိုရီးယားမင်းသားပုံတဲ့။

ဒါကြောင့် မြင်ဖူးသလိုလိုရှိနေတာပဲ။

ငါ့နှယ်နော် . . .

စွန်ကလေး ကိုယ့်အဖြစ်ကို သဘောကျစွာ ရယ်မောလိုက်မိတော့၏။

ထိုနေ့က သူမအတွက် မအောင်မြင်ဘူးဟုသာ ဆိုရပေတော့မည်။ အိမ်ပြန်ရောက်တော့ သူမ ရိုက်လာသည့် ပတ်(စ်)ပို့ပုံတွေကို ကြည့်ပြီး မနွယ်က တအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသေးသည်။

"နင်ကလည်းဟာ လူတစ်ယောက်ကို ရှာဖို့ ဓာတ်ပုံတွေလိုက်ရိုက်ရတယ်လို့။ ရှုးပဲ့။ ဒီအတိုင်း သွားမေး ပြီး စုံစမ်းလည်း ရတာပဲဟာ"

"နာမည်လည်း မသိဘဲ ဘယ်လိုသွားမေးမှာလဲ။ ငါက လူကိုပဲ မြင်ဖူးတာ"

"ဘယ်လိုရုပ်မျိုးလဲ။ ငါလည်း ကူရှာပေးမယ်"

"ငါမြင်ဖူးသမျှထဲမှာတော့ အချောဆုံးယောက်ျား တစ်ယောက်ပဲ မေနွယ်။ သူ့ဆံပင်တွေက ငါ့ထက်တောင် ရှည်သေးတယ်။ ရွှေရောင်ဆံပင်တွေနဲ့။ အဲဒါကြောင့် ဆံပင်ညှပ်ဆိုင်က ကိုရီးယားမင်းသားပုံနဲ့ မှားတာပေါ့"

မေနွယ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင် နေရင်းမှ လက်ဖျစ်တစ်ချက်ထတီးလိုက်တာမို့ စွန်ကလေး ပင် စိတ်ထဲတစ်မျိုးဖြစ်သွားရလေသည်။

သူများ သိနေသလားပေါ့။

"ဟုတ်ပြီ . : . ငါသိပြီ"



"ဟယ်း . .တကယ်။ သူက ဘယ်သူလဲပြောစမ်း"

"သူက ဘယ်သူလဲတော့ ငါမသိဘူး။ နင်ပြောပုံ အရဆိုရင်"

"အေး . . . ဘယ်သူဖြစ်နိုင်လဲ"

"သိဘူးလေ။ သူက ကိုရီးယားမင်းသား ဘေ ယောင်ဂျွန်းနဲ့တူတယ်လို့ ပြောမလို့။ မျက်မှန်နဲ့လေ အဟီး"

"သွား . . . အစုတ်ပလုတ်မ။ ငါကတော့ အဟုတ် မှတ်ပြီး နားထောင်နေတာ"

စွန်ကလေး မေနွယ့်လက်မောင်းကို ဖြန်းခနဲ ရိုက် ပစ်လိုက်ရင်း ရယ်မောလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"တစ်နေ့တစ်နေ့ ဒါပဲထိုင်ကြည့်နေ၊ အပြင်မှာ တွေ့ဖို့ကြတော့လည်း အဖြစ်မရှိ"

နေညီညီစကားကြောင့် သူ ပြုံးလိုက်မိသည်။ သူ ထိုကောင်မလေး ငိုနေတာကိုကြည့်မိတိုင်း စိတ်ထဲ ပျော်ရွှင်ကြည်နူးလာတတ်သည်။ ထို့ကြောင့် Camera ထဲက သူမကို Video ရိုက်ယူလာသည့် File တွေကို CD တစ်ချပ်ထဲ ကူးထည့်ကာ သတိရတိုင်း ကြည့်နေမိ၏။



"အပြင်မှာတွေ့ရအောင် သူက ဘယ်မှာနေမှန်း မသိ၊ ဘယ်သူမှန်းမှမသိတာ"

"IT ခေတ်ထဲမှာ လူတစ်ယောက်ကို ရှာရတာ မခက်ပါဘူး ဒီရေရာ။ မင်းကိုက သွေးအေးနေတာကိုး။ နည်းနည်းပါးပါး လှုပ်ရှားပါဦးလား"

ဒီရေ ဘာမှပြန်မပြောဘဲ ငြိမ်သက်စဉ်းစားနေမိသည်။ သူ ထိုကောင်မလေးကို တွေ့ချင်တာ ရင်ထဲက တကယ်ရော စိတ်ပါလက်ပါရှိရဲ့လားလို့ ပြန်တွေးနေမိခြင်းလည်း ဖြစ်၏။

"ကိုညီ ကျွန်တော် ဝင်ခဲ့မယ်နော်"

"အေး . . . ဝင်ခဲ့လေ"

ဆိုင်မှာ သူတို့နှစ်ယောက် အပြင်အကူခေါ်ထားသော ကောင်လေးတစ်ယောက်သာရှိသေးသည်။ ဆိုင်သစ်ဆိုပေမယ့် အရင်ဆိုင်နာမည်နှင့် နေရာဟောင်းမို့ သိပ်တော့ ပျင်းမနေရပါ။

"ဒီနေ့ ကျွန်တော် နေ့တစ်ဝက်ပြန်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



နေညီညီက မျက်မှောင်ကြုတ်ကြည့်ရင်း . . .

"ကိစ္စရှိလို့လား"

ဟု မေးလိုက်လေသည်။

"ဟုတ်ကဲ့ . . . ကျွန်တော့်အမေ ဒီနေ့နယ်ပြန်မှာမို့ ကားဂိတ်လိုက်ပို့ချင်လို့ပါ"

"အဲဒါဆိုလည်း ပြန်လေ။ ဒါနဲ့ ပေးရမယ့်ပုံတွေ ရှိရင် တစ်ခါတည်း ပြခဲ့ဦး"

"ဟုတ်ကဲ့ ကိုညီ"

ကောင်လေးက ဝမ်းသာအားရပုံစံနှင့် လှစ်ခနဲ ပြန်ပြေးထွက်သွား၏။ နေညီညီက ဒီရေ့ဘက်လှည့်ကြည့်လိုက်ပြီး ခပ်အုပ်အုပ် လေသံနှင့် . . .

"ဒီကောင် သူ့အမေပို့မယ် အကြောင်းပြတာ ဟုတ်ချင်မှဟုတ်မှာ။ သူ့ကောင်မလေးက City Mart မှာ အလုပ်လုပ်နေတာ၊ ဒီနေ့ နေ့တစ်ဝက်ဆင်းရမယ်ဆိုတာ ငါ သိတယ်"

ဟုပြောရင်း ရယ်နေလေသည်။



ဒီရေကတော့ ဘာမှပြန်မပြောဘဲ Computer ကိုသာ ငေးစိုက်ကြည့်နေမိ၏။ ခဏအကြာ ကောင်လေး ပြန်ဝင်လာသည်။

"ကိုညီ ဒီမှာ ပေးရမယ့်ပုံတွေ။ ဒီပုံဆို တစ်ပတ်လောက်ရှိပြီ။ လာလည်းမယူဘူး။ ကျွန်တော် ရိုက်ပေးလိုက်တာလေ။ ကောင်းပါတယ်နော်"

ကောင်လေးက ဆိုင်မှာ နေညီညီရော ဒီရေပါ မရှိသည့်အချိန်၌ သူ့ကိုယ်တိုင် လက်စွမ်းပြလိုက်ရတာကို ကြွားချင်ဟန်ရှိလေသည်။

နေညီညီက ဓာတ်ပုံတွေကိုလှမ်းယူရင်း . . .

"လာတောင်မရွေးဘူးဆိုတော့ အခြေအနေကို သဘောပေါက်ပေါ့ကွာ"

ဟု နောက်လိုက်လေသည်။

"ပုံကတစ်ပုံတည်းဗျ။ ဘာစိတ်ကူးပေါက်ပြီး ဝင်ရိုက်တာလဲ မသိဘူး။ တချို့ကောင်မလေးတွေ ဓာတ်ပုံရိုက်ရင် အလှဓာတ်ပုံအတွက် အနည်းဆုံး ဆယ့်ငါးပုံ ပုံနှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် အဝတ်အစားအမျိုးမျိုးနဲ့ရိုက်တာ။ အဲ့တစ်ယောက်က ခရီးသွားဟန်လွှဲပုံမျိုးနဲ့ စိတ်မပါ လက်မပါ ရိုက်သွားတာ အပြီး"

ကောင်လေးက သူရိုက်ပေးလိုက်တဲ့သူအကြောင်း ပြောပြီး သဘောကျနေ၏။

"ကျွန်တော်က သေသေချာချာရိုက်ပေးတာပါ။ သူကိုက မနေတတ်တာ။ ကြည့်ပါလား။ ထိုင်ဆို ခုံမှာဖြစ်ကတတ်ဆန်းထိုင်လိုက်တာပဲ။ အမှန်က ခါးလေးနည်းနည်းကော့ပြီး ခေါင်းလေးစောင်းထားရမှာ . . .နော် . . . ကိုညီ"

"ကဲပါ . . . မိကျောင်သားရယ် သွားစရာရှိတာသွားပါ။ နောက်မှ မင်းရဲ့ Photography ကို အေးအေးဆေးဆေး ပို့ချပါ။ မင်းအမေနယ်ပြန်ဖို့ ကားမမီဘဲနေပါဦးမယ်"

နေညီညီစကားကြောင့် သူက "ဟာ . . . ကိုညီကလည်း"ဟု ရှက်အမ်းအမ်း လေသံနှင့်ဆိုရင်း ထွက်သွားလေတော့သည်။

"ဒီကောင် ဆိုးတော့မဆိုးဘူးကွ"



ဟုနေညီညီက မှတ်ချက်ချရင်း ဓာတ်ပုံတွေကို ဘာရယ်မဟုတ် လျှောက်ကြည့်နေလေသည်။

"ဟာ . . . ဒီရေ"

စိတ်ကြိုက်ရှုခင်းတွေကို ရိုက်ပြီး နိုင်ငံတကာအဆင့်ထိရောက်သည့် ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲတွေအထိ စိတ်ကူးယဉ်နေသော ဒီရေမှာ နေညီညီ၏ အထိတ်တလန့် အော်သံကြောင့် လန့်ဖျပ်သွားရ၏။

"ဘာလဲကွာ . . . ငါ နားမလေးပါဘူး"

"ဒီမှာ . . . ဒီမှာကြည့်၊ ဒါ ဟိုကောင်မလေး မှတ်လား"

"ဘယ်ကောင်မလေးလဲ"

"အငိုသန်တဲ့ကောင်မလေးလေ . . . မင်းရဲ့"

"ဘယ်မလဲ . . . ပြစမ်း"

ဒီလိုကျတော့ ဒီရေ ငြိမ်သက်ဒေးငိုင်မနေတော့။ နေညီညီလက်ထဲက ဓာတ်ပုံတွေကို ဆတ်ခနဲဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့။

သူမမှ သူမအစစ်ပါပဲ။ ဒီမျက်လုံးဝိုင်းဝိုင်းလေးနဲ့ မျက်ခုံးတန်းတန်း နက်နက်လေးက မှားစရာမှမရှိတာ။

သူ ဒုတိယအကြိမ်အံ့သြရပြန်ပြီ။

"သေချာပြီကွ။ သူက မင်းရဲ့ဖူးစာရှင်အစစ်ပဲ။ ပထမတစ်ခါကတော့ အမှတ်တမဲ့၊ ဒုတိယအကြိမ်က တိုက်ဆိုင်မှု၊ အခု တတိယအကြိမ်ကတော့ အမှတ်တရ ဖူးစာပဲ ဒီရေ"

စက္ကူအိတ်အညိုပေါ်မှာ ရေးထားသော date ကို ကြည့်လိုက်တော့ ရက်က ယူရမယ့်ရက်ထက် တစ်ပတ်လောက်ကျော်နေပြီ။

"ဟာ . . . ဟုတ်ပြီ ဒီရေ။ သူ ဓာတ်ပုံလာရိုက်တုန်းက ဘောက်ချာမှာ နာမည်ပေးခဲ့မှာပဲ။ ရှာကြည့်ပါလား"

ဒီလောက်တော့ ဘာမှခက်ခဲတာမဟုတ်တာမို့ နေညီညီ ပြောတဲ့အတိုင်း သူရှာကြည့်လိုက်သည်။



တွေ့လိုက်ပါပြီ။

နာမည်က စွန်ကလေးတဲ့။

ဒီရေအလိုလိုနေရင်း ပြုံးမိသွား၏။

"တွေ့လား ဒီရေ။ ဘာတဲ့လဲ"

"တွေ့တယ်။ စွန်ကလေးတဲ့။ nickname များလား မသိဘူး"

"ဘာ . . . စွန်ကလေး . . . ဟုတ်လား . . . ဟား ဟား . . . နာမည်က မိုက်လှချည်လား"

နေညီညီက သဘောကျစွာရယ်မောလိုက်လေသည်။ သူကတော့ စွန်ကလေးဟု နုတ်က တီးတိုးရေရွတ်ကြည့်နေမိ၏။ သေသေချာချာခေါ်ကြည့်မှ သူမပုံစံလေးက စွန်ကလေးဆိုတဲ့နာမည်နဲ့လိုက်ဖက်နေမှန်း တဖြည်းဖြည်း သိလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

သူမ ကားမောင်းလာရင်း တစ်နေရာအရောက်မှာတော့ ချက်ချင်း ဘရိတ်အုပ်ပစ်လိုက်သည်။

အရှိန်နှင့်လူက ရှေ့ကို ငိုက်ခနဲကျသွားပေမယ့် မျက်လုံးအစုံကတော့ ဓာတ်ပုံဆိုင်တစ်ခုရဲ့ Vinyl board က ပုံဆီရောက်နေတာ တော်တော်နှင့်မခွာဖြစ်သေး။

"ဒါ စွန်ကလေးပါ"

ဘယ်လိုပဲ Photoshop တွေနဲ့ ပုံစံပြောင်းထား





လည်း မျက်နှာလေးက စွန်ကလေးမှ စွန်ကလေးအစစ်။

အနောက်တိုင်းသတို့သမီးဝတ်စုံလေးနှင့် ဖြစ်နေတာမို့ တစ်မျိုးလေး ဆန်းသစ်လှပနေပေမယ့် သူမမျက်နှာအမူအရာတွေကို အလွတ်ရနေသူမို့ နေညိုရီ အံ့ဩသွားမိ၏။

"စွန်ကလေး သူ့ကိုမတွေ့မချင်း တွေ့အောင်ရှာမယ်လို့ ကတိပေးပါတယ် အန်တီ" ဆိုတဲ့ အသံလေးကို ကြားယောင်လာသည်။

"စွန်ကလေး တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ရှာတာပဲ။ သူက ဓာတ်ပုံဆိုင်နဲ့ ဘာမှမပတ်သက်ဘူးလို့ထင်တယ်"

နေညိုရီ ခေါင်းကို တအားခါယမ်းပစ်လိုက်ရင်း ကားကို ထိုဆိုင်တည့်တည့်မှာရပ်လိုက်သည်။ Show room ထဲမှာ ဟိုကောင်လေး စွန်ကလေးကို မေ့မေ့မူးမူးငေးမောနေတာကို ပြန်ပြီး အမှတ်ရလိုက်သည်။ သူတို့ တစ်ခါဆုံခဲ့ဖူးတယ်ဆိုပေမယ့် စွန်ကလေး မသိခင် ဟိုက မှတ်မှတ်ရရ သိနေတာလည်း ဖြစ်နိုင်တာပဲ။

နေညိုရီကားရပ်ပြီး ဆိုင်ထဲသို့ လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မှန်တံခါး ဆီးညိုရောင်ထူထူကြီးတွေနဲ့ ခတ်ပုံ Sticker တွေကြောင့် အထဲကို ဘာမှမမြင်ရချေ။

သူမ ကားပေါ်က ဆင်းလိုက်၏။

တစ်စုံတစ်ရာက မသိစိတ်အာရုံထဲမှာ သူ ရှိကို ရှိနေရမယ်လို့ စေ့ဆော်နေသလို ခံစားနေရတာမို့ သူမ ရင်ထဲ တလှပ်လှပ်ဖြစ်နေရလေသည်။

အထဲသို့တွန်း၍ဖွင့်ရသော မှန်တံခါး၏လက်ကိုင်ဘုကို လှမ်းကိုင်လိုက်သည့် သူမလက်တွေပင် မသိမသာ တုန်ချင်နေ၏။ ထိုစဉ်မှာပင် အထဲမှ တစ်ယောက်ယောက်က ဆွဲလိုက်တာမို့ တံခါးပွင့်သွားပြီး ကောင်ကလေးတစ်ယောက်၏ မျက်နှာကို ဦးစွာ မြင်လိုက်ရလေသည်။

မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်နှင့် ဆံပင်နက်နက်တွေကို အချွန်အယောင်ပုံစံလေးတွေ ဖော်ညှပ်ထားသော သန့်ပြန့်သားနားသည့် ဤအမျိုးသားငယ်ကလေးက နေညိုရီရှာနေသော ကောင်ကလေးရဲ့ဘေးမှာ ပါလာဖူးတယ်ဟူသော အမှတ်ရစိတ်က သူမကို ဖော်မပြတတ်





အောင် ဝမ်းသာသွားစေ၏။ နောက်ဆုံးတော့ တွေ့ရမှာပါပဲ ကောင်ကလေးရယ်။

ပျောက်သောသူရှာလျှင်တွေ့တဲ့။ ကံကြမ္မာကိုက ဆန်းကြယ်လွန်းလေစွ။

"အထဲကိုကြွပါ အစ်မ။ ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ"

ဆင်ဆွယ်ရောင်လည်ထောင့် လက်ပြတ်ကိုယ်ကျပ်အင်္ကျီကလေးနှင့် Long pants ကို တွဲဝတ်ထားပြီး ကျောလယ်လောက်ရှိသည့် ဆံပင်တွေကို နောက်မှာ ခပ်မြင့်မြင့် စုချည်ထားသော သူမပုံစံက ကောင်ကလေး အစ်မခေါ်ချင်လောက်အောင် ကျော့ရှင်းလှပပြီး နုပျစ်လန်းဆတ်နေလေသည်။

နေညိုရီလက်မှာချိတ်လာသော Gucci အိတ်ကို လက်ပြောင်းကိုင်ရင်း ဆိုင်တွင်းသို့ လှမ်းဝင်လာခဲ့၏။

ထိုစဉ်မှာပဲ Computer ရှေ့မှာ အရုပ်လေးတစ်ရုပ်လို ငြိမ်သက်စွာထိုင်နေသော ကောင်ကလေးကို တွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။

"ဘုရားရေ"

သူမ ဘယ်ဘက်ရင်အုံမှ တဒိတ်ဒိတ်ခုန်သံက ကျယ်လောင်ပြင်းထန်လွန်းလှတာမို့ နှုတ်က ဘုရားတလိုက်မိသည်။

ချည်သားအင်္ကျီအဖြူရောင် လက်ရှည်ပွပွကလေးနှင့် ဘောင်းဘီအဖြူဆွတ်ဆွတ်ကို ဝတ်ထားပေမယ့် သူ့ရဲ့နဂိုဖြူစင်ဝင်းမွတ်သော အသားအရေက မှိန်ဖျော့မသွားဘဲ ပိုလို့တောင် နုမျစ်သန့်စင်နေသေးသည်။

"တူလိုက်တာ ဆံပင်တစ်ခုပဲကွာတယ်"

နေညိုရီနှုတ်က တီးတိုးရေရွတ်လိုက်မိ၏။ ထိုခဏမှာပဲ သူက ဖြည်းဖြည်းချင်းလှည့်ကြည့်လာလေတော့သည်။ အညိုရောင်သမ်းသော မျက်ဝန်းတောက်တောက်တွေနဲ့ မျက်ခုံးထူထူတန်းတန်းတွေကို မြင်လိုက်ရစဉ်မှာတော့ သူမရင်တစ်ခုလုံး ဆောက်တည်ရာမဲ့ ဖြောင်းဆန်လှုပ်ရှားသွားရလေ၏။



ယောက်ျားတန်မဲ့ ပါးလျားနီရဲသော နှုတ်ခမ်းစိုစိုတွေရှိကာ အဖျားကော့ကော့မျက်ခုံးသွယ်သွယ်တွေကို မှုန်ကုပ်စုကျုံ့ပြီး ကြည့်လာတာမို့ နေညိုရီ အကြည့်တွေကို ဖျတ်ခနဲ လွှဲပစ်လိုက်ရသည်။

"အစ်မ . . . ဓာတ်ပုံရိုက်ဖို့လား"

"အင်း . . . ဟုတ်တယ်။ ဓာတ်ပုံရိုက်မလို့"

"ဘာအတွက်လဲခင်ဗျာ"

"ဟို . . . ဘာအတွက်ရယ်လို့ မဟုတ်ပါဘူး။ ဒီလိုပဲ ရိုက်ချင်စိတ်ပေါက်လာတာနဲ့"

သူမအဖြေမဆုံးခင် ကောင်လေးက တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ တင်းတင်းစေ့ထားသောသူ့နှုတ်ခမ်းမှာ မဲ့ပြုံးလိုလို မပီမပြင်အပြုံးတစ်ခု ခိုတွယ်ကပ်ငြိပါသွားတာ မြင်ရတော့ သူမရင်ထဲ ဆွတ်ကျင်နင့်သည်းသွားမိ၏။

"ဒီအတိုင်းပဲ ရိုက်မယ်နော်"

"ဟုတ်ကဲ့ . . . ရပါတယ်။ အစ်မက အလှဓာတ်ပုံရိုက်မှာလား၊ အဝတ်အစားလဲဦးမှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . ဒီအတိုင်းပဲရိုက်မယ်"

ကောင်ကလေးက ခေါင်းညိတ်သည်။ တစ်ပုံ နှစ်ပုံလောက်ရိုက်ပြီးတော့ . . .

"ဟို . . . အဲ့အတိုင်းထိုင်နေတာက ထပ်သွားပြီ။ ဟို ပုံစံပြောင်းလိုက်ပါလား။ ဘယ်လိုပုံမျိုးဆို ကောင်းမလဲ"

ဟုပြောရင်း ခေါင်းကုပ်နေသည်။

သူမစိတ်က တခြားရောက်နေတာမို့ ဘယ်လိုနေရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေသည်။ ဒီအသက်အရွယ်ရောက်မှ အလှဓာတ်ပုံဝင်ရိုက်သော သူမကိုယ်သူမလည်း အံ့ဩသလို ရယ်ချင်သလိုဖြစ်နေမိ၏။

"ဟို . . . ခဏလေးနော်။ ကျွန်တော် ဒီရေကို လွှတ်လိုက်မယ်"

ကောင်လေးက ပြောပြီး အခန်းအပြင်ပြန်ထွက်သွားသည်။ နာမည်က ဒီရေတဲ့လား။

နေညိုရီ နှုတ်က တီးတိုး ရေရွတ်ကြည့်လိုက်မိသည်။



"အလှဓာတ်ပုံက ဘယ်အတွက်သုံးမှာလဲ"

"ဟင်"

လူတွင်မက အသံကပါ ဩရှရှနှင့် တစ်ဖက်သားကို ဆွဲဆောင်နိုင်လွန်းတာပါလား။ သူမစိတ်ထဲက အထိတ်တလန့်မှတ်ချက်ချလိုက်မိပါသည်။

"ဟို . . . ဘယ်အတွက်ရယ်မဟုတ်ပါဘူးကွယ်၊ ဒီလိုပဲ စိတ်ထဲ ဓာတ်ပုံရိုက်ချင်စိတ်ပေါ်လာတာနဲ့"

ဆယ်ကျော်သက်မိန်းမငယ်လေးတစ်ယောက်ရဲ့ ရက်ရှဲ့အနေခက်ဟန်မျိုးနှင့် ဖြေလိုက်သည့်အခါ သူက အံ့ဩဟန်နှင့် မျက်ခုံးပင့်လိုက်လေသည်။

ထိုအခါ ဘယ်ဘက်မျက်ခုံးထိပ်စွန်းက မှည့်နက်ကလေးကို နေညိုရီ အမှတ်တမဲ့ငေးမိပြန်သည်။

"အဆင်ပြေသလိုကြည့်လုပ်ပါ။ အန်တီကတော့ သိပ်မနေတတ်ဘူး"

သူမ ထိုစကားတစ်ခွန်းပြောဖို့ကို လည်ချောင်းထဲက ခက်ခက်ခဲခဲညှစ်ဖျစ်နှိက်ထုတ်ရလေသည်။ ဒါတောင်

www.burmeseclassic.com

www.burmeseclassic.com



အသံတွေက မသိမသာတုန်ယင်နေသေး၏။

"OK ရပါပြီ၊ နောက်ထပ်"

"တော်ပြီ . . . ဒီလောက်ဆိုတော်ပြီ"

သူမ လက်ကာပြရင်း ဆလိုက်မီးခွက်တွေအောက်က ထွက်လာခဲ့သည်။

သူမပြန်လာတဲ့အထိ Vinyl Boardက စွန်ကလေးပုံကိစ္စကို မေးဖို့ သတိမရချေ။

ဒီရေကတော့ ဒေါ်နေညိုရီဆိုသော အမျိုးသမီးကို ပဟေဋ္ဌိတစ်ခုသဖွယ် ထင်မှတ်တွေးတောနေမိ၏။

"နေညီညီ"

အေးစက်စက်ခေါ်သံကြောင့် နေညီညီက mouse ကို ရွှေ့နေသောလက်ကို ခဏရပ်တန့်ရင်း သူ့ကိုမော့ကြည့်လေသည်။ ထို့နောက် ပြုံးစစမျက်နှာမျိုးနှင့် . . .

"စုနအမျိုးသမီးအကြောင်း ပြောမလို့ မှတ်လား"

"အေး . . . မင်း သူ့ကို ဘယ်လိုသဘောရလဲ"

ဒီရေ့စကားအဆုံး နေညီညီက ခေါင်းကို ခပ်သွက်





သွက်ခါရင်း . . .

"ငါက ဘယ်လိုမှသဘောမရဘူး၊ သူကတော့ တစ်ခုခုသဘောရနေပုံပဲ"

ဟု Computer ကို အာရုံစိုက်ရင်း ပြန်ပြောလေသည်၊ သူ မျက်မှောင်ကြုတ်လျက် ခေါင်းယမ်းလိုက်မိသည်။

"ငါလည်း အဲဒါ ဘာလဲလို့သိချင်နေတာ၊ သူ့ပုံစံက ငါ့ကို အရမ်းအာရုံစိုက်လွန်းတယ်၊ ပထမတစ်ခါ Show room ထဲမှာတွေ့တုန်းက သူ့ပုံစံက ငါ့ကိုသိပြီးသာလူတစ်ယောက်လို ရင်းနှီးနေတဲ့ပုံနဲ့၊ ခုကျတော့ အံ့သြနေသလိုလို စိတ်လှုပ်ရှားနေသလိုလိုပုံစံမျိုး ဖြစ်နေတယ်"

"ပြီးတော့ တစ်ခုခုလွဲနေတယ်လို့ ငါထင်တယ်၊ ငါတို့ Vinyl မှာ စွန်ကလေးပုံသုံးထားတာ သူ့မြင်မှာပဲ၊ စွန်ကလေးနဲ့သူသာ တစ်ခုခုပတ်သက်ရင် ဒီကိစ္စကိုမေးရမှာပေါ့၊ အခု ဘာမှမမေးဘူး"

"သူ သတိမထားမိတာ ဖြစ်လိမ့်မယ်၊ ငါက



www.burmeseclassic.com

www.burmeseclassic.com



ကလေးနဲ့ပြန်ဆုံချင်လို့ ဒီပုံကို တမင်သုံးလိုက်တာ။ စွန်က လေးကလည်း ခတ်ပုံကို ဘာလို့လာမရွေးလဲ မသိဘူး"

ဒီရေ စိတ်ရှုပ်စိတ်ညစ်စွာ ညည်းညူလိုက်မိတော့ နေညီညီက ခပ်တိုးတိုးရယ်မောလိုက်ရင်း . . .

"မင်းကြည့်ဖို့ တမင်ထားခဲ့သလားမှ မသိတာ"

ဟု စနောက်နေလေသည်။

"ငါတော့ သူ့ကို ဘယ်လိုရှာရမှန်းတောင် မသိတော့ဘူး"

"စိတ်မပျက်ပါနဲ့ကွာ။ ဖူးစာမှန်ရင် ကြုံဖန်ဆုံတတ်ပါတယ်။ မျှော်လင့်ချက်ကတော့ ခုနခတ်ပုံတွေအများကြီး ရိုက်သွားတဲ့ အမျိုးသမီးပဲ ရှိတော့တယ်"

သူ သက်ပြင်းကိုအကျယ်ကြီး ချပစ်လိုက်မိ၏။ ဘယ်လျှောက်လွင့်နေလဲ စွန်ကလေးရယ်။ နီးတော့မလို နဲ့ ဝေးဝေးသွားသလိုပဲ။



# အခန်း ( ၁၉ )

"စွန်ကလေး"

သူ့နှုတ်က ဘယ်လိုမှ ဟန်မဆောင်နိုင်စွာ လွှတ်ခနဲ ထွက်သွားတော့တာမို့ သူမက အံ့သြစိတ်လှုပ်ရှားဟန် အပြည့်နဲ့ မျက်လုံးကလေးဝိုင်းရင်း မော့ကြည့်လာလေတော့သည်။

အိပ်မက်မဟုတ်ဘူး။ ဒါ တကယ်ပဲ။ အိပ်မက် မဟုတ်ဘူးဟု သူ့နှုတ်က တီးတိုးရေရွတ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ စွန်ကလေး သူ့ရှေ့ရောက်နေတာပါလားဆိုတဲ့ အသိကြောင့် အဆမတန် ပျော်ရွှင်မြူးတူးနေမိတာ လေထဲ လွင့်ပါးသွားသလိုပင် ခံစားရလေသည်။

ဖြစ်နိုင်လျှင် မင်းကို ကိုယ်သိနေတာကြာပြီ ကလေးမ ရဲ့ဟု အစချီပြီး အင်းလျားမှာ ဘယ်လိုတွေ့ဆုံငေးမောခဲ့ရ တာတွေ၊ Show Room ထဲမှာ ပြန်တွေ့ပြီး ပျော်ရွှင်ခဲ့ရတာ တွေ၊ ဆိုင်မှာ ဓာတ်ပုံလာရိုက်သွားတာသိရတော့ ပြန်ဆုံရ မယ်ဆိုတဲ့အသိနဲ့ မျှော်လင့်ရင်ခုန်မိတာတွေ စီကာစဉ်ကာ ပြောပြလိုက်ချင်သည်။

သူမက သူ့ကို တအံ့တသြဟန်နှင့် ငေးမောနေပြီး မှ ရုတ်တရက် သတိဝင်လာကာ . . .

"ဓာတ်ပုံရွေးချင်လို့ပါ"

"ဓာတ်ပုံက ကြာနေပြီနော်။ ဘာလို့လာမရွေးတာ လဲ"

စွန်ကလေးမျက်နှာကို ရွှန်းရွှန်းစားစား အုပ်မိုးငုံ့ ကိုင်းကြည့်ရင်း တရင်းတနှီးစကားဆိုလိုက်တာမို့ ရင်ခုန်



ပျော်ရွှင်သွားရပေမယ့် ကြာနေပြီနော် ဟူသောကြောင့် အံ့သြသွားရလေသည်။

"မကြာသေးပါဘူး။ မနေ့ကပုံတွေ လိုချင်လို့ပါ"

"မနေ့က"

ခေါင်းလေးငုံ့စောင်းရင်း မျက်ခုံးပင့်မေးလိုက်ပုံက တမင်လုပ်ယူထားတာလည်း မဟုတ်ဘဲ တမှုတမော ထိုင် ငေးချင်စရာပင် ကောင်းသေးတော့၏။

"မနေ့က အန်တီရိုက်သွားတဲ့ပုံတွေလေ"

"ဪ . . . ကိုယ်သိပြီ။ ဒေါ်နေညီရှိုက စွန်ကလေး အဒေါ်လား"

"ဟင့်အင်း . . . စွန်ကလေးရဲ့အလုပ်ရှင်ပါ။ စွန် ကလေးက သူ့ရဲ့ PA ဆိုပါတော့"

"ဪ"

သူက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။ စွန် ကလေးက ဒေါ်နေညီရှိုရဲ့ PA ဆိုခြင်းအတွက် အံ့သြနေ ခြင်းလည်း ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ကြာပြီဆိုတာ ဘာကိုပြောတာလဲဟင်"

သူ အမှတ်တရသိမ်းထားသော စာအိတ်အညို လေးကို အံဆွဲထဲမှ ထုတ်ယူလိုက်သည်။

"ဒီမှာလေ"

သူမက မျက်လုံးအဝိုင်းသားနှင့် စာအိတ်ထဲက ဓာတ်ပုံလေးကို ထုတ်ကြည့်၏။

စွန်ကလေး ရင်ထဲလှိုက်ခနဲပင် ဖြစ်သွားရသည်။ ကြည့်စမ်း။ စွန်ကလေး ဒီမှာဓာတ်ပုံဝင်ရိုက်ခဲ့ပြီးမှ မရွေးမိ တာပါလား။

ဆိုင်ပုံစံနဲ့ ကြော်ငြာ Vinyl ကလည်း တစ်မျိုး ပြောင်းသွားတော့ အမှတ်တမဲ့ မေ့လျော့နေခဲ့တာလေ။

"စွန်ကလေး တကယ်မေ့နေခဲ့တာ"

ဓာတ်ပုံကိုကြည့်ရင်း စွန်ကလေး ကိုယ့်ကိုယ်ကိုယ် စိတ်ထဲက အပြစ်တင်လိုက်မိသည်။

ဘာကြောင့် အလွယ်တကူစိတ်ဓာတ်ကျအလျော့ ပေးရတာလဲ။ နမော်နမဲ့နိုင်ရတာလဲဆိုပြီး နောင်တတွေ ရ





လိုက်မိသည်။

"စွန်ကလေး နင်က ပြောတော့ လေတစ်လုံး မိုး တစ်လုံးနဲ့။ မရမက ကြိုးစားမယ်ဆိုတဲ့ကတိတွေ အန်တို့ကို အထပ်ထပ်ပေးပြီး တကယ်တမ်း သူ့ကိုရှာတွေ့တော့ စွန် ကလေးကြောင့်လည်း မဟုတ်။

အတွေးနဲ့တင် စွန်ကလေးကိုယ် စွန်ကလေး အား မလို အားမရဖြစ်လာသည်။

"ဒီပုံကို ဆိုင်ရှေ့က Vinyl မှာ သုံးထားတယ် တွေ့ လား"

"ဟင့်အင်း"

တော်တော်အမှတ်တမဲ့နိုင်ပြီး နမော်နမဲ့ဆန်လွန်း သော ကောင်မလေးဟု သူက မှတ်ချက်ချသွားမလား မသိ ချေ။ စွန်ကလေး တကယ်သတိမထားမိခြင်းဖြစ်၏။

"မျက်နှာလေးတင် သဘောကျလို့ ယူသုံးမိတာ ခွင့်မတောင်းမိတဲ့အတွက် Sorry"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဘောကျတယ်ဆိုတဲ့စကားအတွက် စွန်ကလေး ကျေနပ်ဝမ်းသာရမလား၊ စိတ်လှုပ်ရှားရမလား ဝေခွဲမရဖြစ်နေမိ၏။

"ဒီမှာ ဒေါ်နေညိုရိုက်ခဲ့တဲ့ဓာတ်ပုံတွေ"

"ဟုတ်ကဲ့"

အန်တီနာမည်ကြားလိုက်မှ စွန်ကလေးလာခဲ့တာ အလုပ်တာဝန်တစ်ခုနဲ့ပါလားဆိုတာ ပြန်သတိရတော့သည်။

"ဒီ Camera လေးကို သူ မက်မက်မောမောပုံစံနဲ့ ငေးကြည့်နေတာ တွေ့ခဲ့တယ်မှတ်လား။ ဒါကြောင့် သူ့လက်ထဲရောက်အောင် ပို့ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီ Camera ကို ဝယ်ခဲ့တာ။ ဘယ်လိုလဲ ဘယ်သူဘယ်ဝါပေးမှန်း မသိအောင် Delivery အနေနဲ့ သူ့ဆီကိုရောက်အောင် ပို့နိုင်ပါ့မလား"

စွန်ကလေးကို ပြင်းခွင့်ပေးထားခဲ့လျှင်တောင် ထိုအမိန့်ကို ပြင်းပစ်ဖို့ ဆန္ဒမရှိပါ။





သိပ်မခက်ခဲဘူးလို့လည်း ထင်ထားခဲ့သည်။ တကယ်တော့ ရိုးရိုးအအနှင့် သိပ်အကင်းမပါးသော စွန်ကလေးအတွက် လျှို့ဝှက်စွန့်စားရသောအလုပ်နှင့် လုံးဝမလိုက်ဖက်ချေ။

ယခုလည်း Camera ကို ဒီရေ့လက်ထဲရောက်အောင် ဘယ်လိုနည်းဗျူဟာသုံးရမယ်မှန်း မသိ ဖြစ်နေသည်။

"စွန်ကလေးကို လက်ဆောင်ပေးစရာတစ်ခု ရှိတယ်"

"ရှင်"

"CD တစ်ချပ်ပါ။ အိမ်ရောက်မှ ဖွင့်ကြည့်။ ဒါကို ကြည့်ပြီး စွန်ကလေးရယ်ရတယ်ဆိုရင် ကိုယ့်ကို ဖုန်းပြန်ဆက်လိုက်နော်။ ဒီမှာ ကိုယ့် Visiting Card"

စွန်ကလေး CD နှင့် Visiting Card ကလေးကို လှမ်းယူလိုက်သည်။ လက်တစ်ဖက်က စလွယ်သိုင်းလာသော အိတ်နှင့်ကွယ်ထားသည့် Camera ကို မသိမသာစမ်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဘယ်လိုထားခဲ့ရပါ့မလဲဟု စဉ်းစားနေမိ၏။

"ခဏာထိုင်ဦးနော်။ ကို အအေးတစ်ခုခု သွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့"

စွန်ကလေးအသံက အားတက်သရောနိုင်လှစွာ သွက်သွက်လက်လက်ကြီး ဖြစ်နေတာမို့ ကိုယ့်ကိုယ်ကိုယ် ရှက်သွားမိသည်။ တကယ်ဆို နေပါစေ။ မသောက်တော့ဘူး။ ဘာညာပြောပြီး တားရမှာဖြစ်ပေမယ့် ကိုယ့်အကြံနှင့် ကိုယ်မို့ သူ ထွက်သွားတာကိုပင် ကျိတ်ပြီး ဝမ်းသာသွားရလေသည်။

သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ Printer စက်ရဲ့ဘေးနား စာရွက်တွေပုံထပ်နေသည့်ကြားထဲ Camera ကို ထိုးထည့်ထားလိုက်သည်။

သူများပစ္စည်းခိုးတာလည်းမဟုတ်ဘဲ ကိုယ့်ပစ္စည်းကို တမင်ထားခဲ့တာတောင် စွန်ကလေးမှာ ဒူးတွေ တုန်လက်တွေတုန်နှင့် ခြေဖျားလက်ဖျားတွေပင် အေးစက်လာ





ရသည်။

"Cola သောက်တယ်မှတ်လား"

"ဟုတ်ကဲ့ ရပါတယ်"

စွန်ကလေး ဖန်ခွက်ကို လှမ်းယူပြီး တစ်ရှိန်ထိုး မော့ချလိုက်မိသည်။ သူက လက်ပိုက်ရင်း မျက်တောင်မခတ်ဘဲကြည့်နေတာမို့ ရှက်သလိုလိုဖြစ်သွားမိပေမယ့် ရင်ထဲ မလုံမလဲစိတ်လှုပ်ရှားနေတာနှင့် ဘာမှအမှတ်မထားနိုင်။

"ပြန်တော့မယ်နော်"

"ကောင်းပါပြီ။ ကိုယ် စွန်ကလေးကို သတိရနေပါ့မယ်"

သူ့စကားကြီးက ဘာမှန်းလဲမသိဘူးလို့တော့ စွန်ကလေး ပြန်မပြောခဲ့ပါ။

ဒါပေမဲ့ စွန်ကလေးရဲ့ မျက်လုံးအကြည့်တွေကိုတော့ သူ နားလည်လိမ့်မည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

"စွန်ကလေး"

ရုတ်တရက် ရှေ့မှာ ဘွားခနဲပေါ်လာပြီး ခေါ်လိုက်တာမို့ စွန်ကလေး ပန်းလေးနှစ်ဖက်ပင် ဆတ်ခနဲတုန်သွားရသည်။ စွန်ကလေး သူ့အကြောင်းတွေးလာမိတာမို့ သူ့ကို တွေ့လိုက်ရတော့ မျက်နှာတစ်ပြင်လုံး ပူနွေးရှက်ရွံ့သွားအနေခက်မိ၏။

"ခွေကြည့်ပြီးပြီလား"





- "ကြည့်ပြီးပါပြီ။ မရယ်ရပါဘူး။ သိပ်ရှက်ဖို့ကောင်းတာပဲ။ ဘယ်လိုရိုက်ယူထားလဲ မသိဘူး"

ကိုယ်ငိုနေတာကြီးကို မထင်မှတ်ဘဲ ပြန်တွေ့ရတော့ စွန်ကလေး အံ့လည်းအံ့သြ ရယ်လည်း ရယ်မိသည်။ ရုံးမှာပဲကြည့်တာမို့ အန်တီနေညိုရီတောင် တွေ့ပြီး အားရပါးရ ရယ်သွားသေး၏။

ဒါပေမဲ့ သူ ရိုက်ယူထားတာမို့ စိတ်ထဲမှာ ပျော်သလိုလို ရှက်သလိုလို ဖြစ်နေမိသည်။

"ကိုယ်ကတော့ စိတ်ညစ်တိုင်း စွန်ကလေးငိုနေတာပဲ ထိုင်ကြည့်မိတယ်။ အဲဒီအခါ စိတ်က ရယ်ချင်လာတော့ အလိုလိုကြည်လင်ပေါ့ပါးလာရော"

"မတရားဘူးနော်။ သူများ ဝမ်းနည်းလွန်းလို့ ငိုတာကို သူက ရယ်တယ်"

"စွန်ကလေးငိုတာ ရယ်စရာကောင်းတာကိုး"

ပြောပြီး သူက ခေါင်းမော့လျက် ခပ်တိုးတိုး ရယ်တော့ ကပိုကရိုဆံနွယ်တွေက ဝဲခနဲ လွင့်ပြာသွားရေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလောက်ချောမောသန့်ပြန့်ပြီး ရည်မွန်ခန့်ညားတဲ့ ယောက်ျားပျိုတစ်ယောက်က စွန်ကလေးကို ဘာမှမဟုတ်တဲ့ သာမန်ကောင်မလေးကို စိတ်ဝင်တစားရှိနေတာ အံ့သြဖွယ်ကောင်းလေစွ။

အိပ်မက်ထဲမှာတောင် ထည့်မမက်ရဲခဲ့တဲ့ အဖြစ်အပျက်ကလေးမို့ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလိုက်သည်မှာ ဘာနှင့်မှမတူချေ။

"ကော်ဖီသွားသောက်ရအောင်လေ။ အချိန်ရသေးတယ် မှတ်လား"

ဆိုတဲ့ သူ့ရဲ့ပိုင်ပိုင်နိုင်နိုင်စကားကြောင့် စွန်ကလေးငြင်းဆန်ရှောင်လွှဲဖို့ပင် သတိမရတော့ချေ။

သူ့ဘေးမှာ ယှဉ်တွဲလျှောက်လာရင်း ခြေထောက်တွေက မြေကြီးနှင့်မထိတော့သလိုပင် ခံစားရလေသည်။ ဒီရေကို လူတိုင်းက လည်ပြန်ငေးကြည့်သွားကြတာကို ဘေးကနေ ဂုဏ်ယူရမလို သဝန်တိုရမလိုပင်။

"အဲဒီတုန်းက စွန်ကလေး ဘာကြောင့်ငိုနေတယ်





ဆိုတာ ကိုယ်သိပ်သိချင်တာပဲ။ အခု ပြောပြမလားဟင်"

"ဘာရယ်မဟုတ်ပါဘူး။ အဲ့ရက်က ဝမ်းနည်းတာရော စိတ်ညစ်တာတွေရော ရှုပ်ယှက်ခတ်နေတာ"

စွန်ကလေး အဖေဆုံးသွားတဲ့အကြောင်းတွေ အလုပ်မရှိတော့တဲ့အကြောင်းတွေနှင့် ဖွဲထက် အကြောင်းတွေပါ မခြွင်းမချန်ပြောပြလိုက်တော့ သူက ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေလေသည်။ စွန်ကလေးကို သူကြည့်နေပုံက ကရုဏာတွေ အကြင်နာတွေ ရောပြွန်းလျက် ရီရီဝေဝေရှိလှ၏။

သူက သက်ပြင်းတစ်ချက်ချသည်။

"တိုက်ဆိုင်တယ်နော်။ အဲ့ရက်က ကိုယ်လည်း အလုပ်ကထွက်လာတာ ကိုယ့်မှာ မိဘတွေမရှိဘူး စွန်ကလေးကမှ မိဘတွေနဲ့ အတူနေလိုက်ရသေးတယ်။ ကိုယ်က အဖေ အမေ ဘယ်သူမှန်းကို မသိတာ"

သူ့အသံက တိုးရှပေမယ့် နာကျင်ကြေကွဲစွာ တုန်ခိုက်အက်ကွဲနေတာမို့ စွန်ကလေး ကြက်သီးတွေ ဖြာလာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ စိတ်လှုပ်ရှားခံစားလိုက်ရသည်။

"စွန်ကလေး တကယ်စိတ်မကောင်းပါဘူး"

ထိုစကားကို စိတ်ပါလက်ပါပြောလိုက်ခြင်း ဖြစ်ပါသည်။

"ကိုယ့်ဘဝမှာ အငတ်မွတ်ဆုံးက မေတ္တာတရားလို့ထင်တယ်။ အထီးကျန်ခြင်းနဲ့အတူတူနေခဲ့ရတော့ ကိုယ့်ဘေးမှာ နှစ်သိမ့်အားပေးမယ့် အဖော်မွန်တစ်ယောက် လိုချင်လာတယ်"

သူ့စကားတွေရဲ့ ရည်ရွယ်ဦးတည်ရာကို ရိပ်မိသလိုလိုရှိလာတာမို့ စွန်ကလေး နားရွက်ဖျားလေးတွေပင် ပူထူလာမိ၏။

"ရှင့်မှာသူငယ်ချင်းကောင်းတစ်ယောက် ရှိတယ်နော်။ စွန်ကလေးမှာလည်း အားကိုးရတဲ့ သူငယ်ချင်း ရှိတယ်"

သူက ကလေးတစ်ယောက်ကို ကြည့်ပုံမျိုးနှင့် ကြည့်ပြီး ပြုံးလေသည်။

---



"ကိုယ်ကတော့ အခု ချစ်ရမယ့်သူတစ်ယောက် ထပ်တွေ့ထားတယ်။ စွန်ကလေးရော"

ကဲ . . . နေရာတကာ သူနဲ့လိုက်တူချင်ပါဦးလားလို့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်လိုက်မိတော့၏။

"ဟင့်အင်း"

"စွန်ကလေး ဘယ်သူ့ကိုမှ မချစ်တတ်ဘူးလား"

"အဲလိုတော့ ဘယ်ဟုတ်မလဲ" .

"ဒါဆို ကိုယ်က စွန်ကလေးကိုချစ်နေတယ်ဆိုရင်ရော ယုံမှာလား"

"ဟင့်အင်း"

"ကလေးလိုပဲ။ အဲဒါကြောင့် ကိုယ်ချစ်မိသွားတာပဲ ဖြစ်မယ်။ ယုံပါ ကလေးမရဲ့၊ ကိုယ် တကယ် မင်းကို ချစ်မိသွားတယ်၊ မိုးရွာထဲမှာငိုနေတဲ့မင်းကို စတွေ့ကတည်းက ကိုယ့်စိတ်ထဲမှာ ထူးထူးဆန်းဆန်း ခံစားရတာ"

စွန်ကလေး ခေါင်းငုံ့နှုတ်ဆိတ်နေမိ၏။

ဒီရေက သူမကို တကယ်ချစ်မိနေသတဲ့၊

---

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း။ မယုံနိုင်ပါဘူးကွယ်။ အဲလို မကျီစယ်စမ်းပါနဲ့။

စွန်ကလေး လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

"စွန်ကလေး သွားတော့မယ်"

"ခဏနေပါဦး။ ဆယ့်ငါးမိနစ်လိုသေးတယ် မှတ်လား။ ကိုယ့်ကို စိတ်ဆိုးသွားတာလား"

စွန်ကလေး ခေါင်းယမ်းလိုက်မိတာ ဘာရယ်ကြောင့်မှန်းလဲမသိ။ စိတ်မဆိုးတာတော့ သေချာပါသည်။

"အလုပ်နောက်ကျမှာစိုးလို့ပါ။ အန်တီက နောက်ကျတာ မကြိုက်ဘူး"

ထိုစဉ်မှာပဲ ဆိုင်ရှေ့မှ ဒေါ်နေညီ့ရီရဲ့ကားလေး ဖြတ်မောင်းသွားလေတော့သည်။

ကားထဲမှ လှမ်းကြည့်သွားသော မျက်လုံးတွေက စွန်ကလေးကို မဟုတ်ဘဲ ဒီရေတစ်ယောက်တည်းဆီမှာသာ ဖြစ်၏။

•———ရွှေသော———•



"သူက စွန်ကလေးရဲ့အလုပ်ရှင်နော်"

"ဟုတ်ကဲ့"

"ကိုယ့်ကို သူကြည့်တဲ့ပုံကတစ်မျိုးပဲ။ အဲဒီ အမျိုးသမီးကိုမြင်ရင် စိတ်ထဲမှာ တစ်မျိုးခံစားရတယ်။ ဘာကြောင့်မှန်းလဲ မသိဘူး"

စွန်ကလေး ဘာမှမပြောမိအောင် အတန်တန်ထိန်းထားရင်းမှ တစ်ခုခုကိုလည်း ပြင်းပြင်းပြပြသိချင်လာမိလေသည်။

"ရှင်နဲ့အန်တီ အစက သိခဲ့ဖူးလားဟင်"

"ဟင့်အင်း . . . မသိပါဘူး။ ကိုယ် သူ့ကိုမြင်ဖူးတာတောင် မကြာသေးဘူး။ ဩော် . . . ဒါနဲ့ ကိုယ် မင်းကို တစ်ခုမေးစရာရှိသေးတယ်။ ဆိုင်မှာ Camera တစ်လုံးကျန်ခဲ့တယ်။ အဲဒါ မင်းလာတဲ့နေ့က ကျန်ခဲ့တာလား"

"မကျန်ပါဘူး။ စွန်ကလေးမှာ ဘာ Camera မှ ပါမလာဘူး"

စွန်ကလေး ကပျာကယာငြင်းပစ်လိုက်တော့ သူ

•———ရွှေသော———•

www.burmeseclassic.com

www.burmeseclassic.com



က အုံ့ညြသွားဟန်နှင့် . . .

"ကိုယ်က မင်းကျန်ခဲ့တာပဲ ထင်တာ"

ဟု တီးတိုးရေရွတ်ရင်း ငေးမောနေလေသည်။

"စွန်ကလေး သွားတော့မယ်နော်"

ကြာရင် စွန်ကလေး သိပ်ဟန်ဆောင်နိုင်တော့မှာ မဟုတ်တာမို့ ထိုင်ရာမှ ထလိုက်၏။ သူက စွန်ကလေး ဘေးမှ ထရပ်လိုက်ပြီး . . .

"ကိုယ် စွန်ကလေးကို ချစ်တယ်ဆိုတာ မမေ့လိုက်နဲ့နော်"

ဟုပြောဖြစ်အောင် ပြောလိုက်လေသည်။ စွန်ကလေးစိတ်ထဲမှာတော့ အန်တီ့အကြောင်းတွေသာ တွေးတောနေမိပြီး ဒီရေနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်ဟူသော မေးခွန်းက လွှမ်းမိုးနေရာယူထားလေတော့၏။



## အခန်း ( ၂၁ )

စွန်ကလေးသည် ဒီရေ သူမကို ချစ်နေသည့် အကြောင်းကို ပထမဆုံးသိခဲ့စဉ်က မယုံသလိုဖြစ်ခဲ့ပေမယ့် အချိန်ကြာလာတာနှင့်အမျှ လက်တွေ့ကျပြီး ပြတ်သားရဲရင့်သော သူ့ရဲ့စိတ်ဓာတ်နှင့် တည်ကြည်မှုကို သိမြင်ခံစားလာရသည်။

"ကိုယ်တို့နှစ်ယောက်ဘဝက အားကိုးမှီတွယ်ရာ ဘာမှမရှိတဲ့ လက်ချည်းသက်သက်သမားတွေချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ့်လက်ထဲမှာ စွန်ကလေးရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားခွင့်ရမယ်ဆို အားလုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားရဲတဲ့သတ္တိရှိတယ်"

ဟုပြောသောဒီရေသည် တကယ်လည်း အလုပ်ကြိုးစားသူဖြစ်သည်။ ဓာတ်ပုံပညာကို ဝါသနာပါပေမယ့် အချိန်ပိုင်းဝင်ငွေရအောင် ကားအရောင်းအဝယ်လုပ်နေသည်ဟု သိရတော့ သူ့ပုံစံနှင့်ဆို ဘယ်လိုမှယုံနိုင်စရာ မရှိအောင် အံ့ဩရလေတော့၏။

သူဟာ စွန်ကလေးကို ချစ်တယ်လို့ဖွင့်ပြောခဲ့ပေမယ့် စွန်ကလေးဆီက တုံ့ပြန်မယ့်အချစ်ကို အတင်းအကျပ်မတောင်းဆိုသူလည်း ဖြစ်သည်။

"ကိုယ် စွန်ကလေးကို ချစ်လားလို့မမေးဘူးနော်။ စွန်ကလေးဘာသာ တကယ်ချစ်လာပြီး ဝန်ခံတာပဲလိုချင်တယ်။ အဲဒီနေ့ကို ကိုယ် စောင့်နေတာ"

ဟု ပိုင်ပိုင်စိုးစိုးပြောခဲ့ပေမယ့် တကယ်တမ်း သူ့စိတ်ဓာတ် ခံယူချက်က အဖြူထည်ဆန်လွန်းလှ၏။

●——မျှဝေသော——●



ဒီလောက်ချော့ချောတဲ့ယောက်ျားတစ်ယောက်က စွန်ကလေးကို တကယ်မချစ်ဘဲ လှည့်စားသွားရင် ခက်ရချည်ရဲ့ဆိုတဲ့အတွေးကြောင့် အဖြေမပေးခဲ့ပေမယ့် သူနဲ့အတူရှိနေချိန်တိုင်း ဘာနဲ့မှမတူတဲ့ သာယာကြည်နူးမှုလေးကို စွန်ကလေး နှစ်သက်မက်မောနေတတ်ပြီ။

"ချစ်နေတာများ စွန်ကလေးရယ်။ အဖြေပေးလိုက်ရောပေါ့။ အခုလည်း ချစ်သူတွေလို တတွဲတွဲဖြစ်နေပြီပဲ"

လို့ မေနွယ်က အားမလိုအားမရဝင်ပြောတော့ စွန်ကလေး သူ့ကို ချစ်နေတယ်ဆိုတာ ချက်ချင်းပြေးပြောချင်စိတ်ပင် ပေါက်လာသည်။

ပထမဆုံး တစ်ယောက်ကိုတစ်ယောက် (မသိကြဘဲ) ဆုံခဲ့ကြသည့် အင်းလျားကိုသွားတော့ ခုံတန်းလျားလေးရဲ့အစွန်းတစ်ဖက်မှာ ခပ်ခွာခွာထိုင်ရင်း သူ့ဆံပင်တွေလေထဲတလွင့်လွင့် ဖြစ်နေတာကို ကြည့်ပြီး သိပ်ချစ်တာပဲ ဒီရေရယ်လို့ စိတ်ထဲက ကျိတ်ပြီး ရေရွတ်ညည်းတွားမိတဲ့အထိ သူက စွန်ကလေးကို ညို့ယူနိုင်လွန်းပါသည်။

●——မျှဝေသော——●

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘယ်အထိ စိတ်ရှည်သည်းခံစွာ စွန်ကလေးရဲ့အဖြေကို စောင့်ဆိုင်းနေဦးမလဲ မသိ။ ဒါမှမဟုတ် စွန်ကလေးရဲ့ချစ်သူမကျ သူငယ်ချင်းမက လိုက်လျောမှုကိုပဲ တိတ်တဆိတ် ကျေနပ်သာယာနေသလား မပြောတတ်။

သူနှင့်တွဲသွားတိုင်း လူတော်တော်များများ၏ စိတ်ဝင်တစား ငေးမောမှုကို ခံရလေ့ရှိသည်။ အထူးသဖြင့် စွန်ကလေးဘေးမှာပါနေတာတောင် ကောင်မလေး တော်တော်များများက သူ့ကို သိသိသာသာပင် ဝိုင်းကြည့်ပြီး ဟိုမင်းသားနဲ့တူတယ် ဒီမင်းသားနဲ့တူတယ်ဟု မကြားတကြား ရေရွတ်သွားသည့်အခါတိုင်း စွန်ကလေးစိတ်ထဲ သဝန်တိုစိတ်က ထိန်းမရအောင် ရုန်းကြွလာတတ်သည်။

သူကတော့ ထိုအသံတွေကို မကြားသလို ဘာမှ မခံစားရသယောင်ပင်။ ယုတ်စွအဆုံး ဘယ်သူပြောသလဲ ဆိုတာပင် ဂရုတစိုက် လှည့်မကြည့်ချေ။ သူ့နှုတ်ခမ်းပါးပါးလေးကို အမြဲတင်းတင်းစေ့ထားပေမယ့် စွန်ကလေးစိတ်ထဲမှာ ပြုံးယောင်ယမ်းနေသည်ဟု ထင်လာသည့်အခါမျိုးဆို





သူ့လက်ကိုဆွဲပြီး လူတွေနဲ့ ခပ်ဝေးဝေးနေရာကို ပြေးထွက်သွားချင်စိတ်ပင် ပေါ်လာဖူးသည်။

တစ်ကြိမ်တော့ ဘယ်လိုမှ သည်းမခံနိုင်သည့်အဆုံး . . .

"ဒီမှာ . . . ရှင့်ကို လူတွေဝိုင်းကြည့်ကြတယ်နော်"

ဟု စွန်ကလေးနှုတ်က ဖွင့်ပြောမိသည်။ သူက ဘာမှမထူးဆန်းသလိုပင် ခေါင်းညိတ်ပြ၏။ ထိုအေးစက်စက်အမူအရာကြောင့် စွန်ကလေး အသည်းတွေယားလိုက်သည်မှာ ဘယ်လိုနေရမှန်းပင် မသိ။

"ရှင့်ပုံစံက သိပ်ထင်းနေတာကိုး။ အပြင်ထွက်ရင် ရုပ်ရှင်မင်းသားမှတ်ပြီး လိုက်ကြည့်ကြတာပေါ့။ ပုံစံပြောင်းလိုက်ပါလားဟင်။ ဆံပင်ကို အနက်ရောင်ဆိုးပြီး ခပ်တိုတိုကလေး ညှပ်လိုက်။ ဒါဆို အခုလောက် ထင်ထင်ရှားရှား မဟုတ်တော့ဘူး"

ဟုပြောသည့်အခါ သူက စွန်ကလေးကို စက္ကန့်အတော်ကြာ မျက်ခုံးပင့်လျက် တအံ့တသြကြည့်နေပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဟက်ခနဲ ရယ်ချကာ စွန်ကလေးဆံပင်တွေကို ကလေးတစ်ယောက်နယ် ဆွဲပွတ်ဖွရင်း . . .

"ဘာများလဲလို့ကွာ။ အပြီးသတ်တော့ စွန်ကလေးက ကိုယ့်ကို သဝန်တိုနေတာကိုး"

ဟုပြောလိုက်တော့ စွန်ကလေး တကယ်ပဲ ရှက်သွားမိပါသည်။

နောက်တစ်နေ့မှာတော့ စွန်ကလေးပြောတဲ့အတိုင်း ဆံပင်ကို ခပ်တိုတိုညှပ်ပြီး အနက်ရောင်ပြောင်းလာသည့်အခါမှာတော့ စွန်ကလေး ရင်ခုန်သံတွေ မြန်လာတဲ့အထိ မှင်တက်အံ့သြခဲ့ရသည်။

"ဘယ်လိုလဲ။ ဒီအတိုင်းဆို ရပြီလား"

အဖြူခံပေါ်မှာ အနက်စင်းတွေပါသော ရှပ်လက်ရှည်ကို တံတောင်ဆစ်နားအထိ ခေါက်တင်လျက် Style pants အနက်ရောင်ကို တွဲဝတ်ထားသော သူ့ပုံစံက နဂိုပုံထက်ပင် ပိုမိုတောက်ပသန့်လက်ကာ ချောမောနေတာမို့ စွန်ကလေး စိတ်ထဲကပဲ တီးတိုးညည်းညူမိတော့၏။



"အခုမှ ပိုဆိုးသွားတယ်"

စွန်ကလေးစကားကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောပါသည်။ ပြီးတော့ ပြောလိုက်သေးသည်။

"စွန်ကလေး ကိုယ့်ကို သဝန်တိုမှန်းမသိတော့ ဘယ်လို ပျော်မှန်း မသိဘူး" တဲ့။

ထိုအခါမျိုးမှာ စွန်ကလေး သူ့ကို ချစ်နေတာ ဝန်ခံလိုက်ချင်မိသည်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ပြောမထွက်ခဲ့ချေ။

ပိုပြီးနှုတ်ဆိတ်ဆွံ့အစေသည့်အကြောင်းတစ်ခုကတော့ ဒီရေ့ထံမှ ဒေါ်နေညိုရီနှင့် ပတ်သက်သော သတင်းအစအနတစ်ခုကို ကြားခဲ့ရခြင်းပဲဖြစ်သည်။

"ကိုယ် အခုတလော ကံကောင်းနေတယ်သိလား။ ကားအရောင်းအဝယ်လည်း အဆင်ပြေနေတယ်။ ကုမ္ပဏီတစ်ခုကလည်း ကိုယ့်ဆီမှာ ကုန်ပစ္စည်းကြော်ငြာအတွက် ဓာတ်ပုံဒီဇိုင်းအပ်ထားတာရှိတယ်။ ကိုယ့်ကိုတောင် အဲ့ပစ္စည်းရဲ့ ပင်တိုင် model အဖြစ် သုံးချင်တာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာတော့မပါဘူးကွ။ ဒါပေမဲ့ ပိုက်ဆံများများ ရမှာဆို တော့ စိတ်ဝင်စားတယ်။ စွန်ကလေးရော ဘယ်လိုသဘော ရလဲဟင်"

သူမ ဘာပြန်ပြောရမှန်းပင် မသိပါ။ ရှင့်ကို လာ ကမ်းလှမ်းတာ OCTAGON GROUP ကလားလို့ မေးပစ်ရ မလားဟုတောင် စိတ်ကူးမိသေးသည်။ ဒါပေမဲ့ လတ်တ လောမှာ သူမက ဒေါ်နေညီ့ရီရဲ့ သစ္စာရှိသော P.A တစ် ယောက်အဖြစ် ခံယူထားတာမို့ မမေးဖြစ်တော့ချေ။

"ဘယ်လိုလဲ ကိုယ်လက်ခံလိုက်ရမလား။ နေညီ ညီကတော့ ပြောတယ်။ အဲဒါ ကိုယ့်အနာဂတ်အတွက် တက်လမ်းတစ်ခုပွင့်တာတဲ့။ လုပ်သင့်တယ်လို့ အကြံပေး နေတယ်။ ကိုယ်က ပညာတစ်ခုနဲ့ပဲ ရပ်တည်ချင်တာ။ အဲလို ရုပ်ပြစားရတာမှာမျိုးကြီးတော့ မကြိုက်ဘူး"

"စွန်ကလေးကတော့ ဘာလုပ်သင့်တယ်လို့ အကြံမပေးတတ်ဘူး။ ရှင့်အတွက် သင့်တော်မယ်ထင်ရင် လက်ခံလိုက်ပေါ့"

ရွှေပေသော



စွန်ကလေး ထိုအတိုင်းသာ မယုတ်မလွန်ပြောမိ သည် ထင်၏။ ရင်ထဲမှာတော့ ဒီရေနှင့်ပတ်သက်ပြီး စိုးရိမ် ရေမှတ်က မြင့်တက်လာခဲ့ပြီ။

ဒေါ်နေညီ့ရီဟာ ဒီရေ့ကို ဘယ်လိုစိတ်ဝင်စားခြင်း မျိုးနဲ့ စိတ်ဝင်စားတာလဲဟူသော သံသယစိတ်ကြီးက သူမ ကို အိပ်ပျက်ညပေါင်းများစွာကို ဖန်တီးပေးတော့မည်။ တကယ်တမ်းဖြစ်လာလျှင် စွန်ကလေး ဒေါ်နေညီ့ရီကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်မှန်းလည်း နားလည်ထား သည်။

စွန်ကလေးနဲ့ ဒီရေ တွဲနေတာလည်း ဒေါ်နေညီ့ရီ မသိဘဲနေမှာမဟုတ်။

သိရက်နှင့် တမင်မပြောဘဲနေတာရော ဘယ်လို အဓိပ္ပာယ်ပါလဲ။

အခုတလော ဒီရေနဲ့ပတ်သက်တဲ့ အလုပ်ကိစ္စ တွေကို စွန်ကလေးအား တာဝန်သိပ်မပေးတာလည်း ထူးခြားမှုတစ်ခုပင်။

ရွှေပေသော

www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ လုပ်ငန်းနှင့်ဆိုင်တာမို့ သူမရဲ့ GM ကိုသာ တာဝန်ပေးလိမ့်မည်။ ဒီရေကို ကြော်ငြာ Model သုံးချင်တဲ့စိတ်ကူးကရော ဘာအတွက်လဲ။

တွေးရင်းနှင့်ပင် စွန်ကလေး စိတ်တွေရှုပ်ထွေးလာရတော့၏။





## အခန်း ( ၂၂ )

"ဒီရက်ထဲ အန်တီလည်း အလုပ်တွေသိပ်များနေတာ စွန်ကလေးအမြင်ပဲ။ စွန်ကလေးနဲ့ ခုလို အေးအေးဆေးဆေး စကားပြောဖို့အတွက် တန်ဖိုးရှိတဲ့အချိန်တွေ ရင်းထားရတယ်။ ဒီတော့ လိုရင်းပဲပြောကြတာပေါ့"

ဒေါ်နေညှိုရီစကားကြောင့် စွန်ကလေးရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။

ဒေါ်နေညှိုရီရဲ့လေသံက အလုပ်သမားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို အလုပ်ရှင်က ဆက်ဆံပုံမျိုးမဟုတ်ချေ။ အရင်လို တရင်းတနှီးပုံစံလည်း မဟုတ်ဘဲ ခပ်ထောင့်ထောင့်နှင့် အေးစက်တည်ငြိမ်နေသည်။

"စွန်ကလေးက တို့အားကိုးအားထားရတဲ့ သစ္စာရှိသူတစ်ယောက်ပါ။ အန်တီ ဘာလုပ်တယ် ဘာကိုင်တယ် ဆိုတာတွေ စွန်ကလေး သိပြီးသားပဲ။ အထူးသဖြင့် ဒီရေနဲ့ ပတ်သက်လို့ပေါ့။ စွန်ကလေးကတော့ အန်တီ့ကို အားလုံးဖွင့်မပြောဘူးနော်"

"စွန်ကလေးက ဘာတွေဖွင့်ပြောရမှာလဲ။ အန်တီ ခိုင်းတဲ့အတိုင်း စွန်ကလေးလုပ်တယ်။ သူ ဘာဖြစ်ချင်လဲ ဘာလုပ်ချင်လဲဆိုတာတွေ သိအောင်စုံစမ်းပေးတယ်။ အဲဒီ အပြင် . . ."

"ခဏနေဦး စွန်ကလေး။ မင်း သူနဲ့ချစ်သူတွေ ဖြစ်နေတာ ဘာကြောင့် တို့ကို မပြောတာလဲ"

စွန်ကလေးခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲ တောင့်မတ်သွားရသည်။





"အဲဒါပြောဖို့လိုအပ်လို့လား အန်တီ။ အဲဒါ အလုပ်သဘောနဲ့ မဆိုင်ဘူးထင်တယ်"

"တို့ အလုပ်သဘောအရ စကားပြောနေတာ မဟုတ်ဘူး စွန်ကလေး။ မင်းကို ဘယ်တုန်းကမှ အလုပ်သမားတစ်ယောက်လို ဝန်ထမ်းတစ်ယောက်လို မသတ်မှတ်ခဲ့ဘူး။ မင်းဟာ တို့စိတ်ဆန္ဒအတိုင်း လှုပ်ရှားပေးမယ့် shadow သက်သက်ပဲ ဖြစ်ရမယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာမှလျှို့ဝှက်မထားတာမျိုးပေါ့"

"စွန်ကလေး အန်တီ့ကို ဘာမှလျှို့ဝှက်မထားခဲ့ဘူး။ ဒါက ကိုယ်ရေးကိုယ်တာဖြစ်လို့ ပြောဖို့မလိုဘူး ထင်လို့ပါ။ ပြီးတော့ ဒီရေနဲ့စွန်ကလေးက တရားဝင်ချစ်သူတွေလည်း မဟုတ်သေးဘူး"

စွန်ကလေးစကားကြောင့် သူမက ခပ်လွန့်လွန့် ပြုံးလိုက်လေသည်။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ချစ်သွားကြဖို့ ဘယ်လိုအချက်အလက်တွေက တရားဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လို့လဲ။ လက်ခံထားတယ်ဆိုတာ တုံ့ပြန်ဖို့ပဲ မဟုတ်ဘူးလား"

စွန်ကလေး မျက်လွှာချရင်း ငြိမ်သက်နေမိသည်။

အန်တီ ဘာဖြစ်ချင်တာလဲ။ ရှင်းရှင်းပြောပါလို့ မေးလိုက်ချင်ပြီ။ ဒါပေမဲ့ စွန်ကလေး မမေးရဲပါ။

"စွန်ကလေး ဘာလုပ်ပေးရမလဲ အန်တီ"

"ဒီရေနွေကိစ္စကို မင်းနောက်ဆုတ်ပေးပါ"

"ရှင်"

စွန်ကလေး သိစိတ်အာရုံက တဒင်္ဂပြာဝေမှောင်မိုက်သွားသည်။ ဒေါသစိတ် ခံပြင်းနာကြည်းစိတ်က ရင်ထဲမှာ မီးတွေလောင်နေသလို ခံရခက်လှသည်။ သူမနှုတ်က ဒီလောက်ပြောင်ကျကျ ဖွင့်ဟတားမြစ်လာလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့။

"တစ်သက်လုံးအတွက် မဆိုလိုဘူး စွန်ကလေး။ အခိုက်အတန့်ပေါ့။ အခုအခြေအနေမှာ သူ့ဘဝတိုးတက်ရာ တိုးတက်ကြောင်းအတွက် အများကြီးလုပ်ရဦးမယ်။ ချစ်သူရှိသွားပြီဆိုတဲ့ နောက်မှာ လက်ထပ်လိုက်ကြဖို့ သိပ်ကို လွယ်ကူနီးစပ်သွားလိမ့်မယ်။ သူ့ဘဝအမြင့်ဆုံးမရောက်ခင် အဲလို လက်လွတ်စပယ်ဖြစ်ခွင့်မပေးနိုင်ဘူး"



စွန်ကလေး နာကျင်စွာပြုံးလိုက်ရင်း ခေါင်းယမ်းမိသည်။

"ဘာတွေပြောနေတာလဲ အန်တီ။ အန်တီ ပြောနေတာတွေက သိပ်ကိုအဓိပ္ပာယ်မဲ့လွန်းတယ်။ အန်တီ လုပ်ချင်ရာလုပ်လို့ရတယ်။ ဒါပေမဲ့ လူတိုင်းရဲ့စိတ်ကို အန်တီ မပိုင်ဘူး။ စွန်ကလေးက လူပဲ။ အန်တီ ဝယ်ထားတဲ့အရုပ် မဟုတ်ဘူး။ ပညတ်သွားရာ ဓာတ်သက်မပါပါရစေနဲ့။ အန်တီကြိုးဆွဲရာ လွင့်မယ့် စွန်တစ်ကောင် မဟုတ်ဘူး။ ဘယ်လို ရစ်ဘီးမျိုးနဲ့မှ စွန်ကလေးကို ထိန်းချုပ်ခွင့်မရှိဘူး"

"မင်းနားလည်မှုလွဲနေပြီ။ တို့ မင်းကို တမင်အနိုင်ကျင့်နေတာ မဟုတ်ဘူး ကလေး။ Please တို့ကို နားလည်ပေးစမ်းပါ။ ဒီရေနွေပတ်သက်ပြီး ဘာမှ အတိမ်းအစောင်း မခံနိုင်လို့"

www.burmeseclassic.com

www.burmeseclassic.com



"စွန်ကလေး နားမလည်တာလဲ အဲဒါပဲ။ ဒီရေနဲ့ ပတ်သက်ပြီး အန်တီ့ကို စွန်ကလေး ဘယ်လိုမှ နားလည်ပေးလို့လည်း မရဘူး။ စွန်ကလေး သိထားသလောက် ဒီရေ့မှာ အန်တီ့အကူအညီဘာမှမလိုအပ်ဘူး။ အန်တီ့ဆီက သူဘာမှ မမျှော်လင့်ထားသလို ဘာမှလဲ ပြန်ပေးမှာ မဟုတ်ဘူးဆိုတာပဲ"

"တော်စမ်း စွန်ကလေး"

စူးစူးဝါးဝါး အော်ဟစ်သံကြောင့် စွန်ကလေး အံ့သြထိတ်လန့်သွားခဲ့ရသည်။ သူမက ရေမှုန့်ဗူးကို လက်ဝါးနှင့် ခပ်ကြမ်းကြမ်းရိုက်ချပစ်ရင်း စွန်ကလေးကို အေးစက်စူးရဲစွာ စိုက်ကြည့်နေလေသည်။

စွန်ကလေးအကြည့်တွေကလည်း ဒဂ်ရာရကျားနာတစ်ကောင်နှင့် ဘာမှမခြား။

"မင်း တို့စေတနာကို မစော်ကားနဲ့ စွန်ကလေး။ တို့က ဒီရေ့ဆီက ဘာတွေမျှော်လင့်ထားတယ်လို့ မင်း ထင်နေလဲ။ အကျိုးလိုလို့ ညောင်ရေလောင်းတဲ့ထဲမှာ နေညို့ရီ



မပါဘူး။ တို့လုပ်နေတဲ့ကိစ္စတွေက ယုတ္တိမရှိဘူးဆိုတာ သိတယ်။ ဒါပေမဲ့ အဲဒါဘေးလူအမြင်ပဲ။ တို့ခံစားချက်နဲ့ တို့တော့ အဓိပ္ပာယ်အများကြီးရှိတယ်။ အဲဒါ မင်းသိရဲ့လား"

ယောက်ျားလေးတစ်ယောက်ကို နောက်ကွယ်ကနေ Supply လုပ်နေတာ ဘယ်လိုစေတနာမျိုးလဲ။ အဲဒါ ရိုးဖြောင့်တဲ့ရည်ရွယ်ချက် ခံစားချက်လား။

ကိုယ်ပြန်ယူချင်တာ ဘာမျှမရှိဘဲ အသားလွတ်ဘယ်သူက ပေးကမ်းထောက်ပံ့နေမှာလဲ။

"မသိဘူး။ စွန်ကလေး သိတာတော့ ဒီရေနဲ့ပတ်သက်ပြီး အန်တီ မရိုးသားဘူးဆိုတာပဲ။ အခု စွန်ကလေးကို ဒီရေနဲ့မတွဲရဘူးလို့တားတယ်။ နောက်ဆုတ်ပေးဖို့အတွက် ဒီရေ့ဘဝမြှင့်မားရေးဆိုတဲ့ အကြောင်းပြချက်ကြီးက အန်တီနဲ့ ဘာမှမဆိုင်ဘူး။ သူ့ဘဝတိုးတက်တာ မတိုးတက်တာ အန်တီ့ကိစ္စမဟုတ်ဘဲ ဘာကြောင့် စွက်ဖက်ချင်တာလဲ။ အဲ့အတွက် ခိုင်လုံတဲ့အကြောင်းပြချက်ရှိရင် စွန်ကလေး နောက်ဆုတ်ပေးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



စွန်ကလေးစကားကြောင့် သူမက နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ထားရာမှ ရုတ်တရက် စားပွဲပေါ် မျက်နှာမှောက်ချရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်ဖလ တော့သည်။

စွန်ကလေး ဘာလုပ်ရမှန်းမသိ။ ကြောင်နေစဉ် သူမက မျက်ရည်စက်လက်မျက်လုံးများနှင့် မော့ကြည့်လာ၏။

နာကျင်ကြေကွဲနေသော ဒေါ်နေညိုရီမျက်နှာကို ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့လိုက်ရတာမို့ စွန်ကလေး ရင်ထဲမှာ သနားကရုဏာစိတ်နှင့် ဆို့နင့်သွားရ၏။

"တို့ အနူးအညွတ်တောင်းပန်ပါတယ် စွန်ကလေး။ ဒီရေ့ကို အထောက်အပံ့ပေးနေတာ တကယ့် အဖြူထည် စေတနာနဲ့ပါ။ အဲ့အတွက် တို့ကို ကူညီပါနော်"

သူမ ခေါင်းညိတ်လိုက်မိသလား ခေါင်းခါလိုက် သလားပင် မမှတ်မိတော့။ နောက်ဆက်တွဲစကားတစ်ခွန်း ကြောင့် သူမတစ်ကိုယ်လုံး ချောက်နက်ထဲ ပြုတ်ကျသွား





သလို ခံစားလိုက်ရလေတော့၏။

"ဒီရေက တို့ရဲ့ချစ်သူနဲ့ သိပ်တူတာ။ အခု သူမရှိ တော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

"ကိုယ်လေ မိဘမဲ့ဘဝနဲ့ကြီးပြင်းခဲ့ရပေမယ့် ရည်မှန်းချက်ကို အကြီးကြီးထားခဲ့တာ။ တစ်နေ့မှာ ကိုယ့်အရည်အချင်းနဲ့ အတော်ဆုံးလူတစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ စိတ်မျိုးနဲ့ ဒီနေ့အထိ ရှင်သန်လာတာ။ ပြီးတော့ ကိုယ့်အဖြစ်ချင်ဆုံးဆန္ဒတစ်ခု ရှိသေးတယ်။ စိတ်ကူးယဉ်တာပေါ့။ ဖြစ်နိုင်ရင် ကိုယ့်အဖေနဲ့အမေကို မြင်ဖူးသွားချင်တယ်"

မှတ်တိုင်မှာ ကားစောင့်ရင်း ကြော်ငြာ board မှ





ဒီရေ့ပုံကို ငေးကြည့်ရင်း သူပြောခဲ့တာတွေ နားထဲမှာ ပြန်ကြားယောင်လာမိသည်။

Photographer တစ်ယောက်ဘဝမှ ကြော်ငြာ model ဖြစ်လာသော ဒီရေ့ကို သရုပ်ဆောင်လောကထဲ ဝင်တော့မှာလားဟူသော မေးခွန်းတွေ မှတ်ချက်တွေ ပလူပျံအောင် ထွက်လာပေမယ့် ဒီရေကတော့ အရင်အတိုင်း မပြောင်းမလဲပင်တည်း။

"နေရထိုင်ရတာ မလွတ်လပ်ဘူးကွာ။ မြို့ထဲက နေရာအနှံ့မှာ ကိုယ့်ပုံတွေရှိနေတော့ လူတိုင်းသိနေပြီ။ နဂိုကတည်းက လူကြည့်ခံရတာ အခုပိုဆိုးကုန်ပြီ။ ကိုယ် ဒီအလုပ်လက်ခံလိုက်တာ မှားသွားလားဟင်"

ကလေးတစ်ယောက်သဖွယ် ပြောပြနေသော ဒီရေ့မျက်နှာက အောင်မြင်ကျော်ကြားလိုမှု၊ ထင်ပေါ်မှုတွေကို ဘာမှအလိုမရှိ။ လောဘတကြီး မမက်မောသော သန့်သန့်ရှင်းရှင်းပုံစံကလေးပဲ ဖြစ်နေခဲ့သည်။

"ကိုယ်ကတော့ ပိုက်ဆံများများစုမိဖို့ပဲ ဆန္ဒရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခု ကိုယ် တိုက်ခန်းအသစ်ဝယ်နိုင်ပြီ။ lift လည်း ပါတယ်။ ကွန်ဒိုတစ်ခန်းဝယ်ဖို့ အရင်က မစဉ်းစားမိဘူး။ ရသမျှ Studio ထဲပဲ အသုံးချချင်တာ။ ခုတော့ ကိုယ့်မှာ လက်ထပ်ဖို့ ရည်ရွယ်သူရှိလာပြီလေ။ စွန်ကလေးအတွက် လည်း ထည့်စဉ်းစားပေးရမယ်"

ဟု အားတက်သရောပြောတဲ့စကားတွေကလည်း ပိုက်ဆံရှိရှိ မိန်းမတစ်ယောက်ကို အထင်ကြီး မှီခိုလိုစိတ် တွေ လုံးဝမရှိဘဲ ဆင်းရဲနုံချာသော ချစ်သူတစ်ယောက်ကို သာ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ပြီး ကိုယ်ပိုင်အစွမ်း အစနှင့် တင့်တင့်တယ်တယ် ထားချင်ပုံမျိုးသာ ဖြစ်လေ သည်။

ထို့ကြောင့်သာ စွန်ကလေး ဘာတစ်ခွန်းမှမကန့် ကွက်ခဲ့ခြင်းဖြစ်၏။ အနည်းဆုံး ဒေါ်နေညိုရီထံမှပင် စွန် ကလေး စိတ်လိုက်မာန်ပါ ထွက်ခွာမသွားခဲ့ချေ။ စွန်ကလေး နှင့် သူမရဲ့ ပဋိပက္ခကို ဒီရေ ဘယ်တော့မှ မသိစေရဟု ဆုံးဖြတ်ထားခဲ့သည်။ ဒါပေမဲ့ စွန်ကလေး ကွဲကွဲပြားပြား



သိချင်တာတစ်ခုတော့ ရှိသေးသည်။ ဒေါ်နေညိုရီရဲ့ အထောက်အပံ့တွေနှင့် ဒီရေ အဆင်ပြေအောင်မြင်နေ တယ်ဆိုတာ ဒီရေကိုယ်တိုင် သိရဲ့လားဟူသော အချက်ပင် ဖြစ်၏။

"စွန်ကလေး"

အတွေးနဲ့ငြိမ်သက်ငေးမောနေသော စွန်ကလေး မှာ ဒီရေ့ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"လာ . . . ဒီနေ့ ဘတ်(စ်)ကားမစီးနဲ့။ ကိုယ့်မှာ ကားပါတယ်"

ဒီရေ့စကားကြောင့် စွန်ကလေး မျက်လုံးပြူးသွား မိ၏။

"ကားပါတယ်"

"အင်းလေ . . . ဟိုမှာ မတွေ့ဘူးလား။ ဒီနားမှာ ရပ်လို့မရလို့ ဟိုဘက်မှာရပ်ထားခဲ့တာ။ စွန်ကလေးကို ကား နဲ့ လိုက်ပို့မလို့"

"ဟင့်အင်း . . . စွန်ကလေး မလိုက်ချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စွန်ကလေးစကားအဆုံး သူက မျက်မှောင်ကြုတ်သွားလျက် . . .

"ဘာဖြစ်လို့ စွန်ကလေး။ အရင်ကတော့ စွန်ကလေးပဲ ဘတ်(စ်)ကားစီးရတာ စိတ်ညစ်တယ်ဆို"

"ဟုတ်တယ်။ အစက အဲလိုထင်ခဲ့တယ်။ အခုတော့ အဲလိုကိုယ်ပိုင်ကားစီးရမှာကို စိတ်ညစ်တယ်"

"ဘယ်လို . . . ကိုယ့်ကို နားရှုပ်အောင်မလုပ်စမ်းပါနဲ့ စွန်ကလေးရယ်"

သူက ညည်းညည်းညူညူပြောရင်း စွန်ကလေးမျက်နှာကို နားမလည်နိုင်သလို ကြည့်နေ၏။

"မသိဘူး . . . စွန်ကလေး အဲ့ကားကြီး မစီးချင်ဘူး။ ဒီရေလည်း မစီးနဲ့"

ဒီရေက စွန်ကလေးထက် လေးနှစ်နီးပါးကြီးပေမယ့် စွန်ကလေးကတော့ ဒီရေဟု ခေါ်တတ်တာ နှုတ်ကျိုးသွားပြီမို့ အထူးအဆန်းလည်း မဟုတ်တော့ချေ။

"အဲဒါ ဘာဖြစ်လို့လဲဆိုတာ ကိုယ်နားလည်အောင်





ပြောဦးလေ"

စွန်ကလေး သူ့မျက်နှာကို အတန်ကြာအောင် စူးစိုက်ကြည့်နေမိ၏။ စိတ်ထဲကတော့ . . .

"ရှင့်ကို ဒေါ်နေညိုရီရဲ့ ထောင်ချောက်တွေ ပိုက်ကွန်တွေထဲမှာ မငြိတွယ်စေချင်ဘူး"

ဟု ကျယ်လောင်စွာ အော်ဟစ်နေမိသည်။

"ပြောလေ . . . စွန်ကလေး"

စွန်ကလေး ရုတ်တရက်ငိုချင်လာသည်။ တကယ်တမ်း ဒီရေရဲ့ လိုအပ်ချက်တွေကို လက်တွေ့ကျကျ ဖြည့်ဆည်းပေးနေနိုင်တာ စွန်ကလေး မဟုတ်ဘူးဆိုတဲ့ အသိကရင်ကိုဓားနှင့် မွှန်းသလိုခံရခက်လှလေသည်။

"မမေးပါနဲ့ . . . မမေးပါနဲ့ ဒီရေရယ်။ ရှင့်ကို စွန်ကလေးသိပ်ချစ်ပါတယ်"

"ဟာ . . . စွန်ကလေး"

စွန်ကလေး သူ့ပခုံးစွန်းမှာ မျက်နှာအပ်ရင်း ငိုချလိုက်မိ၏။ သူက စွန်ကလေး ပခုံးနှစ်ဖက်ကို အထိတ်



www.burmeseclassic.com

www.burmeseclassic.com



တလန့် ဆွဲယူပွေ့ဖက်ရင်း အံ့ဩတကြီးပုံစံနှင့် ရေရွတ်နေလေသည်။

"စွန်ကလေး ကိုယ့်ကို သိပ်ချစ်တယ်ဆိုတာ သိပါတယ်။ ကိုယ်သိတာပေါ့။ ဒါပေမယ့် အခုလို ဖွင့်ပြောလာတော့ အသက်ရှူရပ်မသွားလောက်အောင် ပျော်သွားတယ်"

သူက စွန်ကလေးကို တင်းကျပ်စွာဖက်ထားတာမို့ သူ့ရင်ခွင်ထဲမှာ ခေါင်းကလေးငုံ့ရင်း ဝမ်းနည်းဝမ်းသာ မျက်ရည်တွေကို သူ မမြင်အောင် စီးကျစေမိ၏။

"လာ . . . ဒီမှာ ကိုယ်တို့ကို လူတွေဝိုင်းကြည့်ကုန်ပြီ ရုပ်ရှင်ရိုက်နေတာ ထင်ဦးမယ်။ ကားပေါ်ကိုသွားမယ်နော်"

သူ့ခေါ်ရာနောက်ကို လိုက်ပါလာရပေမယ့် စွန်ကလေး ရင်ထဲမှာ တင်းကျပ်နေတာတော့ လျော့မသွားသေး။

"ပြောပါဦး . . . ကိုယ်ရဲ့ စွန်ကလေးက ဘာလို့ ဒီကားကို မစီးစေချင်တာလဲ"



စွန်ကလေး မျက်နှာကို သူ့လက်ဖဝါးနှစ်ဖက်နှင့် ဆွဲယူပင့်မော့စေရင်း မေးလိုက်သော တိုးတိုးရှရှ စကားသံအဆုံး စွန်ကလေး နလုံးသားမှာ ရစ်ဖွဲ့နှောင်ထားတဲ့ ကြိုးလေးတွေက ပိုပြီး တင်းကျပ်ကုန်သည်။

ကျေးဇူးတရားတွေ၊ သစ္စာတရားတွေဆိုတဲ့ လူမှုကျင့်ဝတ်တွေအောက်မှာ စွန်ကလေး အသည်းတွေ ပြာကျလောင်မြိုက်ရတော့မှာလား။

ဟင့်အင်း . . . မဖြစ်သေးပါဘူးကွယ်။

ဘာမှသွေးမတော်သားမစပ်တဲ့ မိန်းကလေး တစ်ယောက်ရဲ့ အထောက်အပံ့နဲ့ အမြင့်ကိုတက်နေတဲ့ ကိုယ့်ချစ်သူကို ဘယ်လိုစကားလုံးတွေသုံးပြီး စွန်ကလေး ဆွဲချရမှာလဲ။

"စွန်ကလေး မချမ်းသာချင်ပါဘူး ဒီရေရယ်။ ဘာဆိုဘာကိုမှ မမက်မောတာပါ။ စွန်ကလေး ရှင့်ကိုစွန့်လွှတ်လိုက်ရမှာ သိပ်ကြောက်တယ်။ ဒီကားကရော ဘယ်သူ့ကားလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . နေညီညှိကားလေး။ သူပြန်ရောင်းခိုင်းထားတာ။ ကိုယ်ပဲ အသစ်တစ်စီးရှာပေးရမှာ။ စွန်ကလေးက ဘယ်လိုထင်လို့လဲ"

"ဟင်"

စွန်ကလေး ပါးစပ်အဟောင်းသားနှင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။

တော်သေးရဲ့၊ စွန်ကလေး စကားတွေလွန်မိတော့မလို့ပါလား။

"ကိုယ့်ကို ဘာတွေစိုးရိမ်နေတာလဲ။ စိတ်ချမဟုတ်တာ ဘာမှမလုပ်ဘူး။ အခု ကိုယ် အလုပ်တစ်ခုလက်ခံထားတယ်။ စွန်ကလေး သိရင် အံ့သြသွားလိမ့်မယ်"

"ဘာအလုပ်မို့လဲဟင်"

"စွန်ကလေး အလုလုပ်နေတဲ့ ကုမ္ပဏီရဲ့ Electronic ပစ္စည်းကြော်ငြာအတွက် model လုပ်ပေးဖို့လေ နှစ်ရှည်စာချုပ်တောင် လုပ်ဖြစ်မယ်ထင်တယ်။ ကုမ္ပဏီအတွက် သီးသန့် model ထားမယ်တဲ့။ ဒီအလုပ်သာဖြစ်ရင်





ကိုယ်နဲ့ စွန်ကလေး လက်ထပ်လို့ရပြီ။ ဘာမှပင်ပန်းစရာမလိုတော့ဘူး သိလား"

စိတ်အားထက်သန်စွာ ပြောလိုက်သော သူ့စကားတွေအဆုံး စွန်ကလေး ဘာပြန်ပြောရမှန်းမသိအောင်ပင် ကြောင်တောင်တောင်နှင့် သူ့မျက်နှာကိုသာ ငေးမောနေမိတော့၏။

ဒါ . . . ဒေါ်နေညှိရှိရဲ့ ခြေလှမ်းပေါင်းများစွာထဲက နောက်ဆုံးပိတ် ပွဲသိမ်းခြေလှမ်းမဟုတ်ဘူးလို့ ဘယ်သူအတတ်ပြောနိုင်မှာလဲ။ သူမလုပ်ရပ်တွေက မသိမသာမဟုတ်တော့။ ကန့်လန့်ကာရှေ့ လူလုံးထွက်ပြတဲ့အဆင့်ထိရောက်ကုန်ပြီ။ ကဲ . . . စွန်ကလေး နင် ဘာဆက်လုပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

"ငါကြားခဲ့တဲ့ သတင်းကတော့ အတိအကျပဲ ဒီရေ"

သူ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ပစ်လိုက်မိ၏။ သူ့ဘဝမှာ တစ်ဖက်သားရဲ့ အလိမ်အညာ အလှည့်စားခံရတာကို အမုန်းဆုံးပင်။

အခုက အလုပ်ကိစ္စမှာတောင် ပိပိရိရိဟန်ဆောင် လှည့်ဖျားခြင်းနှင့် ကြုံရတာမို့ ပိုပြီး ဒေါသဖြစ်မိသည်။



"ဒါဆို ငါပထမဆုံးရိုက်ခဲ့တဲ့ ကြော်ငြာကလည်း OCTAGON ကပဲပေါ့ ဟုတ်လား"

"ဟုတ်တယ် OCTAGON GROUP က တကယ့် အကြီးကြီး။ ပထမ ကားပစ္စည်းကြော်ငြာတုန်းကလည်း အဲဒီကပဲ။ ငါတို့က agent က တစ်ဆင့် အလုပ်လုပ်ရတာဆိုတော့ အဲဒါတွေသတိမထားမိဘူး။ နာမည်ကလည်း တစ်မျိုးစီဖြစ်နေတာကိုး။ ဒါပေမဲ့ အဲဒီလုပ်ငန်းက OCTAGON ရဲ့ လက်အောက်မှာ OCTAGON ရဲ့ MD က ဒေါ်နေညိုရီ ဆိုတော့ စဉ်းစားစရာဖြစ်မနေဘူးလား"

နေညီညီ့စကားအဆုံး သူ့စိတ်ရှုပ်ထွေးစွာ ခေါင်းကို ခါယမ်းပစ်လိုက်မိသည်။ ဒေါ်နေညိုရီနှင့် ပတ်သက်ပြီး သူ့စိတ်ထဲမှာ သင်္ကာမကင်းဖြစ်ခဲ့ပေါင်းများနေတာမို့ ယခုလို သိလိုက်ရသည့်အခါ အလိုလို ဒေါသဖြစ်လာရတော့၏။ ဒေါ်နေညိုရီသာ သူ့ကို နောက်ကွယ်ကနေ sponsar ပေးနေတာအမှန်ဆိုရင် စွန်ကလေး မသိဘဲနေမှာမဟုတ်။ သိရက်နဲ့မပြောဘဲနေခဲ့တာလားတော့ သူလည်းတစ်အပ်မသိ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ။

"ဒေါ်တင်လတ်ဝေဆိုတဲ့ မိန်းမသာသိရင် ငါ့ကို ကောင်းကောင်း ဟားနေတော့မှာပဲ။ သူ့အသိုင်းအဝိုင်းကြား ထဲမှာ ဒီသတင်းက ရောက်ချင်ရောက်နေမှာ။ အထူးသဖြင့် ငါလုပ်နေတဲ့အလုပ်က မိန်းမတစ်ယောက်ရဲ့ လက်အောက် မှာဆိုတာ သူသိရင် . . . ကျွတ် သေလိုက်စမ်းပါတော့ကွာ"

သူ ထိုင်ခုံမှာ စိတ်ပျက်အားလျော့စွာ ဝင်ထိုင်ချ လိုက်သည်။

"မင်း . . . စာချုပ်ဖြစ်သွားပြီလား"

"စာချုပ်တော့ မချုပ်ရသေးဘူး။ ဒါပေမဲ့ ဦးမျိုးဆွေ သိန်းနဲ့က စကားတွေလွန်သွားပြီ။ အခုမှ ဘာအကြောင်းမှ နိုင်နိုင်လုံလုံ မပြနိုင်ဘဲ ချက်ချင်းထပြီး အလုပ်ဖျက်လိုက် ရင် ငါ့ဘက်က Foul ရာကျသွားမှာပေါ့။ ဒါပေမဲ့ မတတ် နိုင်ဘူး။ ငါ ဒေါ်နေညီရှိန်နဲ့ အလုပ်မလုပ်နိုင်ဘူး နေညီညီ"

"မင်းခံစားချက်ကို ငါနားလည်ပါတယ်"

"ဒေါ်တင်လတ်ဝေနဲ့ ပြဿနာဖြစ်ခဲ့တာကြီးက ငါ့





အတွက် တစ်သက်စာ သင်ခန်းစာပဲ"

"မင်း . . . ဒေါ်နေညီရှိန်နဲ့ ပွင့်ပွင့်လင်းလင်း ဆွေး နွေးသင့်တယ်လို့ မထင်ဘူးလား"

နေညီညီ စကားအဆုံး သူ ထိုင်ရာမှ ထလိုက် သည်။

"ငါ ဖုန်းအရင်ဆက်ကြည့်မယ်"

သူ ဒေါ်နေညီရှိန်၏ Hand Phone နံပါတ်ကို မသိ ပါ။ ထို့ကြောင့် ဦးမျိုးဆွေသိန်းထံသို့ အရင်ဆုံးခေါ်ရ၏။

"ကျွန်တော် OCTAGON ရဲ့ MD နဲ့ စကားပြော ချင်တယ် အစ်ကို"

မာကျောကျော ကြွပ်ဆတ်ဆတ်လေသံကြောင့် ဦးမျိုးဆွေသိန်းက အံ့ဩသွားဟန်နှင့် တဒင်္ဂ နှုတ်ဆိတ်ငြိမ် သက်သွားသည်။ ခဏကြာမှ ခပ်ဆိုင်းဆိုင်း လေသံမျိုးနှင့်

"MD သူ့အိမ်ကို ခဏပြန်သွားတယ်။ ညီ တွေ့ချင် ရင် မနက်ဖြန် ဧည့်သည်တွေချိန် သီးသန့်ပြန်ပေးမယ်။ သူ့ အမေနေမကောင်းလို့ဆိုလား ဘာလား မိသားစုကိစ္စတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



နဲ့ စုလေးတင် ပြန်သွားတာ။ ဒီနေ့တော့ မဖြစ်သေးဘူး"

ဟု ပြောလိုက်သည့်တွင် သူ့အတော်လေး စိတ်ကသိကအောက်ဖြစ်သွားခဲ့ရသည်။

သူမနှင့်တွေ့ဖို့ ဒီလောက်တောင် ခက်ခဲရသလား ဟု မချင့်မရဲဖြစ်မိ၏။

"Please; အစ်ကို ကျွန်တော် သူ့အိမ်လိပ်စာ သိပါရစေ ဒီနေ့တွေ့ရမှ ဖြစ်မှာမို့ပါ"

ဦးမျိုးဆွေသိန်းက အားနာနေပုံရကာ လိပ်စာလည်း မပြောချင်ပုံမျိုးနှင့် သက်ပြင်းတစ်ချက်ချလေသည်။ အတော်လေးကြာမှ ဒေါ်နီညိုရီ၏ လိပ်စာကို ပြောပြ၏။

"ကျေးဇူးပဲ အစ်ကို"

သူ့ဖုန်းပိတ်ရင်း နေညီညီကို မျက်ရိပ်ပြကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ဘောင်းဘီအိတ်ထဲမှာ ကားသော့ ပါ,မပါ စမ်းရင်း ဆိုင်ဘက်ကို လှည့်ကြည့်တော့ ဆိုင်းဘုတ်မှ စွန်ကလေး မျက်နှာကလေးကို တွေ့ရလေသည်။ စွန်ကလေးပုံကိုကြည့်ရင်းမှ . . .

လှူပေးသော



"မင်းရော ကြံ့ရာပါပဲလား စွန်ကလေးရယ်"

ဟု သူ့နှုတ်က တီးတိုးရေရွတ်လိုက်မိ၏။

လှူပေးသော

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

ပထမဆုံး သူရင်ဆိုင်လိုက်ရတာက ဒေါ်ဓနည်ိုရီ၏ ကြီးမားခမ်းနားသော တိုက်အိမ်ကြီးနှင့် ဘောလုံးကွင်းတစ်ခုလို တစ်မျှော်တစ်ခေါ် ကျယ်ပြန့်စိမ်းလန်းသော မြက်ခင်းပြင်နှင့် ခြံကျယ်ကြီးဖြစ်သည်။

ခြံရှေ့သို့ သူ့ကားလေးရောက်သွားချိန်မှာ ခြံစောင့်နစ်ယောက်ကို အဆင်သင့်အနေအထားမျိုးနှင့် ခြံဝတံလေးနားမှာတွေ့လိုက်ရလေသည်။



"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

- "ဒေါ်နေညိုရီနဲ့ တွေ့ချင်လို့။ ဒီရေ ရောက်နေတယ်လို့ ပြောပေးပါ"

"မဖြစ်ဘူးထင်တယ်။ ဒီနေ့ မမ ဘယ်ဧည့်သည်မှ တွေ့မှာမဟုတ်ဘူး။ မိသားစုကိစ္စတစ်ခုရှိတယ်"

"တွေ့တာမတွေ့တာ သူ ဆုံးဖြတ်လိမ့်မယ်။ ဒီရေလို့ပဲ ပြောပေးပါ"

ခြံစောင့်နစ်ယောက်အနက် အသက်ကြီးကြီး တစ်ယောက်က ကွမ်းတမြုံ့မြုံ့ဝါးရင်း ဒီရေကို စေ့စေ့စပ်စပ်ကြည့်ကာ . . .

"မောင်ရင် ဒီကို အရင်တုန်းက လာဖူးသလား"

ဟု မေးလိုက်တာမို့ သူ အံ့သြစွာ ခေါင်းယမ်းပြလိုက်၏။

"မောင်စော . . . သွားပြောပေးလိုက်"

ကွမ်းဝါးနေတာကြောင့်လား ဘာလားမသိ ထိုလူကြီးအသံက တိုင်းရင်းသားတစ်ယောက်လို အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ဝဲနေလေသည်။ မောင်စောဆိုသူ ထွက်သွားမှ သူက . . .

"ကျုပ်ဒီခြံမှာ ငယ်ငယ်ကတည်းက နေလာတာ ကျုပ်အဖေလက်ထက်ကတည်းကပဲ။ ကျွန်ရင်းသခင်ရင်းလို့ ပြောရင်ရတယ်။ အင်း . . . အသက်ကြီးသွားလာလို့လား မသိဘူး။ ကျုပ်မှတ်ဉာဏ်တွေ သိပ်မကောင်းတော့ဘူး။ မောင်ရင့်လို မျက်နှာမျိုး ကျုပ်မြင်ဖူးတယ်။ ဒီခြံရှေ့မှာပဲ ထင်တယ်။ ကြာပြီ နှစ်နှစ်ဆယ်ကျော်လောက်က ဖြစ်မယ်။ ဒါပေမဲ့ ဒီလိုရုပ်မျိုးက တော်ရုံနဲ့ မမေ့ပါဘူး။ မလေးနေညိုနဲ့ အတူ ပါလာတာလား ဘာလားမသဲကွဲတော့ဘူး သေချာတာတော့"

"ဦးအိုက်စံ . . . မမက သူ့ကို ဝင်ခွင့်ပေးလိုက်ပါတဲ့"

"ကဲ . . . ဝင်လို့ရပါပြီ"

မောင်စောရောက်လာသဖြင့် စကားစပြတ်သွားရပေမယ့် ဦးအိုက်စံရဲ့ မျက်လုံးတွေကတော့ သူ့ကို အဓိပ္ပာယ်ပေါင်းများစွာနှင့် စကားတွေပြောနေသယောင် ခံစားရလေ





သည်။

သူ့စိတ်ထဲ ထူးဆန်းအံ့ဩမှုတစ်ခုကို စတင်ခံစားမိရင်း ရေးကူးကန်ဘေး ရေတမာပင်ပုလေးတွေ စီတန်းနေသောလမ်းအတိုင်း အိမ်ကြီးဆီသို့ လျှောက်လာခဲ့၏။

အိမ်ရှေ့ဆင်ဝင်တွင် ခါးစောင်းခန့်မြင့်သော စဉ့်ပန်းအိုးကြီးတွေနှင့် လှပသော ဝါးပင်ပုလေးတွေကို တွေ့ရပြီး ထိုနေရာမှာပဲ ကျောက်ဖြူစားပွဲနှင့် ထိုင်ခုံတွေရှိနေလေသည်။

"ဒီနားမှာ ခဏထိုင်စောင့်ပါ။ မမ ထွက်လာလိမ့်မယ်"

စကားအဆုံး မောင်စောက လှည့်ထွက်သွား၏။ တစ်အိမ်လုံးမှာ တစ်ယောက်မှမရှိဘူးထင်ရလောက်အောင် အိမ်ကြီးက တိတ်ဆိတ်နေသည်။

ခဏကြာမှာတော့ အိမ်ရှေ့ကျွန်းတံခါးမကြီး ပွင့်လာတာကို တွေ့လိုက်ရတာမို့ သူ လှမ်းကြည့်လိုက်သည်။

အိမ်နေရင်း ချည်သားဂါဝန်ပန်းရောင်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နေညိုရဲ့ ပုံစံက ကလေးမလေးတစ်ယောက်လို ဖြစ်နေ၏။ သူမက ဒီရေကို လှမ်းကြည့်ရင်း . . .

"ဒီရေ ရောက်လာတာကိုး"

ဟု ပုံမှန်ညှော်သည်တစ်ယောက်ကို ကြိုဆိုသောလေသံမျိုးနှင့် ရေရွတ်လေသည်။

"ကျွန်တော် ဒေါ်နေညိုရဲ့နဲ့ စကားပြောချင်လို့"

"လာလေ . . . အိမ်ထဲဝင်ပါဦး"

"ကျွန်တော် အေးအေးဆေးဆေးဆွေးနွေးရအောင် လာခဲ့တာမဟုတ်ဘူး။ မေးစရာတစ်ခုရှိလို့ လာခဲ့တာ"

မာကျောစိမ်းပြတ်လှသော သူ့ စကားသံကြောင့် သူမ မျက်နှာက ထိန်းမရအောင် ပျက်ယွင်းသွားကာ . . .

"ဒီရေက ဘာမေးချင်တာလဲ"

ဟု အသံတုန်တုန်နှင့် ပြန်မေးလေသည်။ ရုတ်တရက် သူ ဘာမေးရမှန်းမသိ ခပ်အမ်းအမ်းဖြစ်နေပြီးမှ ကြံရာမရပုံစံနှင့် ဆံပင်တွေထဲ လက်ထိုးဖွပစ်လိုက်မိ၏။

"ကျွန်တော့်ကို ဘာသဘောနဲ့ လိုက်ပတ်သက်





နေတာလဲ"

"ဘုရားရေ"

သူမက ဒီရေ့စကားကြောင့် မျက်နှာကို တအားဖြတ်အရိုက်ခံလိုက်ရသလို နာကျင်သွားပုံနှင့် ဘုရားတလိုက်လေသည်။

"ကျွန်တော် အလုပ်လုပ်နေတာ OCTAGON GROUP နဲ့မှန်း အစက မသိခဲ့ဘူး။ ပြီးခဲ့တဲ့ကြော်ငြာတုန်းကလည်း မသိရဘူး။ အခုလည်း ပွင့်ပွင့်လင်းလင်း မပြောဘူး။ ကျွန်တော့်ဆီကို လာအပ်သမျှအလုပ်တွေက ဒေါ်နေညိုရဲ့ လက်အောက်ကလုပ်ငန်းတွေချည်းပဲ အဲဒါ သံသယဝင်စရာ မကောင်းဘူးလား။ အဲဒါ ဒေါ်နေညိုရဲ့ မသိဘဲနေမလား။ ဘာလို့ လျှို့ဝှက်ထားရတာလဲ"

သူ့ စကားအဆုံး သူမက မထေမဲ့မြင်ပုံစံနှင့် ခပ်အက်အက်ရယ်လိုက်ကာ . . .

"တို့က ဘာကို လျှို့ဝှက်လို့လဲ။ ဒီရေဆီကို အလုပ်အပ်ရုံနဲ့ OCTAGON ရဲ့ MD ကိုယ်တိုင်လာတွေ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းပြောဖို့လိုလို့လား”

သူမ၏ မငိုးမခန့်ရယ်သံကြောင့် သူ ပိုပြီးဒေါသဖြစ်သွားမိ၏။

ထိုစဉ်မှာပဲ အိမ်အတွင်းမှ ကောင်မလေးတစ်ယောက်ထွက်လာသည်။

“မမနေညို . . . အန်တီကြီးက ဧည့်သည်ကို အိမ်ထဲ ခေါ်ခဲ့ပါတဲ့”

ကောင်မလေး စကားအဆုံး သူမ မျက်နှာက ရုတ်ချည်း ညှိုမှောင်သွားလေသည်။

“မာမီအခန်းထဲမှာ မဟုတ်ဘူးလား”

“မဟုတ်ဘူး မမ။ ခုန ခြံဝမှာ ဧည့်သည်တစ်ယောက်ကို အန်တီကြီး အပေါ်ထပ်အခန်းကနေ မြင်လိုက်တယ်တဲ့။ အဲဒါ ခေါ်ခိုင်းလိုက်လို့”

“ကျွတ် . . . မာမီနဲ့လည်း ခက်တော့တာပဲ။ ကဲ မင်းလည်းသွားတော့”

ဘာမှန်းမသိရပေမယ့် သူမ အမေကပါ ဒီရေ့ကို



တွေ့ချင်သည်ဆိုသောကြောင့် ပိုပြီး စိတ်လှုပ်ရှားသွားမိ၏။ ဒေါ်နေညိုရီပုံစံက ကြံရာမရ စိတ်အိုက်နေပုံမျိုးပင်။

ဘာကြောင့်များ သူ့ကို ပဟေဠိတွေ ပေးနေကြပါလိမ့်ဟု သူစိတ်ပျက်စွာတွေးလိုက်မိ၏။

“ကဲ . . . အိမ်ထဲသွားရအောင် ဒီရေ”

သူမက ရှေ့မှဦးဆောင်ဝင်သွားသည်။

ဒီရေ နောက်မှ အသာအယာ ဝင်လိုက်လာခဲ့သည်။ ဧည့်ခန်းကျယ်ကြီးထဲ အရောက်မှာတော့ Wheel Chair ပေါ်မှာထိုင်နေသည့် အမျိုးသမီးကြီးတစ်ယောက်ကို တွေ့လိုက်ရ၏။

စူးစူးစိမ်းစိမ်းကြည့်နေသော သူမ၏အကြည့်ကြောင့် ဒီရေ မနေတတ်အောင်ပင် ဖြစ်သွားရသည်။

“နေညို . . . အခန်းထဲသွားနေ။ ငါ ဒီကလေးနဲ့ စကားပြောချင်တယ်”

“မာမီ”

“အခန်းထဲကိုသွားနေပါ နေညိုရီ”

www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်တုန်းကမှ မိခင်ကိုမလွန်ဆန်ခဲ့ဘူးပါ။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ တောင်းဆိုရဦးမည်။

"မလုပ်ပါနဲ့ မာမီ။ နေညို တောင်းပန်ပါတယ်။ နေညို့ကို ဒီတစ်ကြိမ်ပဲလိုက်လျောပေးပါ"

"နင့်ကို ငါမွေးထားတာ နေညို။ နင့်ဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းကို ငါကိုယ်တိုင် ဖန်ဆင်းခဲ့တာ။ ဒီလို ဇာတ်လမ်းဖြစ်လာစေခဲ့တာ ဘယ်သူလဲ။ နင် မနိုင်မှ ငါက ဝင်ထိန်းခဲ့ရတာ မမေ့လိုက်နဲ့"

နေညို့ရီ မျက်ရည်သွင်သွင်ကျရင်း ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်မိ၏။

"မှားခဲ့တာတွေအတွက် နေညို နောင်တရပါပြီ။ ဒီထက်ပိုပြီး နေညို့ကို ဒဏ်မခတ်ပါနဲ့တော့ မာမီ။ နေညို တောင်းပန်ပါတယ်"

ဒေါ်နေညို့ရီက အဘွားကြီး၏ခြေသလုံးကို ဖက်ပြီး မျက်ရည်လည်ရွှဲနှင့် တောင်းပန်နေတာကြောင့် သူ့ ရင်ထဲ တစ်မျိုးကြီးခံစားရလေသည်။ ဘာအကြောင်းမှန်း





မသိရပေမယ့် အလွန်ရှုပ်ထွေးသော မိသားစုပြဿနာ တစ်ခုဟုသာ ယေဘုယျအားဖြင့် နားလည်လိုက်၏။

အထူးသဖြင့် အဘွားကြီး၏ စူးရဲခက်ထန်သော မျက်လုံးများကို သူ နားမလည်နိုင်ဆုံးတည်း။

"ဝင်းမာ"

"ရှင် . . . အန်တီကြီး"

"နေညို့ကို အခန်းထဲခေါ်သွားစမ်း"

ဒူးထောက်ထိုင်ချရင်း တရှုပ်ရှုပ်ငိုကြွေးနေသော ဒေါ်နေညို့ရီကို ကောင်မလေးက ဆွဲထူပြီး ခေါ်သွားလေတော့၏။

ဧည့်ခန်းထဲမှာ သူနှင့် ဒေါ်နေညို့ရီ၏အမေသာ ကျန်ခဲ့သည်။

"မင်းနာမည် ဘယ်သူလဲ"

"ဒီရေပါ"

သူမက နာခေါင်းတစ်ချက်ရှုံ့ပြီး ဒီရေ့မျက်နှာကို စေ့စေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလူက ဒီနာမည်ကို ပေးလိုက်ပါလိမ့်"

သူမ၏ဖြူနုသွယ်လျသော လက်ချောင်းတွေက ရှုဆေးဘူးလေးကို ဟိုဒီပွတ်လိုမ့်ရင်း ဒီရေမျက်နှာကို သေသေချာချာ စိုက်ကြည့်နေ၏။

"ငါ့နာမည် မြဆည်းဆာတဲ့။ မင်းသိထားဖို့ လိုတယ်ထင်လို့ ပြောပြတာ။ မင်းအဖေ အမေတွေကိုသိလား"

သူ ခေါင်းကိုဖြည်းညင်းစွာ ခါလိုက်သည်။ အစဉ်အဆက်က ချမ်းသာကြွယ်ဝခဲ့သူမို့ထင်သည်။ စကားပြောတာ တဆိတ် ရင့်ကျောလွန်းလှတာမို့ သူ နှုတ်ခမ်းကို ဖိမကိုက်မိအောင် အတော်လေးထိန်းထားရ၏။

"မင်းကို မွေးစားခဲ့တဲ့လူဆီမှာ တစ်ခါမှမမေးခဲ့ဖူးလား။ အေးလေ . . . မင်းဘက်က အရက်သမားပေမယ့် သစ္စာရှိတဲ့အရက်သမား။ မင်းမေးလည်း လေကုန်ရုံပေါ့"

သူ့ရင်ထဲ ဒိန်းခနဲပင်တုန်သွားရသည်။ အူတွေအသည်းတွေပင် ရုတ်ခြည်းဆွဲခါလှုပ်ယမ်းခံလိုက်ရသည်ဟု ထင်မိ၏။



"အခုတော့ မင်းကို ဖွင့်ပြောဖို့ အချိန်တန်ပြီလို့ ထင်တယ်။ မင်းကို မွေးလိုက်တာ နေညိုရီပဲ။ ဒါပေမဲ့ သူက မင်းအမေမဟုတ်ဘူး"

"ဗျာ"

"အမေလို့မသတ်မှတ်ထိုက်ဘူးလို့ ပြောတာ။ လူ့လောကကို ကြိုဆိုသူမရှိဘဲ ရောက်လာတဲ့မင်းအတွက် ငါ စိတ်မကောင်းပါဘူး။ မင်းစဉ်းစားကြည့်ပေါ့။ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့ အောင်ထားတဲ့ ဆယ့်ကျော်သက်မိန်းကလေးတစ်ယောက်ကို ကလေးအမေဖြစ်ခွင့် မပေးနိုင်တာ ငါ့အမှားမဟုတ်ဘူး။ သူကိုယ်တိုင်လည်း အဲလို မဖြစ်ချင်ဘူး။ ဒါကြောင့် . . ."

"အဲဒါနဲ့ပဲ အပြစ်မရှိတဲ့ကလေးကို ရက်ရက်စက်စက် စွန့်ပစ်ကြတယ်ဆိုပါတော့ဗျာ"

ဒီရေ့စကားအတွက် သူမက မည်သို့မျှခံစားရဟန်မပြဘဲ အေးစက်စက်ရှုတင်းတင်းမျက်နှာဖြင့်သာ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် Wheel Chair နှင့်ထိုင်နေသော လူကုံထံအမျိုးသမီးကြီးသည် သူ၏အဘွားအရင်းခေါက်ခေါက်ဖြစ်သည်။ သို့သော် ဒီရေ့သွေးတွေက ထူးဆန်းစွာပင် အေးစက်တည်ငြိမ်နေသည်။ ရင်နှင့်မဆုံအောင် နာကျင်ရခြင်းကြောင့် ထုံနေတာလည်းဖြစ်နိုင်၏။

"အဲ့အတွက် မင်း ငါ့ကို Complain တက်စရာမလိုဘူး ကောင်လေး။ အခု မင်းမျက်နှာကိုမြင်နေရတာတောင် ငါ့အတွက် နေလို မီးလို ပူတယ်။ မင်းအဖေနဲ့ချွတ်စွပ်တူတဲ့ မင်းမျက်နှာက မင်းကို ကံကောင်းစေသလို ကံဆိုးစေခဲ့တာပဲ။ မင်းသာ ဆက်မော်ခန့်နဲ့ ချွတ်စွပ်မတူဘူးဆိုရင် မင်းကိုငါ ကလေးတစ်ယောက်အနေနဲ့ သနားမိမှာပဲ။ မိဘမဲ့ကျောင်းအတွက်တောင် လှူနေရသေးတာပဲလေ။ အင်း . . . ဒီမျက်နှာကြောင့် နေညိုက မင်းကို တသသဖြစ်နေတာ။ အဲဒါ ဘာလဲ။ မိခင်စိတ်လို့မင်းထင်နေလား။ စိတ်ကူးမယဉ်စမ်းနဲ့ကောင်လေး။ သူ့ပညာရေး၊ သူ့ဂုဏ်သိက္ခာနဲ့ အကြောင်းပေါင်းစုံကြောင့် စွန့်ပစ်ဖို့ သူကိုယ်တိုင် သဘော



တူခဲ့တာပဲ။ အဲ့ဆိုးဆုံးက ဆက်မော်ခန့်ဆိုတဲ့လူယုတ်မာက ငါ့သမီးကို လက်ထပ်ဖို့ ငြင်းဆန်ခဲ့တာပဲ။ ဟွန်း . . . သူလည်း နိုင်ငံခြားသဘောလိုက်ရင်း သေချင်းဆိုးနဲ့ သေတာပဲလေ။ ဒီဒုက္ခတွေ ခါးစည်းခံရတာက မိဘဖြစ်တဲ့ ငါ"

ဒေါ်မြဆည်းဆာအသံက အက်ကွဲတုန်ယင်နေသလို မျက်ရည်မကျအောင် တမင်ထိန်းထားရတာကြောင့် မျက်နှာတစ်ခုလုံး နီရဲတင်းမာနေ၏။

ဒီရေ ပါးပေါ်မှာ စိုစွတ်စွတ်ဖြစ်လာတာမို့ စမ်းလိုက်တော့ မျက်ရည်ပူတွေကို အထိတ်တလန့်တွေ့ရလေသည်။

သူ ငိုနေတာပါလား။

ငယ်ငယ်ကတည်းက အမေနဲ့ဆာလို့ ငိုကြွေးခြင်းနဲ့ လူ့ဘဝကို စခဲ့ရတဲ့သူအဖို့ အမေမေတ္တာကို ဆာလောင်လွန်းလို့ အမေ့ရင်ငွေ့ကို ငတ်မွတ်လွန်းလို့ အထပ်ထပ်အခါခါ ငိုကြွေးရတာ သိပ်မထူးဆန်းတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စွန့်ပစ်ဖို့ အမေကိုယ်တိုင် သဘောတူခဲ့တာတဲ့။ မဟုတ်သေးဘူး။ ဒေါ်နေညှိုရီက သူ့ကို စွန့်ပစ်စေခဲ့တာ။

အမေမဟုတ်ဘူး။ အမေဆိုရင် သူ့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မွေးမှာပဲ။

"ကဲ . . . အခု မင်းကို ငါမေးမယ်။ မင်းက နေညှိုရဲ့သားအရင်း။ ငါ့ရဲ့မြေးပဲ။ မင်း ဘာလိုချင်လဲ။ မင်းကို ငါ့အသိုင်းအဝိုင်းအလယ်မှာ ဒေါ်နေညှိုရီ့သားပါ၊ မြဆည်းဆာရဲ့မြေးပါဆိုပြီး တရားဝင်ကြေညာပေးတာတစ်ခုလွဲရင် ကျန်တာ ဘာမဆို မင်းဘက်က တောင်းဆိုနိုင်တယ်။ မင်းဘဝမှာ တစ်ခါမှမရဘူးတဲ့ ငွေကြေးပစ္စည်းတွေ တောင်းလို့ရတယ်။ အေး . . . ပြီးရင်တော့ ငါတို့နဲ့ဝေးရာကို ထွက်သွားပေတော့။ လောကမှာ မိဘမေတ္တာတစ်ခုတည်း စားသုံးပြီး လူဖြစ်တာမဟုတ်ဘူး။ အဓိကက ဘာလဲ။ မင်းနားလည်မှာပေါ့။ ရုပ်ရှင်တွေကြည့်ပြီး ရူးကြောင်ကြောင်ကိစ္စတွေတော့ လာမပြောနဲ့နော်"

ဒီရေ တောက်မခေါက်မိအောင် အတန်တန်ထိန်း



ထားရင်း ဒေါ်မြဆည်းဆာမျက်နှာကို ခါးသီးရှုံ့ရှာစွာ စိုက်ကြည့်မိသည်။

"လောကမှာ ဘာအရေးကြီးဆုံးလဲဆိုတာ ဒီအသက်အရွယ်အထိ မသိသေးတာ သနားစရာပဲ။ မေတ္တာမထားတတ်တဲ့လူဆီက မေတ္တာတရားကို တောင်းရင် အရှုံးပဲ။ ငွေမက်တဲ့လူဆီက ငွေတောင်းမိရင်လည်း မိုက်မဲရာကျမှာပဲ။ ဒေါ်နေညှိုရီဟာ ကျွန်တော့်အမေဆိုတာ သိလိုက်ရလို့ ကျွန်တော့်အတွက် ဘာမှပိုထူးမလာပါဘူး။ တာဝန်မကျေတဲ့မိဘတစ်ယောက်ရှိနေတာထက် မိဘမဲ့ဖြစ်နေရတာက ပိုကောင်းပါလိမ့်မယ်"

စကားအဆုံး သူထိုင်ရာမှ ထရပ်လိုက်သည်။

"သား"

ဒေါ်နေညှိုရီ့ခေါ်သံက သူ့နားထဲကို ဆို့နစ်လှိုက်ခါစွာ တိုးဝင်လာသည်။

သူ အံကိုတင်းတင်းကြိတ်ရင်း ထိုအိမ်ကြီးထဲမှ လှည့်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား"

"နေညို"

ဒေါ်နေညိုရီရဲ့ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ဒေါ်မြဆည်းဆာရဲ့ ဟန့်တားသံက ထွက်ပေါ်လာသည်။

"သား . . . ခဏနေပါဦး သားရယ်။ မေမေ့ကို ခွင့်မလွှတ်နိုင်တော့ဘူးလား။ နားလည်မပေးနိုင်တော့ဘူးလား သားရယ် . . . ဟင်။ သား စဉ်းစားပါဦး။ အရွယ်မရောက်သေးတဲ့ ကောင်မလေးတစ်ယောက်ဟာ မိုက်မဲမှားယွင်းမှုတွေကြောင့် ကလေးလေးတစ်ယောက်ကို မွေးခဲ့ရပေမယ့် ခွေးကလေး၊ ကြောင်ကလေးကိုတောင် ချစ်တတ်သေးတာ သားလေးကို မချစ်ဘဲနေမလားကွယ်။ မေမေ သားကို တကယ်ချစ်ခဲ့ပါတယ်။ အမြဲတမ်းလည်း သတိတရရှိခဲ့တာပါ။ ဒီနေ့အထိ မေမေ အိမ်ထောင်မပြုခဲ့ဘူး။ နိုင်ငံခြားထွက်သွားကတည်းက ပြန်လာရင် သားလေးကို ရအောင်ပြန်ခေါ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ပါ။ ဒါပေမဲ့ မေမေ ပြန်လာတော့ သားကို . . ."





"နေညို နင် ငါ့ကိုသတ်နေတာလား"

ဒေါ်မြဆည်းဆာရဲ့ အော်ဟစ်သံက မိုးခြိမ်းသံတမျှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ သူမက ခေါင်းကို ခပ်သွက်သွက်ခါယမ်းရင်း ဒီရေ့လက်တစ်ဖက်ကို တွဲနိုဖက်တွယ်ထားကာ . . .

"မေမေ့ကို သား သတိမရခဲ့ဘူးလားဟင်။ ငါ့အမေ ဘယ်မှာလဲလို့ မတောင့်တခဲ့ဖူးဘူးလား။ မေမေ့ကို အသိအမှတ်ပြုစမ်းပါ ကလေးရယ်။ သားကို မေမေ သိပ်ချစ်ပါတယ်"

ဒီရေမျက်ရည်တွေကြားမှ ဝိုးတဝါးမြင်နေရသည့် သူမမျက်နှာကို ငုံ့ကြည့်လိုက်သည်။

"နေခဲ့ပါဗျာ။ ဂုဏ်တွေ၊ ငွေတွေနဲ့ ပျော်မွေ့နေသားကျပြီးသားပဲ။ ဘာမဟုတ်တဲ့ သားတစ်ယောက်ကြောင့် အသိုင်းအဝိုင်းအလယ်မှာ အရှက်တကွဲအကျိုးနည်း မဖြစ်ချင်စမ်းပါနဲ့။ လောကမှာ ရှူးနေတဲ့လူတောင် သားသမီးကို လက်ကမချတတ်ကြဘူး။ သူများက ပေးပါလားလို့ စနောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် နည်းနည်းမှ သည်းမခံတတ်ကြဘူး။ အန်တီတို့ကတော့ ဂုဏ်ရှူး၊ ငွေရှူး၊ ဥစ္စာရှူးတွေဆိုတော့ သာမန်အရှူးလောက်တောင် မေတ္တာစိတ်မထားနိုင်တော့ဘူးပေါ့"

"အဲလိုမပြောပါနဲ့ သားရယ်။ သားမှာ အပြစ်ဖြစ်နေပါ့မယ်"

"အဲဒါဆိုရင် အန်တီနေခဲ့ပါ။ မိဘစကားကို နားထောင်တဲ့သမီးလိမ္မာအဖြစ် တစ်သက်လုံး နေပေးလိုက်ပါ။ ကျွန်တော် သာမုခေါ်ပါ့မယ်"

ဒီရေ့စကားအဆုံး သူ့မလက်က သူ့လက်မောင်းပေါ်မှ ဖျတ်ခနဲပြေလျော့ကျသွားသည်။

"သား"

သူ့မခေါ်သံက အသံထွက်သည်ဆိုရုံလေး တိုးလျဖျော့တော့လွန်းသည်။ သို့သော် လှိုက်လှဲတုန်ခါနေ၏။ အမေလို့ခေါ်ချင်စိတ်ကို မျိုသိပ်ပြီး သူ တစ်လှမ်းချင်းထွက်လာခဲ့သည်။

မြို့ဝအရောက်မှာ မြို့စောင့်ကြီးဦးအိုက်စံက ကွမ်း





ချိုးတက်နေသော သွားတွေပေါ်အောင် ရယ်ပြရင်း . . .

"ကျုပ် မှတ်မိသွားပြီ မောင်ရင်။ အကျိုးအကြောင်းစုံ မဟုတ်ပေမယ့် နည်းနည်းပါးပါးတော့ ပြောပြနိုင်ပါတယ်။ မလေးနေညို့နဲ့အတူ ပါလာတဲ့ ဆက်မော်ခန့် ဆိုတာ မောင်ရင်နဲ့ သိပ်တူတာ"

ဟု ပြောလိုက်တာမို့ သူ မချိပြုံးပြုံးရင်း ခေါင်းညိတ်ပြလိုက်၏။

"ကျေးဇူးတင်ပါတယ် ဦးလေး။ ကျွန်တော် မသိချင်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၆ )

သူ့စကားအဆုံး စွန်ကလေး မျက်ရည်တွေကျလာတော့သည်။

ဒီရေ့မျက်နှာက တအားငိုထားမှန်း သိသာစွာ နီရဲမို့အစ်နေသည့်တိုင် ချောမွေ့သန့်ပြန့်စွာ ကြည့်ကောင်းဆဲပင်။

"ဒီရေ အရမ်းဝမ်းနည်းနေမယ်ဆိုတာ စွန်ကလေး သိပါတယ်။ ဒီရေ ဝမ်းနည်းသလို စွန်ကလေးလည်း စိတ်



မကောင်းဖြစ်ရတဲ့ အဲဒီပူဆွေးသောကတွေကို မျှဝေခံစားပါရစေ"

သူမစကားအဆုံးမှာတော့ ဒီရေက သူမ ကိုယ်လေးကို တင်းတင်းပွေ့ဖက်ရင်း . . .

"ကိုယ်တို့အမြန်ဆုံး လက်ထပ်ရအောင်"

ဟု တီးတိုးပြောလိုက်လေသည်။

စွန်ကလေး လုံးဝမငြင်းမိပါ။ မျက်ရည်တွေကြားမှ အားယူပြုံးပြရင်း ဒီရေ့မေးဖျားကို လှမ်းနမ်းလိုက်မိ၏။

"စွန်ကလေးတို့နှစ်ယောက်စလုံး ဒဏ်ရာဒဏ်ချက်တွေများပါတယ် ဒီရေရယ်။ တစ်ယောက်ကို တစ်ယောက် နှစ်သိမ့်ဖေးမဖို့ သိပ်ကိုလိုအပ်တာပေါ့။ ဖြစ်ပြီးခဲ့သမျှတွေ မရှိဘူးလို့ မှတ်လိုက်ရမယ်။ ဒါမှ ပိုပြီး သက်သာသွားမယ်။ တို့အဖြစ်ကလည်း ထီပေါက်ပြီး လက်မှတ်ပျောက်ရသလိုပဲ နော်။ အင်း . . . ဘယ်တတ်နိုင်မလဲလေ"

စွန်ကလေး စကားကြောင့် သူ ပြုံးလိုက်မိသည်။

"ဘာလဲ ထီပေါက်ပြီး လက်မှတ်ပျောက်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာက . . .”

“ဒီရေက မိဘတွေကို သိပ်တွေ့ချင်နေတာ မှတ်လား။ တကယ်တမ်း တွေ့ရတော့”

“အဲဒါတွေမပြောပါနဲ့တော့ စွန်ကလေးရယ်။ ကိုယ့်မှာ အမေတစ်ယောက်ရှိတယ်ဆိုတာ ကိုယ့်သိစိတ်ထဲ ကထုတ်ထားတယ်။ ကိုယ် သူ့ကို အမေလို့တောင် တစ်ခွန်းမှ မခေါ်ခဲ့ဘူး”

“ဒီရေ စိတ်ထဲက မခေါ်ချင်ဘူးလားဟင်”

“ကိုယ်ခေါ်ချင်ရင်တောင် ခေါ်ခွင့်မှမရှိတာ”

စွန်ကလေး ငြိမ်သက်စွာစဉ်းစားလိုက်မိသည်။

ဒေါ်နေညိုရီကို စတွေ့တွေ့ချင်း အရမ်းလှပြီး နုပျိုနေတာ သတိထားမိခဲ့သည်။

အသက်လေးဆယ်နီးပါးဆိုတာပင် မယုံနိုင်ခဲ့။

ဒီရေ့ကို တွေ့ပြန်တော့လည်း ချောမောလွန်းလို့ တအံ့တသြငေးမောယူရသည်အထိပင်။

ဒီရေနှင့်ပတ်သက်ပြီး စွန်ကလေးနှင့် ပြဿနာ



ဖြစ်စဉ်က သူမကို သက်သာမကင်းဖြစ်မိသေး၏။

စွန်ကလေးတွေးရင်း စိတ်မကောင်းဖြစ်လာသည်။

သေသေချာချာပြန်တွေးကြည့်မှ မိခင်စိတ်အပြည့်ရှိပြီး ကြင်နာတတ်သော ဒေါ်နေညိုရီကို သနားကရုဏာဖြစ်လာရတော့၏။

“တကယ်လို့ ဒီရေသာ အမေလို့တစ်ခွန်းခေါ်ရင် သူ သိပ်ဝမ်းသာသွားမှာပဲ။ သူမွေးထားတဲ့ကလေးရဲ့ ပထမဆုံး အမေခေါ်သံကို ဘယ်မိခင်မဆို ကြားချင်မှာပဲ။ အဲဒီပီတိက ဘာနဲ့မှမတူဘူးလေ။ စွန်ကလေး အန်တီ့ကို အရမ်းသနားနေမိပြီ။ သေသေချာချာတွေးကြည့်တော့မှ ဒီရေ့ကို သူ ဘယ်လောက်ချစ်မှန်း သိလာရတယ်။ စွန်ကလေးတောင် ဘာမှမသိဘဲ သူ့ကို ပစ်မှားမိသေးတယ်။ သိပ်နောင်တရတာပဲ။ အဲဒါကို အကြွေးတစ်ခုလို သဘောထားပြီး ပြန်ဆပ်ချင်မိတယ်”

“ကိုယ့်ချစ်သူလေးက သိပ်စိတ်ကူးယဉ်တတ်တာပဲနော်”

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးယဉ်တာ မဟုတ်ပါဘူး။ စွန်ကလေးက မိန်းကလေးဆိုတော့ အမေတစ်ယောက်ရဲ့ ခံစားချက်ကို စာနာနားလည်မိလို့ပါ"

"ကဲ . . . ဒီလောက် မိခင်စိတ်ရှိနေတဲ့ ကောင်မလေးကို လက်ထပ်ပြီးတာနဲ့ အဲဒီရာထူး တန်းပေးရမယ်။ ဘယ်လိုလဲ"

"ဒီရေနော် . . . အကောင်းပြောနေတာ။ လာလနောက်နဲ့"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပျော်ရွှင်စွာ ရယ်မောလိုက်မိကြသည်။ စွန်ကလေးမျက်နှာက ရှက်ရွံ့နေသလို နီမြန်းနေတာမို့ ပန်းသီးလေးတစ်လုံးလို ဖြစ်နေ၏။ ထိုပုံစံလေးကိုပဲ ဒီရေ ငေးလို့မဝ၊ ချစ်လို့မဝခဲ့ရတာပင်။

"ကိုယ်တို့ အမြန်ဆုံးလက်ထပ်ရအောင် စွန်ကလေးရယ်"

"ဘယ်တော့လဲဟင်"





"မနက်ဖြန်လောက်ပေါ့"

ရယ်သံတွေညံသွားသည်။ လေညင်းတွေ ပန်းပွင့်တွေပါ လိုက်ရယ်သယောင်ပင်။

သူတို့ရင်ထဲမှာ တကယ်ရော ပျော်ကြပါရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၇ )

သူတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲလေးက သိပ်ခမ်းခမ်းနားနားကြီး မဟုတ်ပေမယ့် သူငယ်ချင်းတွေ စုံစုံလင်လင်နှင့်မို့ ပျော်ရွှင်စရာကောင်းလှသည်။

ဆွေမျိုးညီအစ်ကို မောင်နှမ မရှိသော စွန်ကလေးဘက်မှာတော့ မေနွယ်တို့ မိသားတစ်စုလုံးက မိန်းကလေးဘက် မိဘဆွေမျိုးတွေအဖြစ် နေပေးကြလေ၏။

ဒီရေဘက်မှာလည်း ထို့အတူပင်၊ နေညိုညို အဖေ





နှင့်အမေက အလုပ်တွေ မအားလပ်သည့်ကြားမှ မင်္ဂလာပွဲလေးကို လာရောက်ချီးမြှင့်ပေးကြသည်။ လူကြီးတွေ ပြန်သွားတော့ နေညိုညိုတို့အဖွဲ့တွေ ကောင်းကောင်းကဲနေတော့သည်။ လူအများကြီးမဟုတ်ပေမယ့် နေညိုညိုက အမှတ်တရဟုဆိုကာ ဗီဒီယိုမှတ်တမ်းတင် ရိုက်လေသည်။

"သတို့သမီးက တစ်ချိန်လုံး အပြင်ကို လည်တဆန့်ဆန့်နဲ့ ဘယ်ဈေးသည်မျှော်နေတာတုံး"

နေညိုညိုအော်သံကြောင့် အားလုံး ဝါးခနဲထရယ်ကြသည်။

"သတို့သားကလည်း ဧည့်သည်တစ်ယောက်ယောက်နဲ့ သတို့သမီး ငြိပါသွားမှာစိုးလို့ထင်တယ် လက်ကိုချိတ်ထားလိုက်တာ အံတောင်သေနေပြီ"

ဒီရေ ရှက်ပြုံးပြုံးနေလိုက်မိ၏။ စွန်ကလေးလက်ကို ပွဲစကတည်းက မလွှတ်တမ်းတွဲထားလိုက်တာ တစ်ချက်ကလေးမှတောင် မဖြုတ်မိ။

ဒါပေမဲ့ စွန်ကလေး အပြင်ဘက်ကို မျှော်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ သတိမထားမိချေ။ သူ လှည့်ကြည့်ချိန်တိုင်း စွန်ကလေးက သူ့ကို မော့ကြည့်ပြုံးပြနေတာမို့ တခြားကို ငေးနေသည်ဟု မထင်။

"ဟုတ်လား . . . စွန်ကလေးက ဘယ်ကိုငေးနေတာလဲ"

"ဟို . . . ဘယ်ကိုမှမငေးပါဘူး။ စွန်ကလေး သူငယ်ချင်းတစ်ယောက် မတွေ့လို့ လာသလား မလာဘူးလား လျှောက်ကြည့်မိတာ"

"လာရင် စွန်ကလေးကို နှုတ်ဆက်မှာပေါ့။ ဟိုဒီ လျှောက်မငေးနေပါနဲ့ကွာ။ တော်ကြာ ဗီဒီယိုခွေထဲ ဟိုကြည့် ဒီကြည့်လုပ်နေတာ ပါသွားရင်း ရယ်စရာဖြစ်နေဦးမယ်"

"အဲ့တော့လည်း အမှတ်တရဆိုပြီး ခဏ ခဏ ပြန်ကြည့်ပေါ့။ ရှင်က သူများငိုတာတောင် ကြည့်ပြီးရယ်တဲ့ သူပဲ"

စွန်ကလေးက မျက်စောင်းရွယ်ရင်း ပြန်ပြောတော့ ဒီရေက သဘောကျစွာ ထရယ်တော့၏။





မေနွယ်က စွန်ကလေးကို မျက်မှောင်ကြုတ်လျက်လှမ်းကြည့်ပြီး ဒီရေ ဘာဖြစ်နေတာလဲဆိုတဲ့သဘောနဲ့ မေးဆတ်ပြလေသည်။

စွန်ကလေးက နှာခေါင်းပြန်ရှုံ့ပြလိုက်၏။

"ဩော် . . . တော်တော်ကွာခြွေရတဲ့စုံတွဲပါလား"

စွန်ကလေး သူငယ်ချင်းတစ်ယောက်က ခပ်တိုးတိုး မှတ်ချက်ချသည်။

နေညီညီကလည်း Camera ရဲ့ချောင်းကြည့်ပေါက်ကနေ မလွတ်တမ်းလှမ်းကြည့်နေပြီး သူတို့နှစ်ယောက်ရဲ့ တလှုပ်တချော်အမူအရာတွေကို စိတ်ကြိုက်ရိုက်ယူနေတော့၏။

ဥပမာ - တစ်ယောက်က အခုမှဝင်လာသော အသိကို သွားနှုတ်ဆက်ဖို့ ခြေလှမ်းပြင်နေစဉ်မှာပဲ တစ်ယောက်က ဝိုင်းမှာထိုင်နေသောအသိကို လှမ်းပြီးစကားပြောနေတာမျိုးဆိုလျှင် နှစ်ယောက်သား ကို့ရို့ကားယားတွေ ဖြစ်ကုန်သည်။ ထိုပုံစံမျိုးဆို နေညီညီက လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



အလွတ်မပေးတတ်ချေ။

ဒီရေကတော့ တစ်ချိန်လုံးရယ်နေတာချည်းပင်။

"စွန်ကလေး . . . ဒါ ကိုယ့်သူငယ်ချင်းလေ ကိုမျိုးတဲ့။ အရင်က ကိုယ်ပြောဖူးတယ်ထင်တယ်"

"စွန်ကလေး သိပါတယ်။ ဓာတ်ရှိမှာတုန်းက အတူတူပဲ မှတ်လား။ အခုရော အဲဒီမှာပဲလား"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော် ဒီရေနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲထွက်လိုက်တာ"

"ဪ"

သူတို့နှစ်ယောက်လုံး ညှို့သည်တွေနှင့် စကားလက်ဆုံကျနေစဉ်မှာပင် ညှို့ခံပွဲအတွင်းသို့ သူမ ဝင်လာခဲ့ခြင်း ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီရေရော စွန်ကလေးပါ လှည့်အကြည့်နှင့်ဆုံသွားရတာမို့ ဒေါ်နေညိုရဲ့ခြေလှမ်းတွေက တုံ့ခနဲဖြစ်သွား၏။

စွန်ကလေးမျက်နှာက ရုတ်တရက် ဝမ်းသာသွား





သလိုဖြစ်သွားတာမို့ ဒီရေက လက်ကို တင်းတင်းဆွဲထားလေသည်။

"အန်တီ"

"ဘယ်လိုဖြစ်နေတာလဲ စွန်ကလေး။ သူ့ကို ကိုယ်မှ မဖိတ်ထားတာ"

သူ့မျက်နှာထားကြောင့် ဒေါ်နေညိုရဲ့မျက်နှာက ပိုမို့နွမ်းလျသွား၏။

"မဖိတ်ဘဲ လာမိတဲ့အတွက် တောင်းပန်ပါတယ် သားရယ်။ သားကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိတဲ့အတွက် စိတ်မကောင်းပါဘူး"

"မဟုတ်တာ အန်တီရယ်။ အန်တီ့ကို စွန်ကလေး ဖိတ်တယ်လေ။ ဒီပွဲက အန်တီ မဖြစ်မနေလာရမယ့်ပွဲပါ"

"စွန်ကလေး"

ဒီရေက စွန်ကလေးကို ဝင်ဟန့်သည်။ သူမမျက်နှာက ဝမ်းနည်းအားငယ်စွာ ညှိုးနွမ်းမှိန်ဖျော့နေ၏။

"မေမေသားကို လက်ဖွဲ့စရာလေး ရှိလို့လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ သားရယ်"

"ကျွန်တော် ဘာမှမလိုချင်ဘူး။ ကျွန်တော်လိုချင်တာလည်း အန်တီပေးနိုင်တာမှ မဟုတ်ဘဲ"

သူမက သက်ပြင်းတစ်ချက်ရှိုက်ရင်း ဒီရေ့မျက်နှာကို စိုက်ကြည့်လေသည်။ ထိုအကြည့်တွေထဲမှာ အမျိုးအမည်မကွဲပြားသော အရိပ်အယောင်တို့ ပြည့်လျှမ်းနေတာမို့ စွန်ကလေးကြားထဲက ရင်တထိတ်ထိတ်နှင့် ငေးကြည့်နေမိ၏။

"သားလိုချင်တာကို မေမေ ပေးမယ်ဆိုရင်ရော"

ဒီရေ့မျက်ဝန်းတွေက မျှော်လင့်ခြင်းမဲ့စွာ အေးစက်မှုန်မှိုင်းနေသည်။

"မဖြစ်နိုင်တာတွေ မပြောပါနဲ့တော့ဗျာ။ ကျွန်တော်လိုချင်တဲ့မိဘမေတ္တာဆိုတာ တကယ်တမ်းတော့ ရေတွင်းထဲက လပါပဲ။ ဒီဘဝအတွက် မဖြစ်နိုင်မှန်းသိလိုက်ပါပြီ"

"မဟုတ်သေးပါဘူး သားရယ်။ မေမေ ပြောတာဆုံးအောင် နားထောင်ပါဦး။ ဒီနေ့ ဒီအချိန်မှာ သားအတွက်





အလိုအပ်ဆုံးက ဘာလဲဆိုတာ မေမေနားလည်ပါတယ်။ သားဆီက အမေဆိုတဲ့ခေါ်သံတစ်ခွန်းနဲ့ မေမေ့မှာ ရှိသမျှစည်းစိမ်တွေပုံထပ်ပြီး လဲရဲပါတယ်။ မေမေ ဒီနေ့ သားဆီမှာ အပြီးအပိုင်နေဖို့ ထွက်ခဲ့တာပါ။ ဘဝမှာ မရှိမဖြစ်အရာက ဘာလဲလို့ မေမေ သိသွားပါပြီ။ မေမေ့ကို မနှင်ပါနဲ့နော်"

စွန်ကလေး မျက်ရည်တွေပင် အိစနဲဝိုင်းတက်လာသည်။ မဂ်လာယူနေသောအချိန်မှာ မငိုမိအောင် မျက်ရည်စတွေကို မျက်တောင်နှင့် ပုတ်ခတ်သိမ်းဆည်းပေမယ့် ရုတ်တရက် ဖြစ်ပေါ်လာတဲ့ ဝမ်းသာဝမ်းနည်းပီတိကြောင့် စွန်ကလေးရော ဒီရေပါ မျက်ရည်လည်မိနေပါပြီ။

"ခေါ်လိုက်ပါ ဒီရေရယ်။ အန်တီ့ကို စွန်ကလေး သနားလို့ပါ"

ဒီရေက မလှုပ်မယှက်ရပ်ရင်း ဒေါ်နေညှိရှိ့မျက်နှာကို ငေးနေသည်။

"ဒီရေ . . . ဓာတ်ပုံရိုက်ရအောင်"

နေညီညီက လှမ်းအော်လိုက်တာမို့ စွန်ကလေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လည်း အရိပ်အကဲသိသိပင် . . .

"လာ . . . မေမေပါ တစ်ခါတည်း ဝင်ရိုက်နော်"

ဟုဆိုလိုက်လေသည်။ စွန်ကလေးခေါ်သံကြောင့် ဒီရေက တအံ့တသြဖြစ်စွာ ငုံ့ကြည့်၏။

"ဒီရေ . . . ခေါ်လိုက်လေ မေမေ့ကို"

"မေမေ့ကို"

သူ သံယောင်လိုက်ပြီး ရေရွတ်မိ၏။

မေမေတဲ့လား။ သူ့ခေါ်သံက နှုတ်ကထွက်မလာပေမယ့် ရင်ထဲမှာ ပဲ့တင်ထပ်နေသည်။

မျှော်လင့်ခြင်းကြောင့် လင်းလက်တောက်ပနေသည့် သူ့မျက်လုံးတွေက ညနေကြယ်တွေလို။

သူ့နှုတ်ခမ်းတွေက အလိုလိုပွင့်ဟသွားကြသည်။

"မေမေ"

"သား"

ဒီရေနှင့် ဒေါ်နေညိုရီတို့ တင်းကျပ်စွာပွေ့ဖက်မိသွားသည်။

ရွှေပေသော



တစ်ယောက်ရဲ့မျက်ရည်က တစ်ယောက်ပခုံးဆီ နစ်ဝင်စွတ်စိုသွား၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ပီတိဖြစ်ရသူက စွန်ကလေး။ အံ့သြမှင်တက်စွာ ကြည့်နေသည့် နေညီညီ့ထံ ပြေးသွားလိုက်ရင်း . . .

"ကိုနေညီညီ ဘာလုပ်နေတာလဲ။ ရိုက်တော့လေ"

ဟု သတိပေးလိုက်မှ နေညီညီက ကယောင်ကတမ်း ခေါင်းညိတ်၏။

"ဟဲ့ . . . သတို့သမီးက ဒီမှာဘာလုပ်နေတာလဲ။ ဟိုကိုသွားလေ"

"အယ် . . . ဟုတ်သားပဲ"

ဘေးကဝိုင်းအော်မှ စွန်ကလေး သတိဝင်လာပြီး ဒီရေတို့သားအမိနှစ်ယောက်ဆီ ပြေးသွားလိုက်၏။ ဒေါ်နေညိုရီက သူ့မလက်ကို ဆွဲယူလိုက်ကာ . . .

"လာ . . . သမီး"

ဟုဆိုလိုက်တော့ ဒီရေက သူ့မကို တအံ့တသြ

ရွှေပေသော

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း . . .

"စွန်ကလေး ဘယ်လျှောက်သွားနေတာလဲ"

"ဒီရေတို့သားအမိကို ဓာတ်ပုံရိုက်ပေးဖို့ သွားပြောတာ"

"ဒီသတို့သမီးက ဘာလို့အဲလောက် ရုပ်ပြာပြာဖြစ်နေတာလဲ။ ငိုနေတဲ့ပုံကို ရိုက်စရာလား"

"ဘာဖြစ်လဲ။ အမှတ်တရပေါ့။ ဒါ ဝမ်းသာလို့ ကျတဲ့ မျက်ရည်ပဲဟာ။ နော် . . . မေမေရယ်"

စွန်ကလေးစကားကြောင့် ဒီရေရော သူမပါ ရယ်မောလိုက်မိကြသည်။ ဒီရေက လေသံခပ်တိုးတိုးနှင့်ချစ်စနိုးဆူပူ၏။

"တော်တော်ရှုပ်တဲ့ကောင်မလေး"

"အံ့မယ် . . . ရှုပ်တာမဟုတ်ဘူးနော်။ စွန်ကလေးက မရှိမဖြစ်စွန်ကလေး သိရဲ့လား"

"ကဲ . . . စကားနိုင်လုမနေနဲ့တော့။ ရန်ဖြစ်နေတာတွေပါအလွတ်မပေးဘဲ နေညီညီက လက်စွမ်းပြနေပြီ"



"သူက တစ်မျိုး"

စွန်ကလေးက မျက်မှောင်ကြုတ် နှုတ်ခမ်းလေးထော်ပြီး မှုန်ကုပ်ကုပ်လှမ်းကြည့်တော့ နေညီညီက . . .

"ဒီပုံ အလှဆုံးပဲဟော့"

ဟုအော်ကာ ထိုပုံကိုပင် မိမိရရရိုက်ယူလိုက်လေတော့၏။

ကြည်နုခေတ်

www.burmeseclassic.com